မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၂)
အမှတ် (၁၅၂)

Established in 1914

Myanma Alinn Daily

၁၃၇၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၄ ရက်

၂၀၁၃ ခုနှစ်၊ မတ် ၁ ရက်၊ သောကြာနေ့။

ဒို့တာဝန်အရေး(၃)ပါး

- ❒ ပြည်ထောင်စု မပြိုကွဲရေး။
- ❒ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး။
- ❒ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

KIO/KIA နှင့် ပြည်ထောင်စုအစိုးရတို့အကြား ယုံကြည်မှုနှင့်နားလည်မှု ပိုမိုတိုးတက်ရရှိလာ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှု အောင်မြင်စွာဖော်ဆောင်နိုင်မည်လို့ အခိုင်အမာယုံကြည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းရှိ မိဘပြည်သူများသို့ နိုင်ငံတော်သမ္မတဦးသိန်းစိန် ရေဒီယိုအစီအစဉ်များမှတစ်ဆင့် ပြောကြားသည့်မိန့်ခွန်း-

(၁-၃-၂၀၁၃)

မိဘပြည်သူများခင်ဗျား

ကျွန်တော့်အနေနဲ့ ကျွန်တော်တို့အစိုးရအဖွဲ့ရဲ့ မူဝါဒများနဲ့ လုပ်ဆောင်ချက်များကို အခါအခွင့်သင့်တိုင်း မိဘပြည်သူများထံ ရေဒီယိုမှတစ်ဆင့် ဆက်သွယ်ပြောကြားနေကျဖြစ်တဲ့အတိုင်း ယခုတစ်ကြိမ်မှာလည်း ကျွန်တော်တို့ နိုင်ငံရဲ့လက်ရှိအခြေအနေများကို မိဘပြည်သူများထံ အသိပေးပြောကြားရခြင်း ဖြစ်ပါတယ်။

ယခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့က ကျင်းပပြုလုပ်ခဲ့တဲ့ ပြည်ထောင်စုနေ့အခမ်းအနား ညစာစားပွဲရဲ့ ထူးခြားချက်များကို ရှေးဦးစွာပြောကြားလိုပါတယ်။ လွန်ခဲ့တဲ့ (၆၆)နှစ်၊ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့မှာ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ တိုင်းရင်းသားခေါင်းဆောင်များဟာ ပထဝီအနေအထားအရ ရော ယဉ်ကျေးမှုအရပါ ကြွယ်ဝစုံလင်လှတဲ့ ပြည်ထောင်စုကြီးတစ်ရပ် ကမ္ဘာ့အလယ်မှာ ဂုဏ်သိက္ခာရှိရှိရပ်တည်နိုင်ဖို့ လွတ်လပ်ရေးကြိုးပမ်းမှုမှာ အခက်အခဲ အဟန့်အတားပေါင်းစုံရှိနေတဲ့ကြားထဲကနေ ပင်လုံစာချုပ်ကို ချုပ်ဆိုနိုင်ခဲ့တာ ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ယခုနှစ် ပြည်ထောင်စုနေ့အခမ်းအနားဟာ ထူးခြားမှုတွေရှိတယ်လို့ ပြောဆိုရခြင်းကတော့ ဒီအခမ်းအနားမှာ ငြိမ်းချမ်းရေးရဲ့ ရောင်ခြည်သန်းလာမှုနဲ့အတူ

စာမျက်နှာ ၅ ကော်လံ ၁ ✳

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နော်ဝေနိုင်ငံဘုရင် His Majesty King Harald အား တွေ့ဆုံနှုတ်ဆက် ထာဝရတည်တံ့မည့် ငြိမ်းချမ်းရေးရရှိရန်အတွက် ဖော်ဆောင်ရမည့်လုပ်ငန်းစဉ်များ ရင်းနှီးပွင့်လင်းစွာဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၂၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဖေဖော်ဝါရီ ၂၇ရက် နံနက် ၉ နာရီတွင် နော်ဝေနိုင်ငံ အော်စလိုမြို့ရှိ ခေတ္တတည်းခိုသည့် Hotel Continental ၌ နော်ဝေနိုင်ငံမှ သံအမတ်ကြီးများနှင့် အတူတကွ နံနက်စာသုံးဆောင်ရင်း ငြိမ်းချမ်းရေးလမ်းစဉ်ဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးစိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝဏ္ဏ မောင်လွင်နှင့် ဦးစိုးသိန်း၊ ဒုတိယဝန်ကြီး ဦးသန့်ကျော်နှင့် သံအမတ်ကြီး ဦးကျော်မျိုးထွဋ်တို့ တက်ရောက်ကြပြီး နော်ဝေနိုင်ငံဘက်မှ မြန်မာနိုင်ငံဆိုင်ရာ နော်ဝေသံအမတ်ကြီး Ms.Katja Nordgaard၊ သံအမတ်ကြီး Ms. Mona Juul ၊ သံအမတ်ကြီး Mr. Kai Eide နှင့် ဗိုလ်ချုပ်ကြီး Wlhelmsen တို့ တက်ရောက်ခဲ့ကြသည်။

တွေ့ဆုံရာ၌ မြန်မာနိုင်ငံတွင် ထာဝရတည်တံ့မည့် ငြိမ်းချမ်းရေးရရှိရန်အတွက် ဖော်ဆောင်ရမည့် လုပ်ငန်းစဉ်များ၊ တွေ့ကြုံနေရသည့် စိန်ခေါ်မှုများနှင့် နော်ဝေနိုင်ငံဘက်မှ ပါဝင်ကူညီပေးနိုင်မှု အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် Norway Public Broadcasting Co. မှ နိုင်ငံခြားရေးရာ သတင်းထောက် Mr. Philip Lote အား လက်ခံတွေ့ဆုံပြီး မေးခွန်းများကို ပြန်လည်ဖြေကြားခဲ့သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် မွန်းလွဲ ၁၂ နာရီ ၂၅ မိနစ်တွင် နော်ဝေ ပါလီမန်သို့ ရောက်ရှိပြီး ပါလီမန်ဒုတိယဥက္ကဋ္ဌ Mr. Per Kristian Foss နှင့် တွေ့ဆုံဆွေးနွေးသည်။

ထိုသို့တွေ့ဆုံရာတွင် နော်ဝေပါလီမန် ဒုတိယဥက္ကဋ္ဌက မြန်မာနိုင်ငံ၏ တိုးတက်ပြောင်းလဲလာမှု များအပေါ် နော်ဝေနိုင်ငံရှိ အာဏာရပါတီများနှင့် အတိုက်အခံပါတီများအားလုံးတို့က တညီတညွတ်တည်း ထောက်ခံအားပေးနေပါကြောင်းဖြင့်ပြောကြားခဲ့ပြီး ပါလီမန်၏ ရပ်တည်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။

စာမျက်နှာ ၃ ကော်လံ ၁ ❁

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နော်ဝေဘုရင် His Majesty King Harald အား တွေ့ဆုံစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

အားလုံးကျန်းမာကြံ့ခိုင်ရေး

လူတိုင်းသည် ကျန်းမာရေးအတွက် သန့်ရှင်းပြီး အာဟာရပြည့်ဝသော အစားအစာများကို စားသုံးသင့်ပေသည်။ မိသားစုကြီးပွားတိုးတက်ရန် လုပ်ကိုင်ကြရာတွင် မိသားစုအားလုံး ကျန်းမာရေးနှင့်ညီညွတ်သော မိသားစုဖြစ်မှသာ သာယာချမ်းမြေ့ပြီး ပျော်ရွှင်သောမိသားစုဘဝကိုရရှိမည်ဖြစ်သကဲ့သို့ နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်အတွက် ပြည်သူလူထုရောဂါဘယကင်းဝေးပြီး ကျန်းမာကြံ့ခိုင်နေကြပါမှ နိုင်ငံအတွက် လိုအပ်သော စွမ်းအားများကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။

ရင်သွေးငယ်များ အသက်ရှင်ရပ်တည်နိုင်ရန်နှင့် အာဟာရပြည့်ဝရန် မိခင်နို့ရည်ကို တိုက်ကျွေးရပါသည်။ အသက်အရွယ်အလိုက် အာဟာရပြည့်ဝရန် စားသုံးရာတွင် အစားအစာတစ်မျိုးတည်းကိုသာ စားသုံး၍မရဘဲ မျှတစွာ စားသုံးရန်လိုအပ်သည်။ အင်အားဖြစ်စေသော အစားအစာ၊ ခန္ဓာကိုယ်ကြီးထွားစေသော အစားအစာ၊ ရောဂါကာကွယ်စေသောအစားအစာတို့ကို မျှတစွာစားသုံးရသည်။ ယင်းသို့ စားသုံးသောအစားအစာထဲတွင် အသက်အရွယ်မရွေး မှီဝဲသင့်သောအစားအစာတစ်မျိုးသည် နွားနို့ဖြစ်သည်။ နွားနို့သည် လူတိုင်းသောက်သုံးသင့်သည့် အာဟာရတစ်မျိုးဖြစ်သည်။

နွားနို့သည် ဗီတာမင်နှင့် သတ္တုဓာတ်များအပါအဝင် အာဟာရဓာတ်များ ပြည့်စုံစွာပါဝင်သည်။ နွားနို့သောက်သုံးခြင်းဖြင့် လူတိုင်းကျန်းမာကြံ့ခိုင်ရေးအတွက် အထောက်အကူဖြစ်စေသည်။ လူထုကျန်းမာရေးစောင့်ရှောက်မှုတွင် ကျောင်းကျန်းမာရေးလုပ်ငန်းသည်လည်း တစ်ခုအပါအဝင်ဖြစ်ရာ ကလေးငယ်များ အာဟာရပြည့်ဝရန်နှင့် ဉာဏ်ရည်ဖွံ့ဖြိုးရန် မူလတန်းကျောင်းသားကျောင်းသူလေးများအား နွားနို့တိုက်ကျွေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။ မျိုးဆက်သစ်လေးများ ကျန်းမာကြံ့ခိုင်ပါမှ အနာဂတ်နိုင်ငံတော်အတွက် အားထားရသော သားကောင်းရတနာလေးများ ပေါ်ထွန်းလာမည်ဖြစ်သည်။

နွားနို့သောက်ခြင်းနှင့်စပ်လျဉ်း၍ ၁၉၆၄ ခုနှစ်မှစပြီး ဂျပန်နိုင်ငံရှိ အခြေခံကျောင်းများ၌ နို့တိုက်ကျွေးရေးကို စီမံဆောင်ရွက်ခဲ့သည့်အတွက် မျိုးဆက်တစ်ဆက်အတွင်းမှာပင် အရပ်အမောင်း လေးလက်မခွဲပိုရှည်လာခဲ့၍ ဉာဏ်ရည် ဉာဏ်သွေးမြင့်တက်လာပြီး ပညာစက်မှုနိုင်ငံအဖြစ်သို့ ရောက်ရှိလာကာ ချမ်းသာကြွယ်ဝသည့်နိုင်ငံဖြစ်လာခြင်းသည် နို့သောက်ခြင်း၏ အကျိုးကျေးဇူးကြောင့်ဖြစ်ကြောင်း သိရှိရသည်။ သို့ဖြစ်၍ မူလတန်းကျောင်းသား ကျောင်းသူများ၊ မျိုးဆက်သစ်လူငယ်လေးများ ကျန်းမာကြံ့ခိုင်ပြီး ဉာဏ်ရည်မြင့်မားသည့် လူတော်လူကောင်းဖြစ်ရန် နို့သောက်သည့်အလေ့အထရှိသင့်ပေသည်။

နို့သောက်ခြင်း၏အကျိုးကျေးဇူးသည် ကျန်းမာရေးအတွက်သာမက တစ်ဖက်တွင်လည်း စီးပွားရေးကို အကျိုးပြုစေခဲ့သည်။ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများအတွက် အထူးသဖြင့် နို့စားနွားမွေးမြူသူများအတွက် မွေးမြူရေးလုပ်ငန်းများ တိုးတက်မြင့်မားလာရသည်။ နို့စားနွားမွေးမြူမှုကြောင့် နို့ထွက်ပစ္စည်းများ ထုတ်လုပ်မှုတိုးမြင့်လာခြင်းအားဖြင့် ဝင်ငွေများတိုးတက်မြင့်မားလာနိုင်ပေသည်။ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုကဏ္ဍသည် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအခန်းကဏ္ဍမှ ပါဝင်လာခဲ့ရပေသည်။

ချမ်းသာကြွယ်ဝသည့်နိုင်ငံဖြစ်လာရေးအတွက် ပြည်သူများ ဉာဏ်ရည်မြင့်မားပြီး ပညာတတ်များ အမြောက်အမြား ပေါ်ထွက်လာရေးအတွက် ကျန်းမာကြံ့ခိုင်သော ပြည်သူများဖြစ်ရန် အသက်အရွယ်မရွေး နွားနို့သောက်သုံးသင့်ကြပါကြောင်း။ ။

ပြည်တွင်းသတင်း

ပန်းတောင်းမြို့နယ်ရှိ စက်မှုသင်တန်းကျောင်း(ဆင်တဲ)မှ စက်မှုကျွမ်းကျင်သူများမွေးထုတ်

နေပြည်တော် ဖေဖော်ဝါရီ ၂၈

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် ဆင်တဲရွာအနီးရှိ စက်မှုသင်တန်းကျောင်း(ဆင်တဲ)သို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်သည် ဖေဖော်ဝါရီ ၁၇ ရက် ညနေပိုင်းက သွားရောက်၍ ကျောင်းအုပ်ကြီးနှင့် သင်တန်းသားများအား တွေ့ဆုံပြီး စက်မှုပုံဆွဲခန်း၊ Electrical Fitter Shop, Electrical Machine Maker Shop, Motor Vehicle Shop, Pattern Maker Shop, Machinery Fitter Shop, Machine Tool Operator Shop တို့၌ သင်တန်းသားများ စာတွေ့လက်တွေ့သင်ယူနေမှုတို့ကို ကြည့်ရှုအားပေးသည်။ **(ယာပုံ)**

ဆက်လက်၍ ရုံးခန်းများ၊ အိပ်ဆောင်များ၊ စားရိပ်သာနှင့် ကျောင်းဝင်းအတွင်း စိမ်းလန်းစိုပြည်သာယာရေးဆောင်ရွက်ထားမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

စက်မှုသင်တန်းကျောင်း(ဆင်တဲ)မှ တိုင်းပြည်အတွက် အရည်အချင်းပြည့်ဝသော ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးပြီး ကဏ္ဍအလိုက် သက်ဆိုင်ရာလုပ်ငန်းခွင်များတွင် တာဝန်ထမ်းဆောင်နိုင်ရန်နှင့် ပြည်တွင်းကျွမ်းကျင်လုပ်သားလိုအပ်ချက်ကို ဖြည့်ဆည်းပေးရန် ရည်ရွယ်ချက်များဖြင့် ၁၉၇၇ ခုနှစ်တွင် ဂျာမန်စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အေဂျင်စီ (GIZ)၏ ကူညီမှုဖြင့် စတင်တည်ထောင်ခဲ့ပြီး ယခုအချိန်ထိ သင်တန်းသား ၃၂၉၂ ဦးကို လေ့ကျင့်သင်ကြားပေးနိုင်ခဲ့ကာ အလုပ်အကိုင်များစွာကို ဖန်တီးပေးနိုင်ခဲ့ပြီးဖြစ်ကြောင်းနှင့် စက်မှုသင်တန်းကျောင်း (ဆင်တဲ) အနေဖြင့် ဘာသာရပ်ရှစ်မျိုးကို တစ်နှစ်လျှင် သင်တန်းသား ၂၀၀ အထိ လက်ခံသင်ကြားပေးလျက်ရှိကြောင်း သိရသည်။

စက်မှုဝန်ကြီးဌာန အနေဖြင့် တရုတ်နည်းပညာဖြင့် စက်မှုသင်တန်းကျောင်း(မန္တလေး)၊ အိန္ဒိယ နည်းပညာဖြင့် စက်မှုသင်တန်းကျောင်း (ပခုက္ကူ)၊ ကိုရီးယားနည်းပညာဖြင့် စက်မှုသင်တန်းကျောင်း(သာဂရ)နှင့် မော်တော်ယာဉ် စက်မှုအတတ်သင်ကျောင်း (မကွေး)၊ ဂျာမနီနည်းပညာဖြင့် စက်မှုသင်တန်းကျောင်း(ဆင်တဲ)တို့ကို တည်ထောင်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး နိုင်ငံတော်၏ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုသည့် စက်မှုကျွမ်းကျင်သူ အမြောက်အမြားကို စနစ်တကျလေ့ကျင့်မွေးထုတ်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မီးပွိုင့်များမရှိသောကြောင့် ယာဉ်ပိတ်ဆို့မှု ဖြစ်ပေါ်လျက်ရှိ ယာဉ်များစည်းကမ်းမဲ့မောင်းနှင်မှုကြောင့် ပြည်သူအများ အန္တရာယ်နှင့်ကြုံတွေ့

ထင်သာမြင်သာ ပြုပြင်စရာ

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ဗညားဒလလမ်းမကြီးနှင့် ဖိုးစိန်လမ်းဆုံ (သျှင်ပါကူဆေးရုံရှေ့)တွင် နေ့စဉ်နှင့်အမျှ ယာဉ်သွားလာမှုများပြားပြီး ကားပိတ်ဆို့မှုများ ဖြစ်ပေါ်လျက်ရှိသည်။

အဆိုပါနေရာတွင် မီးပွိုင့်များ တပ်ဆင်ထားမှုမရှိခြင်း၊ ကားများသည်လည်း စည်းကမ်းမဲ့စွာ အရှိန်မလျှော့ဘဲ ဖြတ်သန်းမောင်းနှင်ခြင်းတို့ကြောင့် လမ်းဖြတ်ကူးသည့် ခရီးသွားလာသူ အများပြည်သူတို့သည် နေ့စဉ်ဘေးအန္တရာယ်နှင့် ကြုံတွေ့နေကြရသည်။ တက္ကစီနှင့် အခြားယာဉ်များသည်လည်း သျှင်ပါကူဆေးခန်းရှေ့နှင့် လမ်းပေါ်တွင် စည်းကမ်းမဲ့စွာ ရပ်တန့်ခြင်းများပြုလုပ်နေကြသည်။

အဆိုပါနေရာသည် ဗညားဒလလမ်းမကြီး၊ ဖိုးစိန်လမ်းနှင့် ဗျိုင်းရေအိုးစင်လမ်းတို့ ပေါင်းဆုံရာနေရာဖြစ်၍ ဆေးရုံသို့လာသည့်တက္ကစီနှင့် အခြားယာဉ်များ စည်းကမ်းတကျ ရပ်တန့်မှသာလျှင် ကားပိတ်ဆို့မှုပြဿနာများ၊ လမ်းဖြတ်ကူးရာတွင် အန္တရာယ်ရှိသည့် ခရီးသွားလာသူ အများပြည်သူတို့၏ ယာဉ်အန္တရာယ်ဘေးဒုက္ခများ၊ ယာဉ်တိုက်မှုပြဿနာများ လျော့နည်းပပျောက်သွားမည်ဖြစ်ကြောင်း ရေးသားအပ်ပါသည်။

စစ်ထွန်းရီ(မြန်မာ့အလင်း)

စမ်းချောင်းမြို့နယ် စည်ပင်လုပ်ငန်းအသုံးပြုရန် ဝင်ငွေခွန် ငါးရာခိုင်နှုန်းလွှဲပြောင်းပေးအပ်

ရန်ကုန် ဖေဖော်ဝါရီ ၂၈

ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၏ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် ဒုတိယ သုံးလပတ်အတွက် ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၃၉ အရ ပုဂ္ဂိုလ်တစ်ဦးချင်းထံမှ ကျပ်ငွေဖြင့် ကောက်ခံရရှိငွေများ၏ ငါးရာခိုင်နှုန်းဖြစ်သည့် ၂၄၈၂၃၄၅၂ ဒသမ ၈၂ ကျပ်ကို မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးသန့်ဇော်လင်းက မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်ဦးထံသို့ ဖေဖော်ဝါရီ ၂၆ ရက်တွင် စနစ်တကျ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

(ပြည်တွင်းအခွန်)

ပြည်တွင်းသတင်း

❀ **ရှေ့ဖုံးမှ**

ထို့အတူ နိုင်ငံတော်သမ္မတကလည်း ဒီမိုကရေစီစနစ်သို့ ပြောင်းလဲဖော်ဆောင်နေသည့် မြန်မာနိုင်ငံအပေါ် ဒီမိုကရေစီစနစ် ရင့်ကျက်ရှင်သန်နေသည့် နော်ဝေနိုင်ငံ၏ အားပေးထောက်ခံကူညီနေမှုအပေါ် များစွာ ကျေးဇူးတင်ရှိပါကြောင်း ပြန်လည်ပြောကြားခဲ့ပြီး မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ်ဖော်ဆောင်ရာ၌ ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်နှင့် တရားစီရင်ရေးမဏ္ဍိုင်ဟူသည့် မဏ္ဍိုင်ကြီးသုံးရပ်ဖြင့် ဆောင်ရွက်နေမှုနှင့် နိုင်ငံတော်၏ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် နော်ဝေပါလီမန်မှ နိုင်ငံတကာရေးရာနှင့် ကာကွယ်ရေးရာ အမြဲတမ်းကော်မတီဥက္ကဋ္ဌ Ms.Ine Marie Eriksen Soreide နှင့် ကော်မတီဝင်များနှင့် တွေ့ဆုံဆွေးနွေးသည်။

ပြောကြား

ဆွေးနွေးရာ၌ ကော်မတီဥက္ကဋ္ဌက နော်ဝေပါလီမန် အဖွဲ့ဝင်များအနေဖြင့် မြန်မာနိုင်ငံတွင် ဆောင်ရွက်နေသည့် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များ၊ စီးပွားရေးပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များကို စိတ်ဝင်တစားဖြင့် စောင့်ကြည့်ခဲ့ကြပါကြောင်း၊ မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသည့် ပြောင်းလဲတိုးတက်မှုများကိုလည်း ကြိုဆိုပါကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတော်သမ္မတ၏ ဆက်လက်ဆောင်ရွက်မည့် အနာဂတ်ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များနှင့် တွေ့ကြုံနိုင်ဖွယ်ရှိသည့် စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန် ဆောင်ရွက်မည့်အခြေအနေများကို သိရှိလိုပါကြောင်းဖြင့် ပြောကြားသည်။

ရှင်းလင်းပြောကြား

ထို့နောက် နိုင်ငံတော်သမ္မတက မြန်မာနိုင်ငံတွင် ပြည်သူများ၏ဆန္ဒနှင့်အညီ နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးမှုကို အကောင်အထည်ဖော်နိုင်ရေးအတွက် အားလုံးပါဝင်နိုင်မည့် နိုင်ငံရေးလုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုအခြေအနေ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အားလုံးနှင့် အပစ်အခတ်ရပ်စဲရေး တည်ဆောက်ပြီးနောက် ထာဝစဉ် တည်တံ့မည့် ငြိမ်းချမ်းရေးဖော်ဆောင်နိုင်ရန်အတွက် နိုင်ငံရေးအရ ဆက်လက်ဆွေးနွေးမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကော်မတီဝင်များက မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကိစ္စရပ်များ၊ တိုင်းရင်းသားလူနည်းစုများနှင့် သယံဇာတများ ခွဲဝေအသုံးပြုရေးဆိုင်ရာကိစ္စရပ်များ၊ ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်မည့်အခြေအနေများကိုမေးမြန်းကြရာ နိုင်ငံတော်သမ္မတက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ဘုရင့်နန်းတော်သို့ သွားရောက်ပြီး နော်ဝေနိုင်ငံဘုရင် His Majesty King Harald အား တွေ့ဆုံနှုတ်ဆက်သည်။

ယင်းနောက် နော်ဝေနိုင်ငံဘုရင်က နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များအား ဘုရင့်နန်းတော်၌ ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

နိုင်ငံတော်သမ္မတသည် ညနေပိုင်းတွင် အော်စလိုမြို့ရှိ House of Literature သို့ သွားရောက်ပြီး နော်ဝေနိုင်ငံတွင် အခြေချနေထိုင်ကြသည့် မြန်မာတိုင်းရင်းသားမိသားစုများနှင့် တွေ့ဆုံသည်။

တွေ့ဆုံရာ၌ နိုင်ငံတော်သမ္မတက မြန်မာနိုင်ငံတွင် ဆောင်ရွက်နေသည့် နိုင်ငံရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး အမှာစကားပြောကြားရာ၌ မြန်မာတိုင်းရင်းသားများအနေဖြင့် မည်သည့်နိုင်ငံတွင် နေထိုင်သည်ဖြစ်စေ မိမိတို့နိုင်ငံသားများအဖြစ် သတ်မှတ်ထားပါကြောင်း၊ မြန်မာတိုင်းရင်းသားများသည် အကြောင်းအမျိုးမျိုးကြောင့် အခြားနိုင်ငံများတွင် အခြေချနေထိုင်ရသော်လည်း နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကိုလိုလားသည့်စိတ်၊ နိုင်ငံကိုချစ်သည့်စိတ်များမှာ မိမိတို့နှင့်အတူတူပင်ဖြစ်ပါကြောင်း၊ မိမိတို့အကြားတွင် အမြင်သဘောထားမတူညီမှုများ ရှိနေမည်ဖြစ်သော်လည်း နိုင်ငံကိုချစ်သည့်စိတ်တူညီသည့်အပေါ် အခြေခံပြီး လက်တွဲဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ဒီမိုကရေစီသဘောအရ သဘောထားအမျိုးမျိုးကွဲပြားကြမည်မှာ ဖြစ်ရိုးဖြစ်စဉ် ကိစ္စသာဖြစ်သဖြင့် အချင်းချင်း ငြိမ်းချမ်းစွာညှိနှိုင်းဖြေရှင်းသွားရန်လည်း လိုအပ်ပါကြောင်း၊ ထို့ကြောင့် မြန်မာတိုင်းရင်းသားများအနေဖြင့် နိုင်ငံတည်ဆောက်ရေးတွင် တတ်နိုင်သမျှ ပါဝင်ကူညီပါရန် ဖိတ်ခေါ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာကြသူများက မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေများနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းကြရာ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့် ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သက်သက်ဇင်တို့က ပြန်လည်ဖြေကြားခဲ့ကြသည်။

လက်ခံတွေ့ဆုံ

နိုင်ငံတော်သမ္မတသည် ညနေ ၅ နာရီခွဲတွင် Hotel Continental ၌ ဒီမိုကရက်တစ် မြန်မာ့အသံ (DVB) မှ လက်ထောက်ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းအား လက်ခံတွေ့ဆုံပြီး မေးမြန်းမှုများကို ပြန်လည်ဖြေကြားခဲ့သည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတဦးသိန်းစိန် နော်ဝေနိုင်ငံ အော်စလိုမြို့ရှိ ခေတ္တတည်းခိုသည့် Hotel Continental ၌ နော်ဝေနိုင်ငံမှ သံအမတ်ကြီးများနှင့် အတူတကွ နံနက်စာသုံးဆောင်ရင်း ငြိမ်းချမ်းရေးလမ်းစဉ်ဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နော်ဝေပါလီမန်မှ နိုင်ငံတကာရေးရာနှင့် ကာကွယ်ရေးရာ အမြဲတမ်းကော်မတီဥက္ကဋ္ဌ Ms.Ine Marie Eriksen Soreide နှင့် ကော်မတီဝင်များနှင့် တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတဦးသိန်းစိန် ဒီမိုကရက်တစ် မြန်မာ့အသံ (DVB) မှ လက်ထောက်ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းအား လက်ခံတွေ့ဆုံပြီး မေးမြန်းမှုများကို ပြန်လည်ဖြေကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတကာသတင်း

မဲခေါင်လူသတ်သမားများအား တရုတ်တရားရုံးသေဒဏ်ချမှတ်

ကူမင်း ဖေဖော်ဝါရီ ၂၈

မူးယစ်မှောင်ခိုသမား နော်ခမ်းနှင့် အပေါင်းပါသုံးဦးတို့အား ၂၀၁၁ ခုနှစ်က မဲခေါင်မြစ်အတွင်း တရုတ်သင်္ဘောသား ၁၃ ဦးကို သတ်ခဲ့မှုဖြင့် မတ် ၁ ရက်တွင် ကွပ်မျက်မည်ဖြစ်ကြောင်း တရုတ်အနောက်တောင်ပိုင်းတရားရုံးတစ်ရုံးက ဖေဖော်ဝါရီ ၂၇ ရက်တွင် ပြောကြားသည်။

ယင်းတို့အား တရုတ်နိုင်ငံ ယူနန်ပြည်နယ်အနောက်တောင်ပိုင်း ကူမင်းမြို့၌ ဆေးထိုးကွပ်မျက်လိမ့်မည်ဖြစ်ကြောင်း ကူမင်းပြည်သူ့တရားရုံးက ပြောသည်။ နော်ခမ်း၏အပေါင်းအဖော်သုံးဦးမှာ ထိုင်းနိုင်ငံမှ ဆန်ခမ်း၊ ရီလိုင်း (နိုင်ငံမဲ့) နှင့် လာအိုမှ ကြာဇီခါတို့ဖြစ်ကြသည်။ အဆိုပါတရားရုံးက ၎င်းတို့အား အယူခံမှုကို ပယ်ချပြီးနောက် သေဒဏ်အမိန့်ချမှတ်ခဲ့သည်။ **(ဆင်ဟွာ)**

နယူးဇီလန်တွင် ငါးမန်းတိုက်ခိုက်ခံရမှုကြောင့် လူတစ်ဦးသေဆုံး

အော့ကလန် ဖေဖော်ဝါရီ ၂၈

နယူးဇီလန်နိုင်ငံ အော့ကလန်မြို့အနီး ကမ်းခြေတွင် ငါးမန်းတစ်ကောင် တိုက်ခိုက်ခံရသဖြင့် အမျိုးသားတစ်ဦးသေဆုံးခဲ့ကြောင်း ဒေသဆိုင်ရာရဲတပ်ဖွဲ့က ပြောကြားသည်။

အဆိုပါငါးမန်းတိုက်ခိုက်မှုသည် နယူးဇီလန်နိုင်ငံ၏ အကြီးဆုံးအော့ကလန်မြို့အနောက်ဘက် မူရီဝေကမ်းခြေတွင် ဖေဖော်ဝါရီ ၂၆ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲခန့်က ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့၏ ပြောကြားချက်အရ သိရသည်။

အသက် ၄၇ နှစ်အရွယ်ရှိ အဆိုပါအမျိုးသားသည် မူရီဝေကမ်းခြေတွင် ရေကူးနေချိန်၌ ထိုသို့ ငါးမန်းတိုက်ခိုက်ခံရခြင်းဖြစ်ကြောင်း၊ ယင်းငါးမန်း ကွယ်ပျောက်မသွားမီ မိမိတို့က ပစ်သတ်လိုက်ကြောင်း ရဲတပ်ဖွဲ့တာဝန်ရှိသူများက သတင်းထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြသည်။ ၎င်းအမျိုးသားသည် ငါးမန်းတိုက်ခိုက်ခံရပြီး ပြင်းထန်သောဒဏ်ရာများဖြင့် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း၊ ငါးမန်း၏အရှည်မှာ ၁၂ ပေမှ ၁၄ ပေခန့်အထိ ရှိနိုင်ကြောင်း ရဲတပ်ဖွဲ့က ဆက်လက်ပြောကြားသည်။ **(ဘီဘီစီ)**

ပုပ်ရဟန်းမင်းကြီးဘင်နီဒစ် ခုနစ်နှစ်ကြာ တာဝန်ထမ်းဆောင်ပြီး ရာထူးမှနုတ်ထွက်

ဗာတီကန် ဖေဖော်ဝါရီ ၂၈

ပုပ်ရဟန်းမင်းကြီး ဘင်နီဒစ် ၁၆ သည် လာမည့်လတွင် ၎င်း၏နေရာကိုဆက်ခံနိုင်မည့် ပုပ်ရဟန်းလောင်းများအား အီတလီနိုင်ငံ ရောမမြို့အနီး ဗာတီကန်ရုံး၌ နောက်ဆုံးမိန့်ခွန်း ခြွေခဲ့ကြောင်း ဖေဖော်ဝါရီ ၂၈ ရက်က ဘီဘီစီသတင်းတစ်ရပ်၌ ဖော်ပြသည်။

အသက် ၈၅ နှစ်အရွယ်ရှိပြီ ဖြစ်သော ပုပ်ရဟန်းမင်းကြီး ဘင်နီဒစ် ၁၆သည် ဖေဖော်ဝါရီ ၂၈ ရက် နှောင်းပိုင်းတွင် ရောမမြို့အနီး ကာစတယ်ဂန်ဒိုဖိုသို့ ထွက်ခွာလိမ့်မည်ဖြစ်သည်။ ၎င်း၏ ကက်သလစ်အာဏာပိုင် တာစီဆီယိုဘာတုန်းက ကမ္ဘာ့ကက်သလစ်ဘာသာဝင် ၁ ဒသမ ၂ ဘီလီယံတို့၏ ယာယီအကြီးအမှူးအဖြစ် တာဝန်ထမ်းဆောင်လိမ့်မည်ဖြစ်သည်။

ပုပ်ရဟန်းမင်းကြီး ဘင်နီဒစ်သည် ဖေဖော်ဝါရီ၂၇ ရက်က ဗာတီကန်ရုံး၌ ပြည်သူလူထုအား တရားဟောပြောရာတွင် ဗာတီကန်အတွင်းရေးများနှင့် ပတ်သက်၍ အရိပ်အမြွက် ပြောဆိုခဲ့သည်။ ပုပ်ရဟန်းမင်းကြီးက ၎င်း နုတ်ထွက်ရခြင်းမှာ ဗြိတိသျှဆိပ်ကမ်း ကက်သလစ်ဘုန်းတော်ကြီး ဂျော့ပဲလ်၏ ဝေဖန်ခြင်းကြောင့်ဖြစ်သည်ဟု ပွင့်လင်းစွာပြောဆိုခဲ့သည်။ ဖေဖော်ဝါရီ ၂၇ရက်က စိန့်ပီတာရင်ပြင်၌

ပုပ်ရဟန်းမင်းကြီး ဘင်နီဒစ် ၁၆အား တွေ့ရစဉ်။

လူပေါင်း ၁၅၀၀၀၀ ခန့် ပုပ်ရဟန်းမင်းကြီး၏ နောက်ဆုံး မိန့်ခွန်းခြွေခြင်းကို လာရောက်နားထောင်ခဲ့ကြသည်။ ၎င်းသည် ဗာတီကန်တွင် ပုပ်ရဟန်းမင်းကြီးအဖြစ် ခုနစ်နှစ်တာ တာဝန်ထမ်းဆောင်ခဲ့ပြီးနောက် အသက် ၈၅ နှစ်အရွယ်တွင် နုတ်ထွက်ခဲ့သည်။ ၎င်းသည် ဗာတီကန်မြို့ တောင်ကုန်းတစ်ခုပေါ်ရှိ ဘုန်းကြီးကျောင်းတစ်ကျောင်း၌ အနားယူလိမ့်မည်ဟု မျှော်လင့်ရသည်။ မတ် ၄ ရက်တွင် ကက်သလစ်ဘာသာဝင်များအနေဖြင့် ပုပ်ရဟန်းမင်းကြီးအသစ်ရွေးချယ် တင်မြှောက်ရန် တိုင်ပင်ဆွေးနွေးကြမည် ဖြစ်ကြောင်း သိရသည်။ **(ဘီဘီစီ)**

ထိုင်းအစိုးရနှင့်သူပုန်များ ငြိမ်းချမ်းရေးသဘောတူညီ

ဗန်ကောက် ဖေဖော်ဝါရီ ၂၈

ထိုင်းအစိုးရသည် နိုင်ငံတောင်ပိုင်းတွင် ဆယ်စုနှစ်ကြာမျှ တိုက်ခိုက်မှုကို အဆုံးသတ်ရန်ရည်ရွယ်ပြီး သူပုန်များနှင့် ပထမဆုံးငြိမ်းချမ်းရေးဆွေးနွေးမှုများကို ဖေဖော်ဝါရီ ၂၇ ရက်က သဘောတူ လက်မှတ်ရေးထိုးခဲ့သည်။

အဆိုပါငြိမ်းချမ်းရေးသဘောတူညီချက်ကို အမျိုးသားလွတ်မြောက်ရေးရှေ့တန်းအဖွဲ့ (ဘီအာအင်န်)နှင့် ထိုင်းနိုင်ငံအတွင်း လှုပ်ရှားရေးအုပ်စုများအနက် အုပ်စုတစ်စုတို့ မလေးရှားနိုင်ငံတွင် လက်မှတ်ရေးထိုးခဲ့ကြသည်။ ထိုင်းနိုင်ငံတောင်ပိုင်း မွတ်စလင်အများစုနေထိုင်ရာဒေသတွင် ၂၀၀၄ ခုနှစ်ကတည်းကစပြီး တိုက်ခိုက်မှုကြောင့် လူပေါင်း ၅၀၀၀ ထက်မနည်း သေဆုံးခဲ့ရသည်။

မလေးရှားဝန်ကြီးချုပ် နာဂျက်ရာဇတ်နှင့် ထိုင်းဝန်ကြီးချုပ် ရင်လတ်ရှင်နာဝပ်တို့သည် ဖေဖော်ဝါရီ ၂၈ရက် နှောင်းပိုင်းတွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ တွေ့ဆုံမည်ဖြစ်သည်။ ၎င်းတို့၏နှစ်ပတ်လည်အစည်းအဝေးတွင် ထိုင်းနိုင်ငံတောင်ပိုင်း အကြမ်းဖက်သောင်းကျန်းမှုနှင့် နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုကိစ္စနှင့်ပတ်သက်သည့် ဆွေးနွေးမှုများ ပါဝင်မည်ဟုမျှော်လင့်ရကြောင်း ဖေဖော်ဝါရီ ၂၇ ရက်ထုတ် ဗန်ကောက်ပို့စ်သတင်းစာတွင် ဖော်ပြပါရှိသည်။

မလေးရှားနိုင်ငံသည် ထိုင်းအစိုးရနှင့် သူပုန်များအကြား စေ့စပ်ဆွေးနွေးမှုများအတွက် ပွဲပိုးမှုတစ်ရပ်အနေဖြင့် ဖြစ်မြောက်အောင်မြင်အောင် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပြီး မည်သည့်ငြိမ်းချမ်းရေးဆွေးနွေးမှုများကိုမဆို လက်ခံပြုလုပ်ပေးလျက်ရှိသည်။ **(ဘီဘီစီ)**

တင်မောင်လွင်-စုစည်းသည်

မြောက်ကိုရီးယား နျူကလီးယားလက်နက်များ အမေရိကန်နိုင်ငံအထိရောက်အောင် ပစ်ခတ်နိုင်

ပြုံယမ်း ဖေဖော်ဝါရီ ၂၈

ပြုံယမ်း၏နျူကလီးယားလက်နက်များသည် အမေရိကန်နိုင်ငံဗဟိုချက်အထိရောက်ရှိအောင် ပစ်ခတ်နိုင်စွမ်းရှိကြောင်း မြောက်ကိုရီးယားက ပြောကြားသည်။ **(အောက်ပုံ)**

ဝါရှင်တန်အနေဖြင့် ကျူးကျော်ရန်စလာလျှင် နျူကလီးယားဒုံးလက်နက်များ အမေရိကန်နိုင်ငံအရောက် ပစ်ခတ်နိုင်ကြောင်း ကိုရီးယားငြိမ်းချမ်းရေး ကော်မတီဝင်တစ်ဦးက ဖေဖော်ဝါရီ ၂၇ ရက်တွင် တရားဝင်ဝက်ဘ်ဆိုက်၌ လွှင့်တင်ထားသည်။

အောင်မြင်စွာစမ်းသပ်

မြောက်ကိုရီးယား နိုင်ငံသည် လောလောဆယ် ဒုံးပျံနည်းပညာရှိထားပြီး နျူကလီးယားလည်း ပိုင်ဆိုင်ထားကြောင်း ၎င်းတာဝန်ရှိသူက ဝက်ဘ်ဆိုက်၌ လွှင့်တင်ထားသော ဆောင်းပါးတစ်ပုဒ်တွင် ဖော်ပြသည်။ ဖေဖော်ဝါရီ ၁၂ ရက်က မြောက်ကိုရီးယားနိုင်ငံသည် တတိယအကြိမ်မြောက် မြေအောက်နျူကလီးယား အောင်မြင်စွာစမ်းသပ်ခဲ့ကြောင်း ကြေညာခဲ့သည်။

စိုးရိမ်ပူပန်ခဲ့

ယင်းနျူကလီးယားစမ်းသပ်ခဲ့ပြီးနောက် အမေရိကန်၊ တောင်ကိုရီးယား၊ ရုရှားနှင့် ဂျပန်တို့အပါအဝင် နိုင်ငံအများစုက စိုးရိမ်ပူပန်ခဲ့ကြသည်။ **(ပရက်စ်တီဗွီ)**

ဩစတြေးလျရဲတပ်ဖွဲ့ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

ဆစ်ဒနီ ဖေဖော်ဝါရီ ၂၈

တရုတ်နိုင်ငံ တောင်ပိုင်းမှလာသည့် သင်္ဘောတစ်စင်းပေါ်တွင် ဝှက်၍ သယ်ဆောင်လာသည့် မက်သာမက်သမင်း မူးယစ်ဆေးဝါးအမြောက်အမြားကို သိမ်းဆည်းရမိကြောင်း ဩစတြေးလျရဲတပ်ဖွဲ့က ပြောကြားသည်။

အဆိုပါ မူးယစ်ဆေးဝါးသည် စုစုပေါင်း ၅၈၅ ကီလိုဂရမ်(၁၂၉၀ ပေါင်)ရှိပြီး ခန့်မှန်းတန်ဖိုး ဩစတြေးလျဒေါ်လာ သန်း ၄၃၀ (အမေရိကန်ဒေါ်လာ သန်း ၄၄၀) ရှိသည်ဟု ဆိုသည်။ **(အောက်ပုံ)**

အဆိုပါ မူးယစ်ဆေးဝါးများနှင့်အတူ စင်ကာပူ၊ ဩစတြေးလျနှင့် ဟောင်ကောင်တို့မှ အမျိုးသားတစ်ဦးစီကိုလည်း ရဲအဖွဲ့က ဖမ်းဆီးလိုက်သည်။ ၎င်းတို့သည် ဆစ်ဒနီတရားရုံး၌ တရားရင်ဆိုင်ရမည်ဖြစ်ပြီး ပြစ်မှုထင်ရှားပါက အမြင့်ဆုံးသေဒဏ်အထိ ပြစ်ဒဏ်ချမှတ်ခံရနိုင်သည်။ **(ဘီဘီစီ)**

ဂန္ဓဝင်ရွှေပုံ Travels & Tours
Exploring to the edge of the globe.

ဗန်ကောက် (၅.၅ သိန်း) / ပူခက်	၈.၅ သိန်း	ဒူဘိုင်း (၁၉ သိန်း) / ရုရှား (မော်စကို)	၃၅ သိန်း
ဗန်ကောက် + စင်္ကာပူ + မလေးရှား	၁၂ သိန်း	ကိုရီးယား(ဆိုးလ် + ဘူဆန် + ဂျေဂျူး)	၁၅ သိန်း
စင်္ကာပူ + မလေးရှား (၇ ညအိပ် – ၈ ရက်)	၁၀.၅ သိန်း	ဂျပန် (တိုကျို + အိုဆာကာ + နာဂိုယာ)	၂၅ သိန်း
ပီနန်+လန်ကာဝီ+Genting Highlands+KUL	၁၀.၅ သိန်း	ဩစတြေးလျ (ဆစ်ဒနီ၊မဲဘုန်း၊ဂိုးလ်ကို့စ်၊ဘရစ်စဘိန်း)	၃၅ သိန်း
ဘာလီ (၁၀ သိန်း) / ဆက်၍ စင်ကာပူ+မလေးရှား	၁၅ သိန်း	ဥရောပ (၇) နိုင်ငံ (ပြင်သစ်၊ အီတလီ၊ ဆွစ်ဇာလန် ....)	၃၉ သိန်း
ကမ္ဘောဒီးယား (၅.၈ သိန်း) / ဆက်၍ ဗီယက်နမ်	၁၀.၅ သိန်း	နော်ဝေး၊ ဆွီဒင်၊ ဒိန်းမတ်၊ ဖင်လန် (Cruise)	၄၀ သိန်း
သီရိလင်္ကာ (၁၁ သိန်း) / တိဗက်	၁၄ သိန်း	အင်္ဂလန်၊ စကော့တလန် (ဂလပ်စကို)	၄၀ သိန်း
ဟောင်ကောင်+ကွမ်ကျိုး+မကာအို	၁၃ သိန်း	အမေရိကန် (LA+ ဆန်ဖရန်စစ္စကို+လာ့စ်ဗေးဂတ်စ်+	
ပီကင်း+ရှန်ဟိုင်း (၁၃.၅ သိန်း) / ဆက်၍ ဇီအမ် [illegible]	၁၆ သိန်း	နယူးယောက်+ဝါရှင်တန်+နိုင်ဂရာ Fall+ဟာဝိုင်အီ)	၆၀ သိန်း
မှူဘိုင်း (၇ညအိပ်–၈ရက်) ၇.၅ သိန်း / ဟိုတယ် တည်း–စား	၁၂ သိန်း	တောင်အာဖရိက (ကိမ်တောင်၊ဂျိုဟန်နက်စဘတ်)	၄၃ သိန်း

သကြ်န်တွင်း အမေရိကန်၊ အင်္ဂလန် နိုင်ငံများမှာ ဗီဇာပြင်ဆင်ချိန်လိုအပ်ပါသဖြင့် ယခုပင်စာရင်းပေးသွင်းပါရန် ကမ္ဘာအနှံ့ခရီးစဉ်များနှင့်ပတ်သက်၍ ပိုမိုသိလိုသမျှကို အချိန်မရွေးမေးမြန်းနိုင်ပါသည်။

No.67, Baho Rd, Sanchaung. Ph: 519292, 519293, 519360, 500191.
E/1, 35 Rd, Bet 72&73 St, Mandalay. Ph; 02-73062. Hot Line: 09-73003772
Email:outboundgandawun@gmail.com, web: myanmartravel.org

မြန်မာ့ဆိပ်ကမ်းအာဏာပိုင် အလုပ်ပိတ်ရက်ကြော်ငြာ

ရန်ကုန်ဆိပ်ကမ်းရှိ တံတားများ၊ ကုန်လှောင်ရုံများနှင့် ချလန်ရုံးများကို ၂၀၁၃ခုနှစ်၊ မတ်လ ၂ရက် (တောင်သူလယ်သမားနေ့)တွင် ပိတ်ထားမည်ဖြစ်ပါ၍ ကုန်တင်/ကုန်ချနှင့် ကုန်ထုတ်ယူလိုပါက ပိတ်ရက်ခကြေးပေးဆောင်ရမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ပြည်တွင်းသတင်း

ရှေ့ဖုံးမှ

ခိုင်မာမှုရှိလာတဲ့ အမျိုးသားစည်းလုံးညီညွတ်ရေး ပြန်လည်တည်ဆောက်နိုင်မည့် အလားအလာများကို တွေ့မြင်လာရတဲ့အတွက်ပဲ ဖြစ်ပါတယ်။ ယခင်ကာလများက အကြောင်းအမျိုးမျိုး အခက်အခဲအမျိုးမျိုးနဲ့ သဘောထားကွဲလွဲမှု အမျိုးမျိုးတွေကြောင့် စားပွဲတစ်ဝိုင်းတည်းအတူထိုင်ဖို့ အခြေအနေမပေးနိုင်ခဲ့ကြတဲ့ တိုင်းရင်းသားခေါင်းဆောင်များ၊ တိုင်းရင်းသားပါတီများနဲ့ အဖွဲ့အစည်းများ၊ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်များမှဥက္ကဋ္ဌများ၊ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်ကိုယ်စားလှယ်များနှင့်အတူ အပစ်အခတ်ရပ်စဲထားတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများက ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များလည်း အတူတကွ မျက်နှာစုံညီထူးခြားစွာတက်ရောက်နိုင်ခဲ့တဲ့ အခမ်းအနားလည်းဖြစ်ပါတယ်။ အခုလို ပြည်ထောင်စုနေ့ အနှစ်သာရကို ပိုမိုလေးနက်စေတဲ့ ယခုနှစ် ပြည်ထောင်စုနေ့ ညစာစားပွဲဟာ နှစ်ပေါင်းများစွာအတွင်း ထူးထူးခြားခြား ကျင်းပနိုင်ခဲ့တာဖြစ်ပြီး အဲဒီလို ကျင်းပနိုင်ဖို့အတွက်လည်း နှစ်ပေါင်းများစွာ စောင့်စားခဲ့ရပြီး ပေးဆပ်မှုတွေ အလွန်ပဲ များပြားခဲ့ရပါတယ်။ အခုလို ကျင်းပနိုင်ခဲ့တဲ့အတွက် ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းစဉ်များကို ကြိုးပမ်းဆောင်ရွက်နေကြတဲ့ ခေါင်းဆောင်များအကြား တစ်ဦးနှင့်တစ်ဦး နားလည်ယုံကြည်မှုပိုမိုခိုင်မာလာစေတာကို တွေ့မြင်နိုင်မှာ ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ နိုင်ငံ့တာဝန်ထမ်းဆောင်ခဲ့တဲ့ ကာလတစ်လျှောက်လုံးမှာ တိုင်းရင်းသားခေါင်းဆောင်တွေနဲ့သာမက ပြည်သူလူထုတွေနဲ့ပါ ထိတွေ့ဆက်ဆံခဲ့ရတာဖြစ်လို့ ပြည်သူတွေခံစားနေရတာတွေကို ကျွန်တော့်အနေနဲ့ စာနာနားလည်နိုင်ပါတယ်။ စစ်မှန်တဲ့ငြိမ်းချမ်းရေးရဖို့အတွက် ခေါင်းဆောင်တွေ လက်ဆွဲနှုတ်ဆက်ရုံ၊ ညစာစားပွဲတွေ ကျင်းပနေရုံမျှနှင့် မလုံလောက်ဘူးဆိုတာ ကျွန်တော့်အနေနဲ့ နားလည်လက်ခံထားပါတယ်။ သို့သော်လည်း အခုလို အစပြု တွေ့ဆုံမှုတွေကနေတစ်ဆင့် ချစ်ကြည်ရင်းနှီးမှုနှင့် ယုံကြည်မှုတွေရယူပြီး ရေရှည်ခိုင်မာတဲ့ ငြိမ်းချမ်းရေးတည်ဆောက်ဖို့ အခြေခံအုတ်မြစ်တွေ တည်ဆောက်ရမှာလည်း ဖြစ်ပါတယ်။

တိုက်တိုက်ဆိုင်ဆိုင် ဗိုလ်ချုပ်အောင်ဆန်းရဲ့ မွေးနေ့ဖြစ်တဲ့ ဖေဖော်ဝါရီ ၁၃ ရက်နေ့မှာ ပြည်ထောင်စုနေ့ ညစာစားပွဲကို တက်ရောက်လာကြတဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ခေါင်းဆောင်များနဲ့ ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှုလုပ်ငန်းစဉ်များကို မျက်နှာစုံညီရင်းနှီးပွင့်လင်းစွာ ဆွေးနွေးတိုင်ပင်ခဲ့ပါတယ်။ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းအတွက် မြန်မာပြည်သူတွေအနေနဲ့ ပေးနိုင်မယ့်အကောင်းဆုံး လက်ဆောင်တစ်ခုလို့ပြောလို့ရတဲ့ အမျိုးသားသွေးစည်းညီညွတ်ရေးရရှိနိုင်ဖို့ ခိုင်မာတဲ့ ခြေလှမ်းသစ်တစ်ခု လှမ်းနိုင်ခဲ့ပြီဆိုတဲ့ သတင်းကောင်းကိုလည်း ပြောကြားလိုပါတယ်။

ကျွန်တော့်အနေနဲ့ ပြည်ထောင်စုနေ့ညစာစားပွဲကို တက်ရောက်ဖို့ KIO/KIA မှ ခေါင်းဆောင်များကိုလည်း ဖိတ်ခေါ်ခဲ့ပါတယ်။ သူတို့အနေနဲ့ ပြည်ထောင်စုနေ့ ညစာစားပွဲကို ကျွန်တော်တို့နဲ့အတူတကွ ပျော်ပျော်ရွှင်ရွှင် ကျင်းပလိုစိတ် ပြင်းပြနေမယ်လို့ယုံကြည်သော်လည်း ကျန်ရှိနေသေးတဲ့ အခက်အခဲအမျိုးမျိုး၊ အကြောင်းအမျိုးမျိုးကြောင့် တက်ရောက်လာနိုင်ခြင်း မရှိကြတာကိုလည်း ကျွန်တော်တို့အနေနဲ့ နားလည်ပေးရမှာဖြစ်ပါတယ်။ သို့သော်လည်း ဖေဖော်ဝါရီလ ၄ ရက်နေ့က ပြုလုပ်ခဲ့တဲ့ ရွှေလီငြိမ်းချမ်းရေး ဆွေးနွေးပွဲရလဒ်ကနေတစ်ဆင့် KIO/KIA နှင့် ပြည်ထောင်စုအစိုးရတို့အကြား ယုံကြည်မှုနဲ့နားလည်မှုတွေ ပိုမိုတိုးတက်ရရှိလာပြီး အပစ်အခတ်ရပ်စဲရေးနှင့် ရေရှည်တည်တံ့တဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ တိုးတက်ဖြစ်ထွန်းလာမှာကို ကျွန်တော့်အနေနဲ့ အလေးအနက်ယုံကြည်ထားပါတယ်။ KIO/KIA ရဲ့ ရွှေလီဆွေးနွေးပွဲနဲ့ပတ်သက်တဲ့ ထုတ်ပြန်ချက်များမှာလည်း စစ်မှန်တဲ့ငြိမ်းချမ်းရေး၊ တိုင်းရင်းသားများ တန်းတူရည်တူရှိမှုနဲ့ ကိုယ်ပိုင်အခွင့်အရေး၊ ရပိုင်ခွင့်စတဲ့ စားပွဲဝိုင်းပေါ်မှာ တွေ့ဆုံအဖြေရှာမယ်ဆိုတဲ့ သဘောထားရပ်တည်ချက်များကို တွေ့ရတဲ့အတွက်လည်း ကျွန်တော့်အနေနဲ့ များစွာဝမ်းမြောက်မိပါတယ်။ တပ်မတော်တပ်ရင်း၊ တပ်ဖွဲ့များနှင့် KIA တပ်ဖွဲ့များအကြား စစ်ကြောင်းအချင်းချင်း လမ်းမှာတွေ့ဆုံရာမှာလည်း ရင်ဆိုင်တိုက်ခိုက်မှုများမရှိဘဲ ငြိမ်းချမ်းစွာ ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်လာနိုင်တာကို ဝမ်းမြောက်ဖွယ် တိုးတက်မှုအဖြစ် တွေ့မြင်ရမှာဖြစ်ပါတယ်။ လုံခြုံရေးအခြေအနေ ပိုမိုကောင်းမွန်လာတာနဲ့အမျှ ပဋိပက္ခဖြစ်ပွားရာဒေသတွေမှာ အရေးတကြီးလိုအပ်နေတဲ့ လူသားချင်းစာနာထောက်ထားမှု အကူအညီများကိုလည်း စတင်ပို့နိုင်ပြီဖြစ်ပါတယ်။ မကြာမီကာလအတွင်းမှာ KIO/KIA အပါအဝင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများအားလုံးနဲ့ ငြိမ်းချမ်းရေးဆွေးနွေးမှုတွေ ပြုလုပ်တဲ့အခါမှာ အပစ်အခတ် ရပ်စဲရေးသာမက နိုင်ငံရေးဆွေးနွေးမှုများကိုလည်း စတင်တက်လှမ်းနိုင်တော့မှာ ဖြစ်ပါတယ်လို့ ပြည်သူများကိုအသိပေး ပြောကြားလိုပါတယ်။ အဲဒီ နိုင်ငံရေးဆွေးနွေးမှုများကနေ အမျိုးသားအဆင့် တွေ့ဆုံဆွေးနွေးပွဲအထိ တက်လှမ်းနိုင်ဖို့အတွက် အတူတကွ ပူးပေါင်းဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံရဲ့ ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းစဉ်ဟာ အခြားနိုင်ငံများရဲ့ သာဓကများ၊ အတွေ့အကြုံများနဲ့မတူဘဲ ထူးခြားစွာ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းပေါင်း ၁၅ ဖွဲ့လောက်နဲ့ တစ်ပြိုင်တည်း ညှိနှိုင်းနေရတာဖြစ်တဲ့အတွက် စိန်ခေါ်မှုတွေဟာ ပိုမိုကြီးမားတယ်ဆိုတဲ့ အမှန်တရားကို ရိုးသားစွာလက်ခံထားရမှာ ဖြစ်ပါတယ်။ အခက်အခဲတွေ စိန်ခေါ်မှုတွေရှိနေပေမယ့် ဒါတွေကိုကျော်လွှားဖို့ ပြင်းပြတဲ့ဆန္ဒနဲ့ မှန်ကန်တဲ့ စိတ်ရင်းစေတနာတွေကသာ အဓိကဖြစ်တယ်လို့ရှုမြင်ကြောင်း အလေးအနက် ပြောကြားလိုပါတယ်။ တစ်ဆက်တည်းမှာပဲ အဖွဲ့အစည်းမျိုးစုံအနေနဲ့သော်လည်းကောင်း၊ ပြည်သူ တစ်ဦးချင်းအနေဖြင့်သော်လည်းကောင်း ငြိမ်းချမ်းရေး တည်ဆောက်ခြင်းလုပ်ငန်းစဉ်များမှာ မိမိတို့စွမ်းဆောင်နိုင်သည့် ကဏ္ဍအသီးသီးကနေ ပါဝင်ကြိုးပမ်းလုပ်ဆောင်ကြဖို့အတွက်လည်း အစီအမံများကို အဆင့်ဆင့်အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး အားလုံးပူးပေါင်းပါဝင်နိုင်တဲ့ နိုင်ငံရေးဖြစ်စဉ် ပုံပေါ်လာစေရေးနှင့် အနာဂတ်နိုင်ငံတည်ဆောက်ရေးလုပ်ငန်းစဉ်တွေမှာ ကိုယ်တတ်စွမ်းတဲ့ဘက်ကနေ ပူးပေါင်းပါဝင်နိုင်ဖို့အတွက် ရည်ရွယ်ပြီး ဖေဖော်ဝါရီလ ၇ ရက်နေ့မှာ လက်ကျန်အကျဉ်းသား စိစစ်ရေးကော်မတီကို ဖွဲ့စည်းပေးပြီးဖြစ်ပါတယ်။ အစိုးရ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် နိုင်ငံရေးပါတီများက ကိုယ်စားလှယ်များပါဝင်တဲ့ ဒီကော်မတီဟာ ပွင့်လင်းမြင်သာမှုရှိရှိ လုပ်ဆောင်သွားမှာဖြစ်ပါတယ်။ ဒီကော်မတီအနေနဲ့ မတူညီတဲ့နိုင်ငံရေးခံယူချက်၊ သဘောထားများကြောင့် ခေတ်စနစ်အခြေအနေအရ အကျဉ်းချခံရသူများကို မိသားစုအသီးသီးနဲ့ ပြန်လည်ဆုံစည်းနိုင်ဖို့ အခြားပြည်သူများတန်းတူ မိမိတို့ဘဝကို လွတ်လပ်စွာဖန်တီးဖော်နိုင်ဖို့နဲ့ အနာဂတ်ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်တွေမှာ ပူးပေါင်းပါဝင်လုပ်ဆောင်နိုင်ဖို့ အနေအထားတစ်ခု ပေါ်ပေါက်လာတော့မှာ ဖြစ်တယ်ဆိုတဲ့အကြောင်းကို မိဘပြည်သူများထံ သတင်းကောင်းပါးလိုပါတယ်။

ဆက်သွယ်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုနဲ့ ပတ်သက်လို့လည်း မိမိတို့အစိုးရအဖွဲ့ တာဝန်ယူချိန်ကစပြီး နည်းလမ်းမျိုးစုံနဲ့ ကြိုးပမ်းဆောင်ရွက်နေတာကို မိဘပြည်သူများ သိရှိကြပြီးဖြစ်ပါတယ်။ မကြာခင်ကာလမှာ လက်ရှိဆက်သွယ်ရေး အခြေခံအဆောက်အအုံများကို အခြေခံပြီး တိုးချဲ့ပေးနိုင်မယ့် မိုဘိုင်းဖုန်းအရေအတွက်ကို သက်သာတဲ့ ဈေးနှုန်းတစ်ရပ်နဲ့ လာမည့် ဧပြီလအတွင်းမှာ ရောင်းချပေးနိုင်အောင် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ယခုကဲ့သို့ ရေတိုအစီအစဉ်များကို ဆောင်ရွက်နေတဲ့နည်းတူ များမကြာမီကာလမှာလည်း ဆက်သွယ်ရေးကဏ္ဍကို တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ စနစ်တကျ ဖွံ့ဖြိုးတိုးတက်အောင်လုပ်ဖို့ အစီအမံများထားရှိပြီး တစိုက်မတ်မတ် လုပ်ဆောင်သွားမှာဖြစ်ပါတယ်။ ဒီစီမံကိန်းတွေဟာ လာမည့် တစ်နှစ်၊ နှစ်နှစ်အတွင်း အကောင်အထည်ပေါ်လာမှာ ဖြစ်ပါတယ်။

လူငယ်တွေ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးအတွက် ကျွန်တော်တို့ ကြိုးပမ်းဆောင်ရွက်နေပါတယ်။ တစ်နိုင်ငံလုံးမှာ ဘွဲ့ရပြီးလူငယ်တွေ၊ တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသော်လည်း တက္ကသိုလ် ဆက်မတက်နိုင်တဲ့လူငယ်တွေ၊ တက္ကသိုလ်ဝင်တန်းအထိ ပညာသင်ခွင့်ရခဲ့တဲ့ လူငယ်တွေ များစွာရှိနေပါတယ်။ ဒီလူငယ်တွေ မိမိတို့နိုင်ငံမှာ အလုပ်အကိုင်ရရှိရေးအတွက် စက်မှုဇုန်ကြီးတွေ၊ အလုပ်ရုံ၊ စက်ရုံစုတွေ၊ ဟိုတယ်နဲ့ခရီးသွားလုပ်ငန်းတွေ၊ စက်မှုလယ်ယာစိုက်ခင်းကြီးတွေ များစွာလိုအပ်ပါတယ်။ ဒါကြောင့် ကိုယ့်တိုင်းပြည်အတွက် မထိခိုက်စေတဲ့ ပြည်ပရင်းနှီးမြှုပ်နှံမှုတွေကို ဖိတ်ခေါ်ရာမှာ မကြာမီကာလအတွင်း ရောက်ရှိလာတော့မှာ ဖြစ်ပါတယ်။ ပြည်ပမှရောက်ရှိလာပြီး ရင်းနှီးမြှုပ်နှံလိုသူများအတွက် အဟန့်အတား အနှောင့်အယှက်မဖြစ်စေရန် ကျွန်တော်တို့အစိုးရအဖွဲ့နှင့်အတူ ပူးပေါင်းဆောင်ရွက်ပေးကြစေလိုပါတယ်။

ကျွန်တော်တို့အနေနဲ့ ခေတ်မီပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ အောင်မြင်စေဖို့ဆိုတာ ပြည်တွင်းအင်အားက အဓိကကျသလို အထူးသဖြင့် ယနေ့ကမ္ဘာကြီးမှာ ဖြစ်ပေါ်တိုးတက်နေတဲ့အခြေအနေအရ နိုင်ငံများဟာ မိမိတစ်ဦးတည်း ရပ်တည်ဖို့မဖြစ်နိုင်တဲ့အတွက် ကျွန်တော်တို့နိုင်ငံအနေနဲ့လည်း ခေတ်မီတဲ့ နိုင်ငံတကာဆက်ဆံရေးပုံစံတစ်ရပ်ကို ပုံဖော်နိုင်ဖို့ ကြိုးပမ်းလျက်ရှိပါတယ်။ ကျွန်တော့်အနေနဲ့ ကမ္ဘာ့နိုင်ငံများနဲ့ ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်နိုင်ရွက်ရေး၊ ပြည်သူများရဲ့ လူမှုစီးပွားဘဝတွေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးပိတ်ဆို့မှုများ ရုပ်သိမ်းရေး၊ ကြွေးမြီကိစ္စများ အပြီးသတ်ရှင်းလင်းနိုင်ရေး စတဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များမှာ လိုအပ်တဲ့အကူအညီများရရှိနိုင်ဖို့ ဥရောပနိုင်ငံများကို သွားရောက်နေတာ ဖြစ်ပါတယ်။

မိဘပြည်သူများခင်ဗျား ကျွန်တော့်အနေနဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များရဲ့ စိတ်ရင်းစေတနာနှင့် လွန်ခဲ့တဲ့ တစ်နှစ်ကျော်ကာလအတွင်းရရှိခဲ့တဲ့ ယုံကြည်မှုတည်ဆောက်နိုင်ခြင်းဆိုတဲ့ ခိုင်မာမှုတွေနဲ့ မိမိတို့အစိုးရ၊ လွှတ်တော်များ၊ နိုင်ငံရေးအင်အားစုများ၊ စီးပွားရေး လူမှုရေးအင်အားစုများ၊ အရပ်ဘက်လူ့အဖွဲ့အစည်းအမျိုးမျိုး၊ တပ်မတော်နှင့်ပြည်သူလူထုတစ်ရပ်လုံးရဲ့ ပြင်းပြတဲ့ဆန္ဒတွေပေါင်းစပ်ပြီး ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှု တည်ဆောက်ရေးလုပ်ငန်းစဉ်တွေကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်မှာ ဖြစ်တယ်လို့ အခိုင်အမာယုံကြည်တဲ့အတွက် အတူလက်တွဲလုပ်ဆောင်ကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။

ပြုပြင်ပြောင်းလဲမှုများကို ဝိုင်းဝန်းလုပ်ဆောင်ကြရာမှာလည်း ဖွံ့ဖြိုးတိုးတက်မှုတွေဖြစ်ပေါ်လာတာနဲ့အမျှ ကျွန်တော်တို့ရဲ့ လူမှုနိုင်ငံရေးဘဝများဟာလည်း ကိန်းသေသဘောမျိုးမဟုတ်ဘဲ ကိန်းရှင်သဘောမျိုးလိုက်ပါပြောင်းလဲသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ အပြောင်းအလဲများကို လျင်လျင်မြန်မြန် သွက်သွက်လက်လက် Dynamic ဖြစ်အောင် လုပ်ဆောင်ရမှာဖြစ်ပြီး ပြောင်းလဲမှုတွေနဲ့ လိုက်လျောညီထွေစွာ လိုက်ပါပြောင်းလဲဖို့ လိုသလို ပြည်သူတစ်ဦးချင်းစီကလည်း အချင်းချင်းစိတ်ရှည်သည်းခံမှု နားလည်ခွင့်လွှတ်မှု စာနာထောက်ထားမှုတွေနဲ့ ပူးပေါင်းလုပ်ဆောင်နိုင်မှုဆိုတဲ့ စွမ်းရည်များလည်း လိုအပ်မှာဖြစ်ပါတယ်လို့ တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

မိဘပြည်သူများ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။

လွှတ်တော်သို့ လာရောက်လေ့လာကြည့်ရှု

နေပြည်တော် ဖေဖော်ဝါရီ ၂၈

အမေရိကန် ကုန်သည်ကြီးများအသင်းမှ အာရှဥက္ကဋ္ဌနှင့် အမေရိကန်စီးပွားရေး ကိုယ်စားလှယ်အဖွဲ့ဝင် ၆၁ ဦး **(အပေါ်ပုံ)**၊ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ အဖွဲ့ဝင် ၆၂ ဦး၊ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ပေါင်းကူးအဖွဲ့မှ အဖွဲ့ဝင် ၅၂ ဦးနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (နေပြည်တော်တပ်ကုန်း)မှ ဝန်ထမ်း ၃၂ ဦးတို့သည် ယနေ့ နံနက် ၁၀ နာရီတွင် ပထမအကြိမ်ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး (၁၅)ရက်မြောက်နေ့ကျင်းပနေပုံကိုလေ့လာပြီး လွှတ်တော်အဆောက်အအုံများသို့ လှည့်လည်ကြည့်ရှု၍ ပြန်လည် ထွက်ခွာသွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျောင်းသား ကျောင်းသူများအနေဖြင့် ဘာသာရပ်များကို ကြိုတင်ပြင်ဆင်လေ့လာမှုများ ပြုလုပ်ကြရန်တိုက်တွန်း

နေပြည်တော် ဖေဖော်ဝါရီ ၂၈

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးသည် ဖေဖော်ဝါရီ ၂၅ ရက်တွင် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၌ ပါရဂူဘွဲ့သင်တန်းသား သင်တန်းသူများ၏ လက်တွေ့လုပ်ဆောင်နေမှုများကို ကြည့်ရှုပြီး ဘာသာရပ်များကို အာရုံစူးစိုက်၍ အချိန်များများပေးပြီး ဆည်းပူးလေ့လာကြရန်၊ ဘက်စုံစံပြများဖြစ်အောင် ကြိုးစားကြရန်၊ သို့မှသာ မိမိတို့ကျောင်း တိုးတက်လာမည်ဖြစ်ပြီး နိုင်ငံတိုးတက်လာမည်ဖြစ်ကြောင်း မှာကြားသည်။

ဆက်လက်၍ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၌ ကျောင်းသားကျောင်းသူများ စာသင်ကြားနေမှု၊ ကွန်ပျူတာ လက်တွေ့လုပ်ဆောင်နေမှု၊ စာတွေ့လက်တွေ့ တစ်ပြိုင်နက် ထိထိမိမိသင်ကြားပေးနေမှုများကို ကြည့်ရှုအားပေးပြီး ရန်ကုန်ကွန်ပျူတာတက္ကသိုလ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်ကွန်ပျူတာ တက္ကသိုလ်ရှိ ပါမောက္ခချုပ်၊ ဌာနမှူးများ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံကာ ကျောင်းသား ကျောင်းသူများ၏ စံနမူနာယူထိုက်သော ဆရာ ဆရာမများဖြစ်အောင် ကြိုးစားပေးကြရန်နှင့် မိမိတို့၏ သက်ဆိုင်ရာ ဘာသာရပ်နယ်ပယ်အသီးသီး၌ မိမိတို့ တတ်သိ နားလည်ထားသလောက်ဖြင့် ကျေနပ်မနေဘဲ မိမိတို့၏အရည်အသွေး ပိုမိုမြင့်မားမှုရှိလာစေရန်အတွက် စဉ်ဆက်မပြတ်လေ့လာမှုများ လုပ်ဆောင်ကြရန် တိုက်တွန်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

✻ *ကျောဖုံးမှ*

မြန်မာနိုင်ငံ၏စိန်ခေါ်မှုကိစ္စများနှင့် ပတ်သက်၍ ပြောကြားခဲ့ပါကြောင်း၊ ရေရှည်တွင် ဒီမိုကရေစီတိုးတက်ဖြစ်ပေါ်ရန်အတွက် လူ့အခွင့်အရေးကို အလေးထားရန် အခြေခံအခွင့်အရေးနှင့်ပတ်သက်၍ ဆောင်ရွက်မည့်ကိစ္စများကို ဆွေးနွေးခဲ့ကြပါကြောင်း၊ မြန်မာနိုင်ငံ၌ ဖြစ်နေသည့် ပဋိပက္ခကိစ္စများနှင့် ပတ်သက်ပြီး မိမိတို့ဆွေးနွေးခဲ့ပါကြောင်း၊ မိမိတို့နော်ဝေနိုင်ငံနှင့် မြန်မာနိုင်ငံ၏ တိုးတက်ဖြစ်ထွန်းရန်တို့နှင့် စပ်လျဉ်းပြီး အလေးထားဆွေးနွေးခဲ့ပါကြောင်း၊ မိမိတို့၏ နော်ဝေကုမ္ပဏီများ မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံရန်ကိုလည်း ဆွေးနွေးခဲ့ပါကြောင်း၊ နော်ဝေကုမ္ပဏီများသည် တာဝန်သိသောလူ့အဖွဲ့အစည်းများ ဖြစ်ပါကြောင်း၊ တစ်ပြိုင်တည်းတွင် မြန်မာနိုင်ငံ၌မျှတ၍ ပွင့်လင်းသည့် အနေအထားကို ဖော်ထုတ်ပေးရန်ဆိုလျှင် အခွန်ကောက်ခံမှုနှင့် ပတ်သက်ပြီး ပိုမိုတိုးမြှင့်ဆောင်ရွက်သွားရန် မိမိပြောကြားခဲ့ပါကြောင်း၊ နိုင်ငံတော်သမ္မတကြီး၏ ခရီးစဉ်သည် အပြုသဘောဆောင်ပြီး ရလဒ်ကောင်းများထွက်ပေါ်မည်ဟု မျှော်လင့်ပါကြောင်း၊ ဆက်လက်ပြီး မြန်မာနိုင်ငံတိုးတက်မည့်အချိန်ကို မျှော်လင့်ပါကြောင်း၊ ကြိုဆိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတက မိမိအနေဖြင့် ဥရောပခရီးစဉ်ကို နော်ဝေနိုင်ငံမှ အစပြုရသည့်အတွက် အလွန်ပင် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ နော်ဝေနိုင်ငံကို ပထမဦးဆုံး လာရောက်ရခြင်းမှာ မိမိတို့ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိနေသည့် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များတွင် မြန်မာနိုင်ငံနှင့်မြန်မာပြည်သူများအပေါ် နော်ဝေအစိုးရနှင့် ပြည်သူများက ထောက်ခံအားပေးမှုများ၊ ကူညီထောက်ပံ့မှုများ များစွာရှိခဲ့ပါကြောင်း၊ ထို့အတွက် ကျေးဇူးတင်၊ အသိအမှတ်ပြုသည့်အနေဖြင့် ယခုကဲ့သို့ နော်ဝေနိုင်ငံကို ပထမဦးဆုံးလာရောက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ နော်ဝေနိုင်ငံသည် မြန်မာ့လူ့အဖွဲ့အစည်းအတွင်း ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များတွင် နှစ်ပေါင်းများစွာ တိုက်တွန်းလှုံ့ဆော်ခဲ့သည့်နိုင်ငံ တစ်နိုင်ငံလည်း ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် ကမ္ဘာ့နိုင်ငံများကို အတိအလင်း ပြောကြားလိုသည်မှာ လွန်ခဲ့သည့် နှစ်များအတွင်း မြန်မာနိုင်ငံနှင့် အနောက်နိုင်ငံများ ပြန်လည်ထိတွေ့ဆက်ဆံရေးမှာ နော်ဝေနိုင်ငံက တက်ကြွစွာဦးဆောင်ပြီး ပူးပေါင်းဆောင်ရွက်နိုင်ခဲ့မှုများက ယနေ့မြန်မာနိုင်ငံဖြစ်ပေါ်ပြောင်းလဲနေမှုများအတွက် အဓိကကျခဲ့ပါကြောင်း။

မြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီထွန်းကားရေးအတွက် နော်ဝေနိုင်ငံ ခေါင်းဆောင်များနှင့် သံတမန်များ၏ ကြိုးပမ်းမှုကို မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် နော်ဝေနိုင်ငံသူ၊ နိုင်ငံသားများအနေဖြင့်လည်း ဂုဏ်ယူဝမ်းမြောက်သင့်သည်ဟု ပြောကြားလိုပါကြောင်း၊ နော်ဝေနိုင်ငံသည် မိမိတို့၏ အားနည်းချက်များကို မိုင်ထောင်ပေါင်းများစွာမှ အပြစ်များကို ဝေဖန်နေခြင်းထက် လက်တွေ့ကျကျ အဖြေရှာနိုင်ရန်အတွက် ရင်းနှီးပွင့်လင်းစွာ လက်တွဲခေါ်ဆောင်ခဲ့သော မိတ်ဆွေကောင်းနိုင်ငံတစ်နိုင်ငံလည်း ဖြစ်ပါကြောင်း၊ ကမ္ဘာပေါ်မှာ အရှည်ကြာဆုံး လက်နက်ကိုင်ပဋိပက္ခများ ကြုံတွေ့နေရသည့် မြန်မာနိုင်ငံအနေဖြင့် မကြာမီကာလတွင် ဤပဋိပက္ခများ ချုပ်ငြိမ်းတော့မည် ဖြစ်သည့်အတွက်ကြောင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်စဉ်များအပေါ် နော်ဝေနိုင်ငံ၏ အားတက်သရောကူညီမှုများသည် အရေးကြီးသည့် သမိုင်းမှတ်တိုင်တစ်ခုဖြစ်ပါကြောင်း၊ ဆယ်စုနှစ်ပေါင်းများစွာ စီးပွားရေးပိတ်ဆို့မှုများကြောင့် မရရှိခဲ့သည့် နိုင်ငံတကာချေးငွေများကို ပြန်လည်ရရှိအောင် ညှိနှိုင်းဆွေးနွေးမှုတွင်လည်း နော်ဝေနိုင်ငံ၏ အကူအညီများသည် အရေးပါသောနေရာမှ ပါဝင်ခဲ့ပါကြောင်း၊ပဲရစ်ကလပ်အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည့် နော်ဝေနိုင်ငံအနေဖြင့် မြန်မာနိုင်ငံမှ ရရန်ရှိသော ကြွေးမြီများကို ရာနှုန်းပြည့်ပေးလျှော်ခဲ့ပြီး မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေး အပေါ်တွင် နော်ဝေနိုင်ငံ၏ယုံကြည်မှုကို ပြသခဲ့ပါကြောင်း၊နော်ဝေနိုင်ငံ၏ယုံကြည်မှုကြောင့် အခြားသော ပဲရစ်ကလပ်နိုင်ငံများနှင့်ပတ်သက်ပြီး ချေးငွေကိစ္စများ ညှိနှိုင်းသည့်အခါတွင် များစွာ အထောက်အကူဖြစ်စေခဲ့ပါကြောင်း၊ မြန်မာနိုင်ငံထံမှ ၎င်းတို့ရရှိရန် ကျန်ရှိနေသော ကြွေးမြီများစွာကိုလည်း လျှော့ပေါ့ပေးခဲ့ပါကြောင်း၊ မိမိနိုင်ငံအတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးနှင့် ပတ်သက်သည့် အကောင်းဆုံး နည်းလမ်းများကို ရှာဖွေနိုင်ရန် နော်ဝေနိုင်ငံ၏ အကူအညီများသည်လည်း အလွန်အရေးကြီးလှပါကြောင်း။

နော်ဝေနိုင်ငံနှင့်မြန်မာနိုင်ငံသည် ရာသီဥတုနှင့် ယဉ်ကျေးမှုများတွင် ကွဲပြားမှုများစွာရှိသော်လည်း မိမိတို့နှစ်နိုင်ငံ၏ တူညီသည့်အချက်မှာ သဘာဝသယံဇာတ အထူးသဖြင့် စွမ်းအင်ဆိုင်ရာ သယံဇာတများ ပေါကြွယ်ဝသည့် နိုင်ငံများဖြစ်ကြပါကြောင်း၊ မိမိတို့အနေဖြင့် သဘာဝသယံဇာတများကို ပြည်သူများအားလုံးအတွက် အကျိုးရှိအောင် မည်ကဲ့သို့စီမံခန့်ခွဲသင့်သည်ဆိုသည်ကို နော်ဝေနိုင်ငံထံမှ လေ့လာသင်ယူနိုင်မည်ဖြစ်ပါကြောင်း၊ ထို့အပြင် မိမိတို့နှစ်နိုင်ငံလုံးသည် နိုင်ငံငယ်များဖြစ်ကြပြီးမိမိတို့၏ လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ခဲ့ရသည့် အချိန်များကို ဖြတ်သန်းခဲ့ရပါကြောင်း၊ လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင် အင်အားကြီးသည့် နိုင်ငံများနှင့် ဆက်ဆံရေးကို သတိကြီးစွာထားပြီး နိုင်ငံခြားရေးမူဝါဒများ ချမှတ်ပြီး ဆောင်ရွက်ခဲ့ကြရပါကြောင်း၊ နော်ဝေနိုင်ငံသည် ၁၉ ရာစုအတွင်းက ဥရောပ၏ အဆင်းရဲဆုံး နိုင်ငံဖြစ်ခဲ့သော်လည်းယခုအချိန်တွင် အကြွယ်ဝဆုံးနိုင်ငံတစ်ခုသို့ ရောက်ရှိနေပြီဖြစ်ပါကြောင်း၊ နော်ဝေနိုင်ငံဖြတ်သန်းခဲ့ရသည့်ခရီးနှင့် အောင်မြင်မှုများကို မိမိတို့အနေဖြင့် အတုယူကြိုးပမ်းနိုင်မည်ဆိုရင် ကျွန်တော်တို့ရဲ့ ပြုပြင်ပြောင်းလဲမှုတွေလည်း မလွဲမသွေ အောင်မြင်ကြမယ်လို့ ယုံကြည်ရပါတယ်။

အားလုံးကျေးဇူးတင်ပါတယ်။

မေး ။ ။ မြန်မာနိုင်ငံတွင် လူမျိုးစုငယ်များနှင့် ဆွေးနွေးနေမှုနှင့် ပတ်သက်ပြီး သိလိုပါကြောင်း။

နိုင်ငံတော်သမ္မတ ။ ။ မိမိတို့နိုင်ငံတွင် တိုင်းရင်းသားလူမျိုးစု တစ်ရာကျော်ရှိပါကြောင်း၊ ၁၉၄၈ခုနှစ်တွင်လွတ်လပ်ရေးရရှိခဲ့ပြီး လွတ်လပ်ရေးမရမီက တိုင်းရင်းသားလူမျိုးစုများကို တောင်ပေါ်နှင့်မြေပြန့်ခွဲ၍ သွေးခွဲပြီး အုပ်ချုပ်ခဲ့သည့်အတွက်ကြောင့် လွတ်လပ်ရေးရပြီးနောက်ပိုင်း အချင်းချင်းယုံမှားသံသယတွေဖြစ်ပြီး လက်နက်စွဲကိုင်၍ အစိုးရကို တိုက်ခိုက်လာခဲ့သည်မှာ နှစ်ပေါင်း ၆၀ ကျော် ကြာခဲ့ပါကြောင်း၊ မြန်မာနိုင်ငံ၌ လက်နက်ကိုင်ပဋိပက္ခသည် ကမ္ဘာပေါ်မှာ အရှည်ကြာဆုံးသော ပဋိပက္ခတစ်ခုဖြစ်ပါကြောင်း၊ လက်နက်ကိုင်ပဋိပက္ခများကို ချုပ်ငြိမ်းရန်အတွက် အစိုးရအဆက်ဆက်က ကြိုးပမ်းဆောင်ရွက်ခဲ့ပါကြောင်း၊ ငြိမ်းချမ်းရေးအတွက် ကြိုးပမ်းဆောင်ရွက်သည့်နေရာတွင် အောင်မြင်မှုများလည်း ရှိခဲ့ပါကြောင်း၊ တချို့လည်း မအောင်မြင်မှုများကျန်ရှိနေသည့်အတွက် မိမိတို့အစိုးရသစ် တက်လာသည့်အခါတွင် လက်နက်ကိုင်ဆန့်ကျင်သည့် လူမျိုးစုလက်နက်ကိုင် အဖွဲ့ပေါင်း ၁၁ဖွဲ့ရှိပါကြောင်း၊ လက်နက်ကိုင်ပဋိပက္ခများ ရှိနေသမျှ မိမိတို့၏ ပြုပြင်ပြောင်းလဲမှုဆိုသည်မှာလည်း မည်သို့မျှအောင်မြင်နိုင်မည် မဟုတ်ပါကြောင်း၊ တိုင်းပြည် တည်ငြိမ်အေးချမ်းမှုမရှိပါက စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် လုပ်ရန်ဆိုသည်မှာလည်း များစွာခက်ခဲမည် ဖြစ်ပါကြောင်း၊ ဒီမိုကရေစီသည်လည်း ရှေ့သို့ဆက်ပြီး ရှင်သန်ဖွံ့ဖြိုးရန်အတွက် အခက်အခဲရှိပါကြောင်း၊ လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရန်အတွက် မိမိတို့အစိုးရတာဝန်ယူသည့်အခါ ငြိမ်းချမ်းရေးတည်ဆောက်ရေးလုပ်ငန်းကို ဦးစားပေးပြီး ဆောင်ရွက်ခဲ့ပါကြောင်း၊ တစ်နိုင်ငံတည်းအတူတကွနေနေကြသည့်သူများဖြစ်ရာ အိမ်ထောင်စုတစ်စုတည်းအတွင်း အတူနေနေကြသည့် မိသားစုအချင်းချင်း မည်သည့်အတွက်ကြောင့် တိုက်ခိုက်သတ်ဖြတ်နေမလဲ။ အချင်းချင်းတိုက်ခိုက်သတ် ဖြတ်ခဲ့သည်မှာ နှစ်ပေါင်း ၆၀ ကျော်ခဲ့ပြီဖြစ်ပါကြောင်း၊ ယင်းကို သင်ခန်းစာရယူသင့်ပါကြောင်း၊သို့ဖြင့်ငြိမ်းချမ်းရေး တည်ဆောက်ကြရန်အတွက် ယင်းအဖွဲ့များကို ကမ်းလှမ်းခဲ့ပါကြောင်း၊ လက်နက်ကိုင်ပဋိပက္ခများကြောင့် ပြည်သူများ၏ ဆုံးရှုံးမှုများ၊ အခြားတစ်ဖက်က ဆုံးရှုံးမှုများ၊ အစိုးရဘက်မှဆုံးရှုံးမှုများ ယင်းဆုံးရှုံးမှုများအားလုံးသည် တိုင်းပြည်၏ ဆုံးရှုံးမှုများပင်ဖြစ်ပါကြောင်း၊ ဆက်ပြီးအဆုံးရှုံး မခံကြဘဲ လက်တွဲပူးပေါင်းပြီး ဆောင်ရွက်ကြရအောင် ညှိနှိုင်းဆောင်ရွက်ခဲ့သည့်အတွက် အဖွဲ့ ၁၁ဖွဲ့ရှိသည့်အနက် ၁၀ဖွဲ့နှင့် ညှိနှိုင်းရရှိပြီး အပစ်အခတ်များ၊ တိုက်ခိုက်မှုများ ရပ်စဲသွားပြီဖြစ်ပါကြောင်း၊ အဖွဲ့တစ်ဖွဲ့သာ မြန်မာနိုင်ငံမြောက်ပိုင်း၌ ကျန်ရှိပါကြောင်း ယင်းအဖွဲ့နှင့်လည်း မကြာခင်က ထိတွေ့ဆွေးနွေးမှုများ လုပ်ခဲ့ပါကြောင်း၊ လောလောဆယ်တွင် ယင်းနယ်မြေ၌လည်း ပစ်ခတ်တိုက်ခိုက်မှုများ လုံးဝရပ်ဆိုင်းသလောက်နီးပါးရှိသွားပြီဖြစ်ပါကြောင်း၊ မကြာမီတွင် နိုင်ငံရေးအရ ဆွေးနွေးမှုများ ဆက်ပြီးဆွေးနွေးရန်ရှိပါကြောင်း၊ မိမိတို့နိုင်ငံတွင် အစိုးရပိုင်းအနေဖြင့် ပစ်ခတ်တိုက်ခိုက်မှုများ ရပ်ဆိုင်းပြီး ဆွေးနွေးပွဲလုပ်နိုင်သည့် အဆင့်ရောက်အောင် ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံရေးဆွေးနွေးမှုအနေဖြင့် လွှတ်တော်ရှိပါကြောင်း၊ လွှတ်တော်တွင် တိုင်းရင်းသားလူမျိုးပေါင်းစုံပါပါကြောင်း၊ ပါတီပေါင်းစုံပါပါကြောင်း၊ ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးရရန်အတွက် နိုင်ငံရေးဆွေးနွေးမှုများမှာ လွှတ်တော်တွင် ဆက်ပြီးဆွေးနွေးသွားကြမည်ဖြစ်ပါကြောင်း၊ လူမျိုးစုများနှင့် ငြိမ်းချမ်းရေး ရေရှည်တည်တံ့ခိုင်မြဲရန်အတွက် မိမိတို့၏ အခြေခံဥပဒေတွင် လူမျိုးစုများကို ကာကွယ်ပေးထားသည့် ဥပဒေများပါရှိပါကြောင်း၊ သို့သော်လည်း အသေးစိတ်ဥပဒေပြဋ္ဌာန်းမှုမလုပ်ရသေးပါကြောင်း၊ အသေးစိတ် ဥပဒေများပြန်ဆွဲပြီး ရေရှည်တည်တံ့ခိုင်မြဲသည့် လူမျိုးစုအချင်းချင်း ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရအောင် ရှေ့ကို ဆက်လုပ်သွားရန်အစီအစဉ်ရှိပါကြောင်း။

မေး ။ ။ နော်ဝေနိုင်ငံဝန်ကြီးချုပ် ခင်ဗျား၊ မြန်မာနိုင်ငံသမ္မတ၏ခရီးစဉ်နဲ့ပတ်သက်ပြီး အနာဂတ်အစီအစဉ်ကို သိရှိလိုပါကြောင်း။

နော်ဝေဝန်ကြီးချုပ် ။ ။ ဤခရီးစဉ်မှာ မိမိတို့ကို ပထမဦးဆုံး ရွေးချယ်သည့်အတွက် ဝမ်းသာမိပါကြောင်း၊ မြန်မာနိုင်ငံ၏ပြုပြင်ပြောင်းလဲမှုများမှာ များစွာထောက်ခံအားပေးခဲ့ပါကြောင်း၊ အခုဆိုရင် မြန်မာနိုင်ငံ၏ပြုပြင်ပြောင်းလဲမှုများသည် ကမ္ဘာတစ်ဝန်းတွင် အလျင်မြန်ဆုံးတိုးတက်ပြောင်းလဲမှုများဖြစ်ကြောင်း၊ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုတွင် အကျဉ်းသားလွှတ်ပေးခြင်းကိစ္စများ ပါဝင်သလို ရွေးကောက်ပွဲကျင်းပပြုလုပ်ပေးခဲ့ခြင်း၊ ဒေါ်အောင်ဆန်းစုကြည်အပေါ် ကန့်သတ်ချက်များဖယ်ရှားပေးခဲ့ခြင်း၊ တပ်မတော်၏ အုပ်ချုပ်မှုမှ အရပ်သားအုပ်ချုပ်မှု ပြောင်းလဲအုပ်ချုပ်ခြင်းစသည်တို့ ပါဝင်ပါကြောင်း၊ ထို့ပြင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအပိုင်းတွင်လည်း မိမိတို့ပါဝင်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ မိမိတို့၏နော်ဝေကုမ္ပဏီများသည် နာမည်ကြီးကုမ္ပဏီများဖြစ်ပြီး မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် ပါဝင်ကူညီရန်ဆန္ဒရှိကြပါကြောင်း၊ အားလုံးတန်းတူညီတူ ယှဉ်ပြိုင်သည့်အနေအထား၊ သိသာမြင်သာသည့်မျှတသော၊ ပွင့်လင်းသော စီးပွားရေးအခြေအနေ ဖန်တီးရန်သည် အောင်မြင်မှုအတွက် အဓိကဖြစ်ပါကြောင်း၊ မိမိတို့ ယခုညနေတွင်လည်း ဆက်ပြီးဆွေးနွေးသွားမည် ဖြစ်ပါကြောင်း။

မေး ။ ။ နော်ဝေနိုင်ငံနှင့်မြန်မာနိုင်ငံ ထိတွေ့မှုတွင် မည်သည့်နည်းလမ်းဖြင့် နော်ဝေနိုင်ငံ၏ ကုမ္ပဏီများ အထူးသဖြင့် ဂက်စ်၊ ရေနံကဏ္ဍတို့တွင် မြန်မာနိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံနိုင်မည်ကို သိလိုပါကြောင်း။

နိုင်ငံတော်သမ္မတ။ ။ မြန်မာနိုင်ငံအနေဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် လိုအပ်ချက် သုံးချက်ရှိပါကြောင်း၊ ယင်းတို့မှာ အရင်းအနှီး၊ နည်းပညာပိုင်း၊ လူ့စွမ်းအားအရင်းအမြစ်တို့ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံတွင် သဘာဝအရင်းအမြစ်များ ပေါကြွယ်ဝပါကြောင်း၊ သဘာဝအရင်းအမြစ်များ ပေါကြွယ်ဝပြီး အရင်းအနှီးလိုအပ်ချက်၊ နည်းပညာလိုအပ်ချက်နှင့် လူ့စွမ်းအားအရင်းအမြစ်လိုအပ်ချက်များကြောင့် စီးပွားရေးမှာ ဖွံ့ဖြိုးတိုးတက်သင့်သလောက် မဖွံ့ဖြိုးခြင်းဖြစ်ပါကြောင်း၊ နော်ဝေနိုင်ငံနှင့် ပတ်သက်ပြီး မိမိတို့လိုအပ်သည့် အချက်သုံးချက်ပြည့်စုံပြီးသား ဖြစ်ပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံနိုင်သည့် နယ်ပယ်မှာ ဂက်စ်နှင့် ရေနံတင်မကပါကြောင်း၊ ကျန်သည့်နယ်ပယ်များ၊ ကျန်သည့်လုပ်ငန်းများလည်း အများကြီးရှိပါကြောင်း၊ ထို့ကြောင့် ရင်းနှီးမြှုပ်နှံသည့် နေရာတွင်လာရောက်ပြီး ရင်းနှီးမြှုပ်နှံမည့် ကုမ္ပဏီများအတွက်လည်း အကျိုးအမြတ်ရှိအောင်၊ မြန်မာနိုင်ငံပြည်သူများအတွက်လည်း အကျိုးအမြတ်ရှိအောင်၊ မြန်မာအစိုးရအတွက်လည်း အကျိုးအမြတ်ရှိအောင် သုံးဦး၊ သုံးဖလှယ်အကျိုးအမြတ်ရှိသည့် နည်းလမ်းများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

အောက်ပိုင်းဒေသများနေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၂၈

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် ဖေဖော်ဝါရီလ၏ပျမ်းမျှအပူချိန်ထက် ၃ဒီဂရီစင်တီဂရိတ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ် ပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ ထူးခြားသည့်ညအပူချိန်များမှာ နမ့်စန်မြို့၊ ဟဲဟိုးမြို့နှင့် ဟားခါးမြို့တို့တွင် ၄ ဒီဂရီစင်တီဂရိတ်စီနှင့် ပင်လောင်းမြို့တွင် ၆ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာမိုးရေချိန်မှာ မြိတ်မြို့တွင် ၀ ဒသမ ၈ လက်မဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့် သာယာမည်။





ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂၈

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီကျွင်းဟွာအား ယနေ့ညနေ ၄ နာရီတွင် အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှု တိုးတက်ခိုင်မာရေး၊ နှစ်နိုင်ငံအကျိုးတူကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော်နာယကနှင့်အတူ အမျိုးသားလွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးကြီး မောင်မောင်ထူး၊ အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်းဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးညွန့်တင်၊ အစိုးရမဟုတ်သော ပြည်တွင်း ပြည်ပအဖွဲ့အစည်းများဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဒေါ်ခင်ဝိုင်းကြည်နှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီကျွင်းဟွာအား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော်

သံနှင့်သံမဏိစက်ရုံစီမံကိန်းသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုရန်ရည်မှန်းပြီး ဆောင်ရွက်နေသည့် နိုင်ငံတော်စီမံကိန်းတစ်ခုဖြစ်

နေပြည်တော် ဖေဖော်ဝါရီ ၂၈

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို ယနေ့တွင် အစီအစဉ် (၇)ခုဖြင့် ကျင်းပသည်။

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးရန် သဘောတူညီထားသောပုဂ္ဂိုလ်များ နာယက၏ ရှေ့မှောက်၌ ကတိသစ္စာပြုကြစဉ်။ (သတင်းစဉ်)

အစည်းအဝေးတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးရန် သဘောတူညီထားသောပုဂ္ဂိုလ်များက နာယက၏ ရှေ့မှောက်၌ ကတိသစ္စာပြုကြသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့် နောက်ဆက်တွဲ ၂(က)ပါ စီမံကိန်းအကြောင်းအရာ ပြင်ဆင်ချက်များနှင့်စပ်လျဉ်းပြီး တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ပြန်လည် ရှင်းလင်းဆွေးနွေးကြပြီး လွှတ်တော်၏အဆုံးအဖြတ်ကို ရယူအတည်ပြုသည်။

နယ်စပ်ရေးရာ ဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးကဏ္ဍကို လုပ်ငန်း(၁၅)ရပ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ငွေလုံးငွေရင်း အသုံးစရိတ်ကျပ် ၁၄၃၄၁၆ ဒသမ ၈၃၅ သန်းကို လျာထားတင်ပြခဲ့သော်လည်း ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီက ဒေသလိုအပ်ချက်အရ ဖွံ့ဖြိုးရေးအတွက် ထိထိရောက်ရောက် အကျိုးသက်ရောက်စေမည့် လုပ်ငန်းများဦးစားပေး၍ ကျပ်သန်းပေါင်း ၁၅၃၃၈ ဒသမ ၇၉၈ ကို စိစစ်လျှော့ချပြီး အဆိုပါ စိစစ်လျှော့ချငွေဖြင့် ပူတာအိုခရိုင်အတွင်းမှ ပူတာအိုမြို့နယ်၊ နောင်မွန်းမြို့နယ်၊ ပန်နန်းတင်မြို့နယ်များ၌ စိုက်ပျိုးမြေဖော်ထုတ်ခြင်း၊ ရေရရှိရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ ဆော့လော်၊ ချီဖွေ၊ နောင်မွန်းနှင့်အင်ဂျန်းယန်မြို့နယ်များ၌ ဆိုင်ကယ်လမ်းများဖောက်လုပ်ခြင်း၊ တံတားများပြုပြင်မွမ်းမံခြင်း၊ ချီဖွေမြို့နယ်နှင့်ဆွန်ပရာဘွမ်မြို့နယ်များ၌ သောက်သုံးရေနှင့် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ မချမ်းဘောမြို့နယ်၌ ကျေးရွာမီးလင်းရေးနှင့် ပြည်နယ်၊ တိုင်းဒေသကြီးများ၏ ဒေသဖွံ့ဖြိုးရေးများကို ဦးစားပေး၍ ဆောင်ရွက်သင့်ပါကြောင်း ပြင်ဆင်အဆိုပြုခဲ့ရာ လွှတ်တော်က ပြင်ဆင်ထားသည့်အတိုင်း လျာထားဆောင်ရွက်ရန် အတည်ပြုသည်။ ထို့ပြင် နယ်စပ်ရေးရာဝန်ကြီးဌာန ကျေးရွာဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကျပ်သန်း ၆၇၄၉၂ ဒသမ ၉၀၂အား ဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်ရန် ကတိပြုထားသည့် လုပ်ငန်းများအတွက် ကျပ်သန်း ၈၀၀၀ ထပ်မံ တိုးမြှင့်လျာထားပေးခဲ့သည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန၏လုပ်ငန်းသစ်များ၏အောက်တွင် ပုသိမ်၊ ကလေးပြုစုရေးဌာန ကွန်ကရစ်ကျောင်းဆောင်တစ်လုံး ဆောက်လုပ်ခြင်း ကျပ် ၁၂၆ သန်းနှင့် ဖျာပုံမူလတန်းကျောင်း ကွန်ကရစ် မူကြိုကျောင်းဆောင်သစ်တစ်လုံးဆောက်လုပ်ခြင်း ကျပ် ၉၉ သန်းကို ထပ်မံဖြည့်စွက်ခွင့်ပြုခဲ့သည်။

ကျန်းမာရေးဦးစီးဌာန၏ ဆောင်ရွက်ဆဲလုပ်ငန်းများအနက် နေပြည်တော် ခုတင် (၅၀၀)ဆံ့ ဗဟိုအမျိုးသမီးဆေးရုံ၊ နေပြည်တော်ခုတင် (၅၀၀)ဆံ့ ကလေးဆေးရုံကြီး၊ နေပြည်တော် ခုတင် (၅၀၀)ဆံ့ အရိုးအထူးကုဆေးရုံ၊ နေပြည်တော် မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းဆေးရုံစသည့် ဆေးရုံလေးရုံကို ဆိုင်းငံ့ရန်၊ နိုင်ငံ့ဝန်ထမ်း အငြိမ်းစားများ၏ အထူးကုဆေးရုံ ခုတင်(၁၀၀) ကို ခွင့်ပြုရန်နှင့် ဆိုင်းငံ့လိုက်သော စီမံကိန်းများမှ ရန်ကုန်ပြည်သူ့ဆေးရုံကြီး တိုးချဲ့ပြုပြင်မွမ်းမံရေးနှင့် အဆင့်မြှင့်တင်ရေးလုပ်ငန်း ကျပ်သန်း ၅၀၀၀၊ ထပ်မံထည့်သွင်းမည့် စီမံကိန်း ၆၂ ခုအတွက် ကျပ် ၇၀၇၂ သန်း ပြင်ဆင်လျာထားပေးခဲ့သည်။ ကျန်းမာရေးဝန်ကြီးဌာနက ဂန့်ဂေါမြို့နယ် မြောက်ခရမ်းရွာ တိုက်နယ်ဆေးရုံခွင့်ပြုပြီးဖြစ်သော်လည်း စီမံကိန်းတွင် မပါ၍ ထည့်သွင်းပေးခဲ့သည်။ ခုတင် (၁၀၀) ဆံ့ တိုင်းရင်း ဆေးရုံ နေပြည်တော် ဆောက်လုပ်ခြင်းကို ဆိုင်းငံ့ရန်နှင့် မြစ်ကြီးနား ခုတင်(၅၀) ဆံ့ တိုင်းရင်းဆေးရုံ ဆောက်လုပ်ရန် ခွင့်ပြုခဲ့သည်။

စက်မှုဝန်ကြီးဌာန တိုးချဲ့ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန တန်ဖိုးငွေကျပ်သန်း ၆၀၀ ကို ရပ်ဆိုင်းရန်၊ ပြည်သူ့လွှတ်တော် ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီက အဆိုတင်သွင်းသော်လည်း ကန့်ကွက်ဆန္ဒမဲများသည့်အတွက် မူလပြဋ္ဌာန်းချက်အတိုင်း အတည်ပြုခဲ့သည်။ စက်မှုဝန်ကြီးဌာန အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း၊ လုပ်ငန်းစီမံကိန်းများ၏ အမှတ်(၄) သံမဏိစက်ရုံ (မြင်းခြံ) တန်ဖိုးငွေကျပ် ၃၇၇၂၄၈ ဒသမ ၀၀၅ သန်း ရပ်ဆိုင်းရန် ပြည်သူ့လွှတ်တော် ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီက အဆိုတင်သွင်းသော်လည်း ကန့်ကွက်ဆန္ဒမဲများသည့်အတွက် မူလပြဋ္ဌာန်းချက်အတိုင်း အတည်ပြုခဲ့သည်။

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးအေးမြင့်က နိုင်ငံတကာနှင့် မြန်မာနိုင်ငံ၏ သံနှင့်သံမဏိ ထုတ်လုပ်မှုနှင့် အသုံးပြုမှုအခြေအနေများကို နှိုင်းယှဉ်ကြည့်လျှင် လက်ရှိအချိန်တွင် မြန်မာနိုင်ငံတွင် သံမဏိစက်ရုံစီမံကိန်းများပြီးစီး၍ စွမ်းအားပြည့်ထုတ်လုပ်မည်ဆိုလျှင် တစ်နှစ်တွင် သံနှင့် သံမဏိပစ္စည်းတန်ချိန် ၄၀၀၀၀၀ ခန့်ကိုသာ ထုတ်လုပ်နိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံတကာတွင်ရှိသည့် သံနှင့်သံမဏိထုတ်လုပ်ရေး

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ ဦးရဲမြင့် ပြောကြားစဉ်။ (မြန်မာ့အလင်း)

လုပ်ငန်းများ၏ စံနှုန်းမှာ တစ်နှစ်လျှင် တန်ချိန် ၅၀၀၀၀၀ ခန့် ထုတ်လုပ်နိုင်လျှင် အငယ်စားအဆင့်စက်ရုံ(Mini-Plant) အဖြစ်လည်းကောင်း၊ တန်ချိန် ၁၀၀၀၀၀၀ အထိ ထုတ်လုပ်နိုင်လျှင် အလတ်စားစက်ရုံ (Medium- Plant) အဖြစ်လည်းကောင်း၊ တန်ချိန် ၃၀၀၀၀၀၀ မှ ၄၀၀၀၀၀၀ အထိ ထုတ်လုပ်နိုင်လျှင် အကြီးစားစက်ရုံ (Heavy- Plant) အဖြစ်လည်းကောင်း သတ်မှတ်ထားသည့်အတွက် သံမဏိစက်ရုံတစ်ခုတွင် အနည်းဆုံးတန်ချိန် ၂၀၀၀၀၀၀ နှင့်အထက် ထုတ်လုပ်နိုင်သည့် စက်ရုံများကိုသာ နိုင်ငံတကာတွင် တည်ဆောက်နေကြပါကြောင်း၊ ယခုမြန်မာနိုင်ငံတွင် တည်ဆောက်နေသည့် တစ်နှစ်လျှင် တန်ချိန် ၄၀၀၀၀၀ ထုတ်လုပ်နိုင်မည့် စက်ရုံသည် နိုင်ငံတကာစံချိန် စံညွှန်းနှင့်နှိုင်းယှဉ်လျှင် အငယ်စားအဆင့် စက်ရုံ (Mini-Plant) အဆင့်ပင် မရှိဘဲအလွန်သေးငယ်သည့် (Micro-Plant)အဆင့်သာရှိသည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း။

သံနှင့် သံမဏိစက်ရုံစီမံကိန်းသည် ပုဂ္ဂလိကစီးပွားရေးကုမ္ပဏီတစ်ခုက ဆောင်ရွက်နေသည့် စီမံကိန်းမဟုတ်ဘဲ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုရန် ရည်မှန်းပြီး ဆောင်ရွက်နေသည့် နိုင်ငံတော်စီမံကိန်းတစ်ခု ဖြစ်ပါကြောင်း၊ နိုင်ငံတော်စီမံကိန်းဖြစ်သည့်အတွက် စီးပွားရေးအကျိုးအမြတ်တစ်ခုတည်းကိုသာမကြည့်ဘဲ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများကို ဖန်တီးပေးနိုင်ရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး သံနှင့် သံမဏိထုတ်လုပ်သည့်နည်းပညာများ လွှဲပြောင်းရရှိရေးစသည့် ဘက်စုံရည်မှန်းချက်များထား၍ ဆောင်ရွက်နေသည့် စီမံကိန်းတစ်ခုဖြစ်ပါကြောင်း ရှင်းလင်းတင်ပြခဲ့သည်။

အမျိုးသားစီမံကိန်း ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးအတည်ပြုဆုံးဖြတ်ချက်များအပေါ် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၄)မှ ဦးရဲမြင့်က “လွှတ်တော်မှာ မဲခွဲဆုံးဖြတ်တာနဲ့ပတ်သက်လို့ စီမံကိန်းတွေကို ရေးဆွဲတဲ့အခါ နီးမှုကပ်ပြီး ရေးဆွဲကြတာများပါတယ်။ နောက်တစ်ခုက စီမံကိန်းတွေကို ယာယီ အကြမ်းဖျင်းစီမံကိန်းရေးဆွဲလိုက်တာပါ။ အဲဒီတော့ တစ်ဦးချင်းရဲ့ သဘောထားကိုကျတော့ အစိုးရဝန်ကြီးဌာနတွေက မသိတာများတယ်။ နောက်ပြီး နယ်စပ်ဒေသတွေထဲမှာ ဖွံ့ဖြိုးမှုမရှိသေး၊ မညီမျှသေးတဲ့ ဒေသတွေရှိနေတာကို သူတို့က မသိကြဘူး။ ကျွန်တော်တို့က ပညာရေး၊ ကျန်းမာရေးနဲ့ ပတ်သက်လို့ နယ်တွေကိုဆင်းကြတယ်။ ဒေသခံတွေရဲ့အသံကို နားထောင်တယ်။ နားထောင်ပြီးမှ ဆုံးဖြတ်ချက်ပေးပါတယ်။ အဲဒီတော့ ဝန်ကြီးဌာနတွေကလည်း သူတို့အမြင်နဲ့ သူတို့လုပ်တယ်။ ဒီဘက်ကကျတော့လည်း ကျွန်တော်တို့က ပြည်သူလူထုရဲ့အသံကိုနားထောင်ပြီး ဆုံးဖြတ်ချက်ပေးရတာပေ့ါ။ အကျဉ်းချုပ်ပြောရရင် အချို့စီမံကိန်းတွေကနေ ဘဏ္ဍာငွေကိုလျှော့ချပြီး လတ်တလော သုံးသင့်တဲ့နေရာတွေမှာသုံးမှုလည်း အကျိုးရှိမယ်လို့ထင်ပါတယ် ”ဟု ပြောပြသည်။

ရေတာရှည်မဲဆန္ဒနယ်မှ ဦးမျိုးသန့်က “ကျွန်တော်တို့ကိုယ်စားလှယ်အားလုံးက တိုင်းပြည်ကို ဖွံ့ဖြိုးတိုးတက်စေချင်တယ်။ အခုမဲခွဲဆုံးဖြတ်လိုက်တာကိုကြည့်ရင် ပညာရေး၊ ကျန်းမာရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးတွေနဲ့ပတ်သက်ပြီး ဖွံ့ဖြိုးတိုးတက်အောင် လုပ်တာတွေကို ကိုယ်စားလှယ်တွေအားလုံးက ထောက်ခံမဲပေးကြတာများတာကို တွေ့ရပါတယ်။ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် လမ်းတွေဖောက်တာ၊ ရေရရှိရေးအတွက်လုပ်ဆောင်တာ၊ ကျန်းမာရေး၊ ပညာရေးအတွက် ဆောင်ရွက်တဲ့နေရာတွေမှာ ဘဏ္ဍာငွေသုံးစွဲတာကို ကျွန်တော်တို့ ကိုယ်စားလှယ်တွေ ထောက်ခံကြပါတယ်။ ဘဏ္ဍာငွေကို လျှော့ချဖို့လည်း မတောင်းဆိုပါဘူး။ ဒါဟာ ကျွန်တော်တို့ ကိုယ်စားလှယ်တွေရဲ့ ပြည်သူတွေအပေါ်ထားတဲ့ စေတနာတွေပါ။ ကျွန်တော့်သဘောထားကတော့ တိုင်းပြည်ကို အချိန်နှင့်တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်စေချင်ပါတယ်။ နောက်ပြီး ဆေးရုံဆောက်တာ

ရေတာရှည် မဲဆန္ဒနယ်မှ ဦးမျိုးသန့် ပြောကြားစဉ်။ (မြန်မာ့အလင်း)

တွေ ဆိုင်းငံ့ထားဖို့၊ အချို့စီမံကိန်းတွေမှာ ဘဏ္ဍာငွေလျှော့ဖို့ အဆိုတင်သွင်းတာကလည်း လက်ရှိ ရှိနေတဲ့ ဆေးရုံတွေမှာ ဆေးနဲ့ ဆေးပစ္စည်းကိရိယာတွေ ဖြည့်တင်းပေးဖို့နဲ့ ပညာရေး၊ ကျန်းမာရေးကဏ္ဍတွေမှာ ပိုမိုသုံးစွဲလို့ရအောင်လို့ပါ။ ဒါကြောင့် အချို့အသုံးစရိတ်တွေမှာလျှော့ချဖို့ အဆိုပြုကြတာ ဖြစ်ပါတယ်။ အချို့လုပ်ငန်းတွေ ဆိုင်းငံ့ထားဖို့၊ ဘဏ္ဍာငွေလျှော့ချဖို့ အခုလို မဲခွဲဆုံးဖြတ်တော့ အများရဲ့ဆန္ဒဖြစ်တဲ့အတွက် အကောင်းဆုံးပါပဲ” ဟု ပြောပြသည်။

အစည်းအဝေးကို ညနေ ၃ နာရီ ၁၅ မိနစ်တွင် ရပ်နားပြီး အစည်းအဝေး (၁၆) ရက်မြောက်နေ့ကို မတ် ၁ ရက် နံနက် ၁၀ နာရီတွင် ကျင်းပသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း အမေရိကန်ကုန်သည်ကြီးများအသင်းမှ စီးပွားရေးလုပ်ငန်းရှင်များအဖွဲ့အားလက်ခံတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂၈

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် အမေရိကန်ကုန်သည်ကြီးများအသင်းမှ အာရှရေးရာ ဒုတိယဥက္ကဋ္ဌ Ms. Tami Overby ဦးဆောင်သည့် စီးပွားရေးလုပ်ငန်းရှင်များအဖွဲ့အား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် မြန်မာ-အမေရိကန်နှစ်နိုင်ငံလွှတ်တော်နှင့် အစိုးရများအကြား ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေး၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး၊ နိုင်ငံရေးနှင့် စီးပွားရေးပြုပြင်ပြောင်းလဲမှုများ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် နီးကပ်စွာပူးပေါင်းဆောင်ရွက်ရေး၊ ဘဏ္ဍာရေးလုပ်ငန်းများနှင့် ကုန်သွယ်မှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တက်ရောက်

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဦးမောင်မောင်သိမ်း၊ ဦးသိန်းဇော်၊ ဦးသိန်းဆွေ၊ဦးလှမြင့်ဦး၊ ဦးသူရိန်ဇော်၊ ဦးတီခွန်မြတ်နှင့်ဦးဌေးမြင့်၊ အတွင်းရေးမှူးများဖြစ်ကြသည့် ဒေါက်တာစိုးရင်နှင့် ဦးမောင်တိုး၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း အမေရိကန်ကုန်သည်ကြီးများအသင်းမှ အာရှရေးရာ ဒုတိယဥက္ကဋ္ဌ **Ms. Tami Overby** အား နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား **Hanns Seidel Foundation (HSF)**မှ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာအဖွဲ့၏ညွှန်ကြားရေးမှူး **Mr.Christian Hegemer** ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်ရေးရာဆောင် **(I-1)** ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား Hanns Seidel Foundation (HSF)မှ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာအဖွဲ့၏ညွှန်ကြားရေးမှူးလာရောက်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂၈

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား Hanns Seidel Foundation (HSF) မှ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာအဖွဲ့၏ ညွှန်ကြားရေးမှူး Mr.Christian Hegemer ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲ ၂ နာရီ မိနစ် ၅၀ တွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်ရေးရာ ဆောင် (I-1) ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး လွှတ်တော်နှင့် Hanns Seidel Foundation (HSF) နှစ်ဖက် ပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ်များ၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲများနှင့်အခြားအကူအညီပေးရေးဆိုင်ရာတို့ကိုရင်းနှီး ပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ ပြည်သူ့ငွေစာရင်းကော်မတီအတွင်းရေးမှူး ဦးမောင်တိုး၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင် ဦးဝင်းသိမ်းနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများတက်ရောက်ကြသည်။ **(သတင်းစဉ်)**

အမျိုးသားညီညွတ်ရေးကွန်ဂရက်ပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

ကြေညာချက်အမှတ် (၅/၂၀၁၃)

၁၃၇၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက်
(၂၀၁၃ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်)

အမျိုးသားညီညွတ်ရေးကွန်ဂရက်ပါတီအား

နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ (၅)ရပ်ကွက်၊ ၃၇ လမ်း(အောက်)၊ (၅)လွှာ၊ အမှတ် (၁၀၄)တွင် ပါတီရုံးချုပ် ဖွင့်လှစ်ထားရှိသော အမျိုးသားညီညွတ်ရေးကွန်ဂရက်ပါတီအား ၂၀၁၃ခုနှစ်၊ ဖေဖော်ဝါရီ ၂၈ ရက်မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်းကြေညာအပ်ပါသည်။

အမျိုးသားညီညွတ်ရေးကွန်ဂရက်ပါတီ၏ မှတ်ပုံတင်အမှတ်မှာ (၆၂) ဖြစ်ပါသည်။

အမိန့်အရ
(တင်ထွန်း)
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

တက္ကသိုလ်ဝင်စာမေးပွဲအကြိုကာလနှင့် ဖြေဆိုချိန်ကာလများအတွင်း လျှပ်စစ်ဓာတ်အားပိုမိုဖြန့်ဖြူးပေးနိုင်ရန် သဘာဝဓာတ်ငွေ့တိုးမြှင့်ဖြန့်ဖြူးပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၂၈

စွမ်းအင်ဝန်ကြီး ဌာနသည် နိုင်ငံတော်၏ စွမ်းအင်လိုအပ်ချက်ကိုအဘက်ဘက်မှဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာ တက္ကသိုလ်ဝင်စာမေးပွဲအကြိုကာလနှင့် ဖြေဆိုချိန်ကာလများအတွင်း ကျောင်းသားကျောင်းသူများ အဆင်ပြေလွယ်ကူစွာစာပေလေ့ကျင့် ကျက်မှတ်နိုင်ရေး လျှပ်စစ်ဓာတ်အားပိုမို ထုတ်လုပ်ဖြန့်ဖြူးနိုင်ရန် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ညှိနှိုင်း၍သဘာဝဓာတ်ငွေ့တိုးမြှင့်ဖြန့်ဖြူးပေးနိုင်ရေးအတွက်အမှတ် (၁) ဓာတ်မြေသြဇာစက်ရုံ (စလေ)၊ ကျောက်ဆည် ဆင်မင်း(၁)နှင့် ဆင်မင်း(၂) ဘိလပ်မြေစက်ရုံ၊ စက်မှုဝန်ကြီးဌာနကြီးကြပ်မှုအောက်ရှိ ဘိလပ်မြေစက်ရုံ (ကျောက်ဆည်)၊စက်မှုဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိ ချောက်နှင့် ကျောက်ဆည်ဒေသများမှ စက်ရုံငယ် (၈)ရုံ၊ ကြံခင်းဘိလပ်မြေ စက်ရုံ၊ သရက်ဘိလပ်မြေစက်ရုံနှင့် ကျောက်ဆွယ်ကျိုး သံမဏိစက်ရုံများသို့ သဘာဝဓာတ်ငွေ့ဖြန့်ဖြူးမှု ခေတ္တရပ်ဆိုင်းပြီး ကုန်းတွင်း သဘာဝဓာတ်ငွေ့ကုဗပေ (၁၀)သန်းနှင့်ကမ်းလွန်သဘာဝဓာတ်ငွေ့ကုဗပေ သန်း (၃၀)ကို ဖြန့်ဖြူးပေးထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သစ်ပင်စိုက်လျှင် ဒို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ

မြန်မာ့ရုပ်မြင်သံကြား

၁-၃-၂၀၁၃ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀ တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၃၀ နံနက်ခင်းသတင်း
၈း၁၀ Road to 27th SEA Games (မြားပစ်)
၈း၂၅ တိုင်းရင်းသားများတွဲလက်ညီ ဖွံ့ဖြိုးစေမည်အသားကဏ္ဍ
မွေးမြူရေးဇုန်ရှမ်းရိုးမ

ညပိုင်း

၄း၀၅ တေးဂီတအစီအစဉ်
၄း၃၅ ၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြုဘာသာရပ်ဆိုင်ရာသင်ခန်းစာ (မြန်မာစာဘာသာရပ်)
၅း၁၅ မြန်မာစာ၊ မြန်မာစကား
၅း၃၅ အိန္ဒိယရုပ်ရှင် **ဖြူစင်မေတ္တာ** (အပိုင်း-၄၇)
၆း၀၀ ညနေခင်းသတင်း
၆း၁၅ မိုးလေဝသအခြေအနေ
၆း၅၀ နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာသစ္စာ** (ဒုတိယတွဲ) (အပိုင်း-၁၇)
၇း၀၀ ပြည်တွင်းသတင်း
၈း၀၀ ပြည်တွင်းသတင်း
- ပြည်သူတို့ရဲ့စကားသံများ
- ပြည်ထောင်စုဖလား အားကစားပြိုင်ပွဲ တစ်နေ့တာမှတ်တမ်း
- စွမ်းအားဖြစ်တည်မြန်မာပြည် (SEMs (AC E) Workshop)

၁၀း၀၀ ပြည်တွင်းသတင်း

ပြည်သူ့လွှတ်တော်နိုင်ငံ…
UNDP နှင့် CIIS တို့…

နေပြည်တော် ဖေဖော်ဝါရီ ၂၈

ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌ ဦးလှမြင့်ဦးအား ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ် (UNDP) မှ Mr. Edin Elgsaether ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲ ၂ နာရီတွင်နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အဆောင်အမှတ် (၁)ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး

နေပြည်တော် ဖေဖော်ဝါရီ ၂၈

အာဆီယံနိုင်ငံ့ဝန်ထမ်းဆိုင်ရာအစည်းအဝေးများ၏ ဥက္ကဋ္ဌတာဝန်ကို အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ အမည်အက္ခရာစဉ်လိုက် (၂)နှစ်လျှင်တစ်ကြိမ် အလှည့်ကျ ထမ်းဆောင်လျက်ရှိသည်။ မလေးရှားနိုင်ငံကဥက္ကဋ္ဌတာဝန်ကို ၂၀၁၂ ခုနှစ် အောက်တိုဘာလ ၅ ရက်နေ့တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသို့ လွှဲအပ်ခဲ့ပြီးနောက် မြန်မာနိုင်ငံအနေဖြင့် ဥက္ကဋ္ဌတာဝန်ကို ၂၀၁၃ ခုနှစ်နှင့် ၂၀၁၄ ခုနှစ်များတွင် ထမ်းဆောင်ရမည်ဖြစ်သည်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့သည် နိုင်ငံ့ဝန်ထမ်းဆိုင်ရာ ကိစ္စရပ်များကို အဓိကတာဝန်ယူဆောင်ရွက်လျက်ရှိပြီး (၁၇)ကြိမ်မြောက် အာဆီယံနိုင်ငံ့ဝန်ထမ်း အဖွဲ့အစည်းဆိုင်ရာ ကြိုတင်ပြင်ဆင်မှု အစည်းအဝေးကို ပုဂံမြို့ ရွှေနန်းတော်ဟိုတယ်၌ ၂၀၁၃

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒုတိယဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂၈

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာ လီကျွင်းဟွာသည် ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ဧည့်ခန်းမဆောင်၌ လာရောက်တွေ့ဆုံသည်။

ဆွေးနွေး

ထိုသို့တွေ့ဆုံရာတွင် သံအမတ်ကြီး တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း မြန်မာ-တရုတ် နှစ်နိုင်ငံ အစိုးရနှင့်တပ်မတော်နှစ်ရပ် အကြား ချစ်ကြည်ရင်းနှီးစွာပူးပေါင်းဆောင်ရွက်နိုင်ခဲ့မှုများ၊ နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးဆောင်ရွက်နိုင်ခဲ့မှုများ၊ မဲခေါင်မြစ်ဝှမ်းဒေသမူးယစ်ဆေးဝါး ပပျောက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ခဲ့မှုနှင့် ဆက်လက်ဆောင်ရွက်ရန် ကိစ္စရပ်များ၊ နယ်စပ်ဒေသစီမံခန့်ခွဲရေးဆိုင်ရာ သဘောတူညီမှုအား ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည့် ကိစ္စရပ်များ၊ စီမံကိန်းများနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်နှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး လှဌေးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး သူရသက်ဆွေ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေတို့ တက်ရောက်ကြပြီး မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီးနှင့်အတူ တရုတ်စစ်သံမှူး Senior Colonel Xiong Shaowei နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီကျွင်းဟွာ နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ဧည့်ခန်းမဆောင်၌ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

...တ်တော်နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌအား ...နှင့် CIIS တို့မှ ကိုယ်စားလှယ်အဖွဲ့များ သီးခြားစီတွေ့ဆုံ

ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ်ဖြင့် လွှတ်တော်များ အရည်အသွေးမြှင့်တင်ရေးဆိုင်ရာ နှီးနှောဖလှယ်ပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများကျင်းပရေး ကိစ္စများကို ဆွေးနွေးခဲ့ကြသည်။(ဝဲပုံ)

အလားတူ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌအား China Institute of International Studies (CIIS) ဒုတိယဥက္ကဋ္ဌ Mr. Ruan Zongze ဦးဆောင်သောကိုယ်စားလှယ် အဖွဲ့သည် ညနေ ၄ နာရီတွင် လာရောက်တွေ့ဆုံပြီး လွှတ်တော်များ၏ မြန်မာနိုင်ငံတွင် ဒီမိုကရေစီ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်နေမှုနှင့် လွှတ်တော်များ၏ အခန်းကဏ္ဍ၊ ပြည်သူ့ကိုယ်စားလှယ်များအခန်းကဏ္ဍများကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

အမှားပြင်ဆင်ချက်

ဖေဖော်ဝါရီ၂၈ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ၈တွင် ပါရှိသော တက္ကသိုလ်ဝင်တန်း စာမေးပွဲကာလအတွင်း အများပြည်သူအားဦးစားပေးလျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးမည် သတင်း၏ဒုတိယကော်လံ ဒုတိယစာပိုဒ်တွင် **"လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် ၂၀၁၃ခုနှစ်မတ်လအတွင်း တက္ကသိုလ်ဝင်တန်းစာမေးပွဲအတွက် နေ့စဉ် ညနေ ၅ နာရီမှ နောက်နေ့နံနက် ၅ နာရီအထိ"** ဟု ပြင်ဆင်ဖတ်ရှုပါရန် အနူးအညွတ်မေတ္တာရပ်ခံတောင်းပန်အပ်ပါသည်။ **(မြန်မာ့အလင်း)**

(၁၇)ကြိမ်မြောက် အာဆီယံနိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းဆိုင်ရာ ကြိုတင်ပြင်ဆင်မှုအစည်းအဝေးကျင်းပ

ခုနှစ် ဖေဖော်ဝါရီလ ၂၇ ရက်နှင့် ၂၈ ရက်နေ့တွင် ကျင်းပခဲ့သည်။ ယင်းအစည်းအဝေးကို "ပြည်သူ့ဆန္ဒနှင့် လူမှုဘဝသာယာဝပြောပြည့်စုံအောင် ဖြည့်ဆည်းပေးနိုင်ရေးဆီသို့" ဟူသည့် ရည်မှန်းချက်ဖြင့် ကျင်းပခဲ့သည်။ အစည်းအဝေးသို့ အာဆီယံနိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းအသီးသီးမှ အဆင့်မြင့်အရာထမ်းကိုယ်စားလှယ်များ၊အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်များနှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ တာဝန်ရှိအရာထမ်းများ တက်ရောက်ကြသည်။အစည်းအဝေးဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဝေမြင့်က အဖွင့်အမှာစကားပြောကြားပြီး သဘာပတိအဖြစ်တာဝန်ယူကာ အစည်းအဝေးများကို ကျင်းပခဲ့သည်။

အစည်းအဝေးတွင် တက်ရောက်လာကြသော အာဆီယံအဖွဲ့ဝင်နိုင်ငံကိုယ်စားလှယ်များက (၁၇) ကြိမ်မြောက် အာဆီယံနိုင်ငံ့ဝန်ထမ်းဆိုင်ရာ အစည်းအဝေးတွင် တင်သွင်းမည့် အစည်းအဝေး၏ ရည်ရွယ်ချက်နှင့် သက်ဆိုင်သည့် နိုင်ငံအလိုက်စာတမ်းနှင့် နည်းပညာစာတမ်းများ၏ ခေါင်းစဉ်တို့ကို ရွေးချယ်အဆိုပြုခြင်း၊ ၂၀၁၃ ခုနှစ် စက်တင်ဘာလတွင် ရန်ကုန်မြို့၌ ကျင်းပမည့် အာဆီယံနိုင်ငံ့ဝန်ထမ်းဆိုင်ရာ အဆင့်မြင့်အရာထမ်းများ အစည်းအဝေး အစီအစဉ်ကို အတည်ပြုခြင်း၊ ၂၀၁၄ ခုနှစ်တွင် ကျင်းပမည့် အာဆီယံနိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲများ အစည်းအဝေး၊ ဒုတိယအကြိမ်မြောက် အာဆီယံနှင့်ဆွေးနွေးဖက်သုံးနိုင်ငံ နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲများ အစည်းအဝေး၊ ကောင်းမွန်သော အုပ်ချုပ်မှုစနစ်ဖိုရမ်နှင့် အာဆီယံနှင့်ဆွေးနွေးဖက်သုံးနိုင်ငံ၏ နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးများ ကျင်းပမည့် အစီအစဉ်တို့ကို ဆွေးနွေးဆုံးဖြတ်ခဲ့ကြသည်။ ထို့အပြင် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်က ၂၀၁၂ ခုနှစ် နိုဝင်ဘာလ ၁၈ ရက်နေ့တွင် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ ကျင်းပပြုလုပ်ခဲ့သည့် အာဆီယံ ထိပ်သီးအစည်းအဝေး၏ နိုင်ငံ့ဝန်ထမ်းကဏ္ဍဆိုင်ရာ ဆွေးနွေးဆုံးဖြတ်ချက်များနှင့် ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။ဆက်လက်၍ အာဆီယံနိုင်ငံများရှိနိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းများ၌ ဖွဲ့စည်းတည်ထောင်ထားရှိသော အာဆီယံလူ့စွမ်းအားဗဟိုဌာနများ၏ ဆောင်ရွက်ချက် နောက်ဆုံးအခြေအနေများကို နိုင်ငံအလိုက် ရှင်းလင်းတင်ပြကြပြီး အာဆီယံနိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းများ၏ လုပ်ငန်းအစီအစဉ်များ (၂၀၀၈-၂၀၁၅)၊ အာဆီယံနှင့် ဆွေးနွေးဖက်သုံးနိုင်ငံများ၏ လုပ်ငန်းအစီအစဉ်များ (၂၀၁၂-၂၀၁၅) ကို ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

ပြုပြင်ပြောင်းလဲရေး တတိယအဆင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ စွမ်းဆောင်ရည်မြင့်မားရေး

မောင်မောင်တင်

နိုင်ငံရေးပြုပြင်ပြောင်းလဲတာတွေကိုတော့ မြင်တွေ့လာရတယ်။ ဒါပေမယ့် အပြောင်းအလဲတွေရဲ့ အကျိုးကိုတော့ တိုက်ရိုက်မခံစားရသေးဘူး ဟူသောစကားမှာ ပြည်သူလူထုကြားတွင် ကြားနေရသော စကားဖြစ်သည်။ အစိုးရ၏ ဝန်ဆောင်မှုလုပ်ငန်းများကို လူထုက အားမရသည်ကတော့ အရင်အတိုင်းပင်ဟု ထိုစကားကိုနားလည်နိုင်ပါသည်။ သမ္မတကလည်း အလားတူပင် နားလည်ဟန်ရှိသည်။ နိုင်ငံရေးကိုဖွင့်လိုက်ပြီး လူမှုစီးပွား ပြုပြင်ပြောင်းလဲရေးမူဘောင်ကို ချမှတ်ပြီးသောအခါ လက်တွေ့အကောင်အထည်ဖော်ရမည့်ကာလသို့ရောက်လာပေသည်။ ထို့ကြောင့် ၂၀၁၃သည် အစိုးရ၏ အုပ်ချုပ်စီမံခန့်ခွဲပုံ ပြုပြင်ပြောင်းလဲရေးနှစ်အဖြစ် သမ္မတက လမ်းညွှန်မူဝါဒချမှတ်ထားသည်ကို တွေ့ရသည်။ယင်းမူဝါဒနှင့်အညီ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ စွမ်းဆောင်ရည်မြင့်မားရေးကို ပြည်သူလူထုဗဟိုပြုလာသည်အထိ ဆန္ဒခံယူ၊ ဆန်းစစ်သုံးသပ်၊ အကဲဖြတ်လျက် ယင်းလုပ်ငန်းများတိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲသွားရန် စီစဉ်လျက်ရှိသည်။

ဝန်ဆောင်မှုသည် ဝန်ထုပ်ဝန်ပိုးမဖြစ်ထိုက်။ ပွင့်လင်းမြင်သာပြီး အစိုးရကောင်းဖြစ်ရေးကို သမ္မတကရော လူထုကပါ တောင်းဆိုလာသော ခေတ်ကာလတွင် အများပြည်သူအတွက် ဝန်ဆောင်မှုလုပ်ငန်းများကို လုပ်ကိုင်နေကြသော အစိုးရဌာနများ၊ အဖွဲ့အစည်းများ၏ လုပ်ထုံးလုပ်နည်းများ၊ လုပ်ပုံကိုင်ပုံများက လိုက်လျောညီထွေဖြစ်ပါ၏လော။ အဆင်ပြေချောမွေ့ပါ၏လော။ ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော်ဖို့ ဆိုလျှင် ပြည်သူလူထုအသံများသည် ပြုပြင်ပြောင်းလဲရေး၏ ဗဟိုချက်မ ဖြစ်ရပါမည်။ အောက်ခြေမှ အသံများကို အလေးအနက်ထားကြရပါမည်။

ပြည်သူလူထုဟု ယေဘုယျရည်ညွှန်းဆိုလိုက်ရသော်လည်း ဌာနအဖွဲ့အစည်းသဘောအရ ပြောလျှင် ပြည်သူဆိုသည်မှာ မိမိ၏ဝန်ဆောင်မှုကို ယူနေသောသူများသာ ဖြစ်သည်။ သူတို့၏ အသံများကို နားထောင်ကြရပါမည်။ ကုန်သွယ်ရေးအကောက်ခွန်ဌာနများအတွက် ပို့ကုန်သွင်းကုန် လုပ်ငန်းရှင်များ၏ အသံသည် ဌာနများ၏ ပြုပြင်ပြောင်းလဲရေးအတွက် အခရာဖြစ်သည်။ ဗဟိုဘဏ်ကစ၍ ဘဏ်လုပ်ငန်း တစ်ရပ်လုံးအတွက် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံသူများ၊ ကုန်သည်များ၊ ဘဏ်ကိုအသုံးပြုနေကြရသူများ၏အသံသည်သော့ချက်ဖြစ်သည်။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးဌာန၊ ခရီးသွားလုပ်ငန်းဌာနများအတွက် နိုင်ငံခြားသားများ၊ ပြည်ပခရီးသွားနိုင်ငံသားများ၏ အသံသည်အရေးကြီးသည်။

ယခင်နှင့်ယခု ချဉ်းကပ်ပုံကွာခြားချက် အကြီးအကျယ်ရှိပါသည်။ ယခင်က အထက်အသံက အဓိကဖြစ်သည်။ ထိုအခါ အထက်ဗဟိုပြုဖွံ့ဖြိုးတိုးတက်မှုဖြစ်လာ၏။ ဖွံ့ဖြိုးတိုးတက်မှု စဉ်းစားပုံဗဟိုမှာ အထက်၏ လိုအင်သည် အဓိကဖြစ်သည်။ ပြည်သူမဟုတ်၊ အထက်၏ စိတ်ဆန္ဒက အဓိကဖြစ်သည်။ ထိုအထက်အစဉ် တစ်လျှောက်တွင် အဆင့်ဆင့်သော ဗျူရိုကရေစီအရာရှိများ၊ ဝန်ထမ်းများပါသွားကြကုန်၏။ ဤသို့ဖြင့် စိတ်အထာ ကျကြကုန်သည်။ လူထုဗဟိုပြုဖွံ့ဖြိုးတိုးတက်မှုတွင်ကား မိမိဝန်ဆောင်မှုအတွက် မိမိစားပွဲရှေ့လာရပ်သော ပြည်သူတစ်ယောက်က အဓိက ဖြစ်လာသည်။ အောက်အသံနှင့် ဘေးတိုက်အသံများက အဓိက ဖြစ်လာပါသည်။ အထက်သည် ထိုသံစဉ်ကြည်မြပီသရေးကို ဆောင်ရွက်စေရသော အခန်းကဏ္ဍ ဖြစ်သွားပါသည်။

သို့သော် အုပ်ချုပ်စီမံပုံပြုပြင်ပြောင်းလဲရေးတို့ မည်သည်ကား အပြောထက်အလုပ်ခက်လှပါသည်။ အလုပ်လုပ်ပြီဆိုသောအခါ အရေးကြီးတာနှင့်ဖြစ်နိုင်တာကို ချင့်ချိန်ပြီး ဦးစားပေးသတ်မှတ်ရသည်။ မြန်မြန် အကျိုးကျေးဇူးရှိမည့် လုပ်ငန်းကဏ္ဍကို ဖော်ထုတ်ရသည်။ တည်ဆဲဝန်ထုပ်ဝန်ပိုးဖြစ်နေသော မူဝါဒ၊ လုပ်ထုံးလုပ်နည်း၊ နည်းဥပဒေ၊ ဥပဒေတို့ကို ဖယ်ရှားကြရသည်။ စီးပွားရေးတွက်ခြေကိုက်အောင် ကြည့်ရသည်။ အကျိုးရလဒ်နှင့်ချိန်ရသည်။ လိုအပ်သလို ပြည်တွင်းပြည်ပ ကျွမ်းကျင်ပညာရှင်များ၊ အဖွဲ့အစည်းများနှင့် ဆွေးနွေးအကြံဉာဏ်ယူရပါသည်။ အားလုံးမှာ ပွင့်လင်းမြင်သာစွာလုပ်ကိုင်ရေး၊ တာဝန်ခံနိုင်ရေး၊ တာဝန်ယူနိုင်ရေး၊ လက်အောက်သို့ တာဝန်ခွဲဝေဆောင်ရွက်စေရေးနှင့် စွမ်းဆောင်ရည် ထိရောက်ထက်မြက်မှုရှိရေးတို့ကို ဦးတည်ပြီး လက်ရှိဆောင်ရွက်ချက်များကို ပြန်လည်သုံးသပ် အကဲဖြတ်ကြရပါသည်။ အစိုးရဌာနများ၏ ဖွဲ့စည်းတည်ဆောက်ပုံကို ပြင်ဆင်တန်ကပြင်ဆင်ကြရပါသည်။ အီလက်ထရွန်နစ် နည်းပညာများ ရယူကြရပါမည်။ ကွန်ပျူတာအပါအဝင် စက်ကိရိယာများ ထူထောင်ကြရပါမည်။ ချုပ်သော် ပြင်သင့်တာအကုန်ပြင်။

ဘာကြောင့် ယင်းတို့ကိုလုပ်ရသနည်း။ လုပ်ငန်းအဆင့်တွေကို လျှော့ချဖို့ဖြစ်ပါသည်။ ကြာတတ်တာတွေမကြာစေဖို့၊ ကြာတွေလျှုကာ၊ ဆုတောင်းပါသည်ဆိုသော အဖြစ်များ နည်းသွားဖို့ ဖြစ်ပါသည်။ မလိုအပ်ဘဲ အကုန်အကျတွေ မများကြရအောင်ဖြစ်ပါသည်။

ပြောခဲ့သော ရည်မှန်းချက်များပေါက်ရန် ခက်ပါသည်။ ခက်သော်လည်း လှမ်းတော့လှမ်းကြရပါမည်။ ထိုခြေလှမ်းများ၏ ပထမခြေလှမ်းကတော့ မိမိဝန်ဆောင်မှုပေးနေသူများ၏ အသံကို နားထောင်ခြင်းဖြစ်ပါသည်။ ထိုအသံများကို ဗဟိုထားပြီး အချိန်ကုန်၊ ငွေကုန်၊ လူစား အလုပ်စားသော လုပ်ပုံကိုင်ပုံ အကျင့်များ၊ လုပ်ထုံး လုပ်နည်းများ၊ တည်ဆောက်ဖွဲ့စည်းထားပုံများ၊ ဆက်ဆံရေးပုံစံများကို ဝိုင်းဝန်းပြောင်းကြရပါမည်။ လွယ်နေတာကို ခက်အောင် လုပ်တတ်ကြတဲ့လောကကြီး ဖြစ်ခဲ့တာကို လွယ်နေတာကို လွယ်အောင် လုပ်တတ်တဲ့ လောကကြီး ဖြစ်အောင် ဆောင်ရွက်ကြဖို့ပဲ ဖြစ်ပါတော့သည်။ ရိုးရိုးရှင်းရှင်းလေး စတွေး၊ စလုပ်လိုက်ကြပါစို့ခင်ဗျား။

ပြည်သူသို့အကြံပြုချက်တောင်းခံခြင်း

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်သူတို့၏ ဝန်ဆောင်မှုလုပ်ငန်းများအား သွက်လက်မြန်ဆန်စွာ ဆောင်ရွက်ပေးနိုင်ရေးနှင့် ပြည်သူဗဟိုပြုကောင်းမွန်သည့် အုပ်ချုပ်ရေးစနစ်ကို ဖော်ဆောင်ပြီး မြန်ဆန်သွက်လက်သည့် အုပ်ချုပ်ရေးယန္တရားဖြင့် လူမှုစီးပွားရေး သိသိသာသာ တိုးတက်စေရေးတို့အတွက် "ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ စွမ်းဆောင်ရည်အကဲဖြတ်အဖွဲ့" ကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၁၇/၂၀၁၃ ဖြင့် ထုတ်ပြန်ခဲ့ပါသည်။

၂။ အဆိုပါအဖွဲ့သည် လက်တွေ့ကွင်းဆင်းလေ့လာအကဲဖြတ်ချက်များကို ဖေဖော်ဝါရီလ ၂၅ ရက်နေ့မှ စတင်ဆောင်ရွက်လျက်ရှိရာ အစိုးရဌာနများ၊ အဖွဲ့အစည်းများနှင့် စပ်လျဉ်း၍ အကြံပြုချက်များရှိပါက အောက်ပါအဖွဲ့ဝင်များထံ ဆက်သွယ်ပေးပို့နိုင်ပါကြောင်း လေးစားစွာဖြင့် အသိပေးအပ်ပါသည်။

ရန်ကုန် -	ဦးဇော်ဦး-ဖုန်း-၀၉-၄၂၅၂၈၈၈၉	
-	E. mail: mdri.cesd @ gmail.com	
-	ဦးကျော်	- ဖုန်း ၀၁-၃၈၁၇၈၇
-	ဦးတင်မောင်သန်း	- ဖုန်း ၀၁-၆၅၄၇၇၀
နေပြည်တော် -	ဦးဇော်သန်းသင်း	- ဖုန်း-၀၆၇-၄၀၉၁၄၅

ညွှန်ကြားရေးမှူးချုပ်
အစိုးရအဖွဲ့ရုံး

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၈

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသော ဒုတိယအကြိမ် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၄ ရက် ညနေ ၆ နာရီခွဲတွင် မကွေးမြို့ မြသလွန်စေတီတော်ကွင်းပြင်၌ ကျင်းပရာ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးအောင်ကျော်မင်းက ပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး အကဲဖြတ်ဒိုင်ချုပ်က မြန်မာ့ရိုးရာထမနဲပြိုင်ပွဲနှင့်ပတ်သက်၍ စည်းမျဉ်းစည်းကမ်းများကို ဖတ်ကြားရှင်းလင်းကာ ပြိုင်ပွဲကို စတင်သည်။

ပြိုင်ပွဲကျင်းပနေစဉ် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေနှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများက ပြိုင်ပွဲဝင်အသင်း ၄၅ သင်းမှ အဖွဲ့ဝင်များ၏ ထမနဲထိုးယှဉ်ပြိုင်နေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယင်းနောက် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို အဆိုပါ မြသလွန်ဘုရားကွင်းပြင်၌ ကျင်းပရာ တတိယဆုနှင့် ဒုတိယဆုရ အသင်းများအား တာဝန်ရှိသူများကလည်းကောင်း၊ ပထမဆုရမကွေးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့အသင်းအား တိုင်းဒေသကြီး ဝန်ကြီးချုပ်ကလည်းကောင်း ဆုများချီးမြှင့်ခဲ့ကြသည်။

အဆိုပါ ထမနဲထိုးပြိုင်ပွဲတွင် ထမနဲများကို ပြိုင်ပွဲဝင်အသင်းအဖွဲ့များက ဖေဖော်ဝါရီ ၂၅ ရက် (တပို့တွဲလပြည့်နေ့) နံနက် ၅နာရီတွင် သမိုင်းဝင် မြသလွန်စေတီတော်မြတ်ကြီးအား ထမနဲဆွမ်းကပ်လှူပူဇော်ပြီး မကွေးမြို့ပေါ်ရှိ ဘုန်းကြီးကျောင်းများနှင့် စာသင်တိုက်များအား လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ-ထိုင်းစီးပွားရေးလုပ်ငန်းများ တွေ့ဆုံဆွေးနွေးမည်

မန္တလေး ဖေဖော်ဝါရီ ၂၈

ထိုင်းနိုင်ငံ Thai Construction Trade ဦးဆောင်မှုဖြင့် ထိုင်းနိုင်ငံ ကုမ္ပဏီ ၂၆ ခုတို့မှ စီးပွားရေးကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံသို့ လာရောက်၍ စီးပွားရေးလုပ်ငန်းများအလိုက် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးကြမည် ဖြစ်သည်။

ထိုင်းစီးပွားရေးလုပ်ငန်းရှင်များသည် စက်မှုပစ္စည်းလုပ်ငန်း၊ ဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်း၊ လယ်ယာသုံးလုပ်ငန်း၊ လျှပ်စစ်ပစ္စည်းလုပ်ငန်းများကို အကျိုးတူပူးပေါင်းဆောင်ရွက်ရန်နှင့် ရင်းနှီးမြှုပ်နှံရေးအခွင့်အလမ်းများကို လေ့လာသိရှိနိုင်ရန် ဆွေးနွေးကြမည် ဖြစ်သည်။

ရန်ကုန်မြို့ရှိ စီးပွားရေးလုပ်ငန်းရှင်များနှင့် မတ် ၅ ရက် (အင်္ဂါနေ့) နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့ အလုံလမ်းရှိ ဆန်းမစ်ပတ်ဗျူးဟိုတယ်၌လည်းကောင်း၊ မတ် ၇ ရက်တွင် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ မန္တလေးမြို့ Hill Resort ဟိုတယ်၌ လည်းကောင်း တွေ့ဆုံဆွေးနွေးကြမည်ဖြစ်ကြောင်း သိရှိရသည်။ **(အောင်သူရ)**

ကျောက်ပန်းတောင်းမြို့နယ်တွင် ရေလျှံတွင်းတူးဖော်

ကျောက်ပန်းတောင်း ဖေဖော်ဝါရီ ၂၈

မြင်းခြံခရိုင် ကျောက်ပန်းတောင်းမြို့နယ် ရွာသစ်အုပ်စု ဖုံသာကျေးရွာတွင် နေပြည်တော် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ကူညီပံ့ပိုးမှုဖြင့် ကျေးရွာသောက်သုံးရေဖူလုံစေရေးအတွက် စက်အမှတ် DDA002 ဖြင့် တူးဖော်ခဲ့ရာ အနက် ပေ ၁၀၃၀ တွင် လေးလက်မပိုက်ဖြင့် ရေလျှံတွင်းတူးဖော်ရရှိခဲ့သည်။

အဆိုပါ ရေလျှံတွင်းတူးဖော်ရာတွင် ကျေးရွာသူ ကျေးရွာသားများက လှိုက်လှိုက်လှဲလှဲဖြင့် စက်ရေတွင်းတူးဖော်ရေးအဖွဲ့ကို ကြိုဆိုခဲ့ကြသည်။ စက်ရေတွင်းကို စက်အဖွဲ့ခေါင်းဆောင် ဦးစိန်ဝင်း ဦးဆောင်သော စက်အဖွဲ့က တစ်လတိတိ တူးဖော်ပြီးမှ ရေလျှံတွင်းကို ရရှိစေခဲ့သည်။

အဆိုပါကျေးရွာတွင် လူဦးရေ ၃၀၅ ဦးနှင့်အိမ်ထောင်စု ၅၄စုနေထိုင်ကြပြီး တောင်သူလုပ်ငန်းဖြင့် လည်းကောင်း၊ထန်းတက်လုပ်ငန်းဖြင့်လည်းကောင်း၊ မွေးမြူရေးလုပ်ငန်းအနည်းငယ်လုပ်ကိုင်ခြင်းဖြင့် လည်းကောင်း၊ အသက်မွေးဝမ်းကျောင်းပြုကြသည်။

ကျေးရွာသား ကိုဇော်မင်းက နွေရာသီရောက်၍ ရေအခက်အခဲကြုံတွေ့နေရကြောင်း၊ ယခုကဲ့သို့ ရေလျှံတွင်းတူးဖော်ပေး၍ စက်ရေတွင်းတူးဖော်ကြသည့် ကျေးဇူးတင်ထိုက်သူများကို အထူးကျေးဇူးတင်ရှိပါကြောင်း၊ အထူးသဖြင့် ညောင်ဦးမြို့ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန (JICA) ကိုလည်းကျေးဇူးတင်ရှိကြောင်း၊ ယခင်က ရွှေကိုမလို ငွေကိုမလို ရေကိုသာလိုသည်ဆိုသော ကျွန်တော်တို့ဒေသတွင် ယခုအခါ ရွှေပေါ၊ ငွေပေါ၊ ရေပေါလာပြီဖြစ်သဖြင့် သောက်သုံးရေအတွက် အားလုံးဖူလုံပြီး ကျွန်တော်တို့ကျေးရွာသူ ကျေးရွာသားများက ဝမ်းသာပီတိဖြစ်ကာ ပျော်ရွှင်မိပါကြောင်း ပြောကြားသည်။

(ကျော်ငွေး)

အခြေခံငါးမွေးမြူရေး သင်တန်းဆင်းပွဲကျင်းပ

စစ်ကိုင်း ဖေဖော်ဝါရီ ၂၈

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ ငါးလုပ်ငန်းသင်တန်းကျောင်း (အထက်မြန်မာပြည်)တွင် အခြေခံငါးမွေးမြူရေး အမှတ်စဉ်(၂၂) သင်တန်းဆင်းပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၇ ရက် နံနက် ၁၀ နာရီက ငါးလုပ်ငန်းသင်တန်းကျောင်း ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ညွှန်ကြားရေးမှူးချုပ်ကိုယ်စား မန္တလေးတိုင်းဒေသကြီး ဒုတိယတိုင်းဦးစီးမှူးက သင်တန်းဆင်းပွဲအမှာစကားပြောကြား၍ ဆရာတော် အရှင်ဝဇီရဉာဏက အမှာစကားပြောကြားသည်။ မန္တလေးတိုင်းဒေသကြီး ဒုတိယတိုင်းဦးစီးမှူးက သင်တန်းဆင်း လက်မှတ်များ ချီးမြှင့်သည်။ ထို့နောက် ငါးလုပ်ငန်းသင်တန်းကျောင်းအုပ်ကြီးက သင်တန်းတွင် ဆုရရှိသူအမည်စာရင်းကိုကြေညာပြီး တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြသည်။

ထို့နောက် သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ အဆိုပါ သင်တန်းသို့ မန္တလေးတိုင်းဒေသကြီးမှ သုံးဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ သုံးဦး၊ တပ်မ(၃၃)မှ တစ်ဦးတက်ပြီးသင်တန်းကာလမှာ ဖေဖော်ဝါရီ ၁၃ ရက်မှ ၂၇ ရက်အထိ ကြာမြင့်ခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

ထိုင်ဝမ်သဘော်စိုက်ပျိုး အပိုဝင်ငွေတိုး

ပခုက္ကူခရိုင် ရေစကြိုမြို့နယ် အောင်ချမ်းသာကျေးရွာ ဦးစိန်မှို၏ခြံတွင် ထိုင်ဝမ်သဘော်သီးများစိုက်ပျိုးဖြစ်ထွန်းအောင်မြင်လျက်ရှိသည်ကို တွေ့ရ၍ သွားရောက်လေ့လာဖြစ်ခဲ့သည်။ ထိုင်ဝမ်သဘော်သီးမှည့်တစ်လုံးသည် အရွယ်အစားအားဖြင့် ပြည်တောင်းတစ်လုံးနီးပါးခန့်ကြီး၍ အလေးချိန်အားဖြင့် တစ်ပိဿာခွဲခန့်ရှိသည်ကို တွေ့ရသည်။ အဆိုပါ ထိုင်ဝမ်သဘော်သီးများသည် အရှည်သီးနှင့်အဝိုင်းသီးဟူ၍ နှစ်မျိုးရှိရာ ယခုဦးစိန်မှိုစိုက်ပျိုးထားသော အသီးမှာ သဘော်အရှည်သီးများဖြစ်သည်ဟု သိရသည်။ သဘော်အရှည်သီးများသည် အဝိုင်းသီးများထက် အသီးပိုသီး၍ အလုံးလည်း ပိုကြီးသည်ဟုသိရသည်။ ဦးစိန်မှို စိုက်ပျိုးထားသော သဘော်ပင်များသည် ယခုနှစ် ဒုတိယဝါဆိုလပြည့်နေ့မှစ၍ ပျိုးသက်တစ်လရှိသော အပင်ပေါက်များကို စိုက်ခင်းအတွင်း ပြောင်းရွှေ့စိုက်ပြီး တစ်လရှိပါက ပင်စည်အခြေတုတ်ခိုင်မာ၍ အသီးတင်စေရန် ပင်စည်အခြေတွင် ကြက်ခြေခတ် သပ်ရိုက်ပေးရသည်ဟုသိရသည်။ မြေပြင်တွင်စိုက်ပြီး နှစ်လခွဲခန့်ရှိပါက အသီးကင်းဝင်ပြီး ယင်းအချိန်တွင် အပင်ခြေတစ်တောင်ခန့်အကွာ၌ မြောင်းဖော်၍ ရေသွင်းပေးပြီး ပုလဲဓာတ်မြေဩဇာ လက်ဖက်ရည် တစ်ဇွန်းခန့်ကို မြောင်းဘေးပတ်ပတ်လည်တွင် လောင်းထည့်ပေးရသည်ဟု သိရသည်။ အသီးကြီးမှ ဓာတ်မြေဩဇာကျွေးလျှင် အသီးများ အစိမ်းလိုက်ကွဲအက်၍ မမှည့်နိုင်တော့ဟုသိရသည်။ ထိုင်ဝမ်သဘော်

အသီးများ ဝေဝေဆာဆာ သီး နေ သော ထိုင်ဝမ်သဘော်ပင်ကို တွေ့ရစဉ်။

တစ်ပင်လျှင် အသီး ၆၀၊ ၇၀ ခန့် သီးသော်လည်း အရွက်ညှာ တစ်ညှာလျှင် တစ်သီးနှုန်းသာထားရှိ၍ အပင်တစ်ပင်လျှင် ရွက်ညှာ ၅၀ ခန့်ရှိသဖြင့် အသီး ၅၀ ခန့် သီးနိုင်သည်ဟု သိရသည်။ ဦးစိန်မှို၏ခြံတွင် သဘော်အပင် ၃၀၀ ခန့်စိုက်ပျိုးထားရှိပြီး ရေစကြိုမြို့၏ ဝယ်လိုအားဈေးကွက်ကို ချင့်ချိန်၍ အသီးသီးချိန်ကွာခြားစေရန် အပင် ၁၀၀ နှင့် ၁၀၀ ကြား တစ်လစီခြား၍ စိုက်ပျိုးထားရှိသည်ဟု သိရသည်။ အဆိုပါ သဘော်သီးတစ်လုံးလျှင် ငွေကျပ် ၆၀၀ ဖြင့် ရောင်းချ၍ တစ်ပင်လျှင် အလုံး ၅၀ ခန့် သီးသောကြောင့် သဘော်တစ်ပင်လျှင် ငွေကျပ် ၃၀၀၀၀ ဝန်းကျင်အထိ ရရှိမည်ဖြစ်သည်။ သဘော်ပင် ၃၀၀ ခန့် စိုက်ပျိုးထားရှိသဖြင့် ယခုသဘော်တစ်ရာသီအတွက် ငွေကျပ်ကိုးသိန်းဝန်းကျင်ခန့် ရရှိမည်ဖြစ်၍ ကုန်ကျစရိတ်အနေဖြင့်လည်း မျိုးစေ့ထုတ်ဖိုးအနည်းငယ်နှင့် အပင်အားရေဂရုစိုက်လောင်းပေးရန်သာ လိုအပ်၍ အပိုဝင်ငွေရ၍ တွက်ခြေကိုက်သည်ဟု သိရသည်။

တွက်ခြေကိုက်

ထို့ပြင် သဘော်အပင် ၃၀၀ ၏ကြားတွင် ငှက်ပျောပင် ၁၀၀ ခန့်ကိုလည်း စိုက်ပျိုးထား၍ အပင်များ၏ အောက်ခြေ မြေလွတ်နေရာများတွင်လည်း ချဉ်ပေါင်ပင်၊ ဗမာခရမ်းချဉ်များကိုလည်း နေရာလွတ်မကျန် စိုက်ပျိုးထားပြီး ခြံစည်းရိုးတွင်လည်း ဘူးပင်၊ ပဲလေးညှင်းပင်များကိုစိုက်ပျိုးထားသဖြင့် ထိုအပင်များမှလည်း ထပ်မံ၍ အပိုဝင်ငွေ ရသည့်အပြင် မိမိအိမ်စားသုံးရန် အတွက်လည်း ပြင်ပမှဝယ်ယူရန်မလိုသဖြင့် တွက်ခြေကိုက်သည်ဟု စိုက်ခင်းပိုင်ရှင် ဦးစိန်မှိုက ရှင်းပြသည်။

အိမွန်ဆွေ(ရေစကြို)

မန္တလေးသွားဘက်ဆိုင်ရာဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ကျင်းပ

မန္တလေး ဖေဖော်ဝါရီ ၂၈

သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (မန္တလေး)၏ ဒသမအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနားကို ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၉ နာရီက တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ခေတ္တပါမောက္ခချုပ်ပါမောက္ခ ဒေါက်တာရွှေတိုးနှင့် တက္ကသိုလ်ပညာရေးအဖွဲ့ဝင်များ၊ စီမံခန့်ခွဲရေးအဖွဲ့ဝင်များ၊ ပါမောက္ခဌာနမှူးများ၊ ဆရာ ဆရာမများ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ဘွဲ့ရမောင်မယ်များနှင့် ၎င်းတို့၏မိဘဆွေမျိုးများ တက်ရောက်ကြသည်။

ဘွဲ့လက်မှတ်အပ်နှင်း

အခမ်းအနားတွင် ခေတ္တပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာရွှေတိုးက ဒသမအကြိမ်မြောက်ဘွဲ့နှင်းသဘင်အခမ်းအနား၌ အထွေထွေသွားရောဂါကု ဒီပလိုမာရရှိသူ ၁၀ဦး၊ သွားဘက်ဆိုင်ရာ ဆေးပညာရှင် ၁၁၇ ဦးတို့အား ဘွဲ့လက်မှတ်အပ်နှင်းခဲ့သည်။ **(ဝဲပုံ)**

အဆိုပါ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(မန္တလေး)မှ သွားဘက်ဆိုင်ရာ ဆေးပညာရှင်ပေါင်း ၈၆၃ ဦးနှင့် အထွေထွေသွားရောဂါကုဒီပလိုမာရရှိသူ ၁၆ ဦးတို့အား မွေးထုတ်နိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

တင်မောင်(မန်းကိုယ်ပွား)

(၆၆)နှစ်မြောက် မွန်အမျိုးသားနေ့ အခမ်းအနားကျင်းပ

မန္တလေး ဖေဖော်ဝါရီ ၂၈

(၆၆)နှစ်မြောက် မွန်အမျိုးသားနေ့အခမ်းအနားကို ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၇ နာရီက မန္တလေးမြို့ ၄၅ လမ်း ၈၄ လမ်းထောင့်ရှိ သာသနာ ၂၅၀၀ ဗိမာန်တော်ကြီး၌ ကျင်းပရာ ပင့်သံဃာ အပါး ၂၀ ထံမှ ငါးပါးသီလဆောက်တည်ခံယူခြင်း၊ ပရိတ်တရားနာယူခြင်းများ ပြုလုပ်၍ လှူဖွယ်ပစ္စည်းများကို မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ် ဦးရဲအောင်မြင့်က ဆက်ကပ်လှူဒါန်းခဲ့သည်။

အစီအစဉ်အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို အလေးပြုခြင်း၊ မွန်အမျိုးသားအလံကို အလေးပြုခြင်းများ ပြုလုပ်၍ အခမ်းအနားကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ဦးနိုင်ဝင်းမောင်က (၆၆)နှစ်မြောက် မွန်အမျိုးသားနေ့ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့ပြီးနောက် အတွင်းရေးမှူး ဦးနိုင်မောင်မြင့်က မွန်တိုင်းရင်းသားတို့၏ ကနဦးဆင်းသက်လာပုံနှင့် ရိုးရာယဉ်ကျေးမှု ဓလေ့များအကြောင်းကို ဖတ်ကြားခဲ့သည်။ ဆက်လက်၍ မွန်အမျိုးသား ဓမ္မာစရိယအောင် ဆရာတော်တစ်ပါးအားလည်းကောင်း၊ ပါရဂူဘွဲ့ရရှိသောမွန်အမျိုးသားအားလည်းကောင်း၊ နိုင်ငံတော်နှင့် ပြည်ပထူးချွန်ဆုရရှိခဲ့သော မွန်အမျိုးသားများအားလည်းကောင်း၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် အထက်တန်း၊ အလယ်တန်းတို့၌ ထူးချွန်ဆုရရှိသော မွန်အမျိုးသားများအားလည်းကောင်း ဆုများ ချီးမြှင့်ခဲ့သည်။

ယင်းနောက် ၂၀၁၂ ခုနှစ် မွန်စာပေ၊ မွန်ဘာသာစကား သင်တန်းဆင်းလက်မှတ်များကိုလည်း ချီးမြှင့်ပေးအပ်ပြီး မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ခဲ့ကြောင်း သိရသည်။ **(ကျော်ထူး)**

ပြည်တွင်းသတင်း

❈ *ကျောဖုံးမှ*

အခမ်းအနား မစတင်မီ မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့နှင့် တွဲဖက်၍ တေးသံရှင်များက တေးသံသာများဖြင့် ကြိုဆိုဧည့်ခံဖျော်ဖြေကြသည်။

ယင်းနောက် ပြည်ထောင်စုဖလားအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား စတင်ခြင်း အထိမ်းအမှတ်အဖြစ် Countdown ပြုလုပ်ရေတွက်ပြီး ရောင်စုံမီးရှူးမီးပန်းများ ပစ်ဖောက်၍ အခမ်းအနားကို စတင်ကျင်းပသည်။

ရှေးဦးစွာ နိုင်ငံတော် ဘင်ခရာတပ်ဖွဲ့နှင့် အလံကိုင်တပ်ဖွဲ့များက ဦးဆောင်၍ ပြိုင်ပွဲဝင်အားကစားသမားများက ဝဏ္ဏသိဒ္ဓိအားကစားပြိုင်ကွင်းအတွင်း ချီတက်နေရာယူကြပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံ၊ အားကစားအလံနှင့်ပြိုင်ပွဲဝင်အလံများကို လွှင့်တင်ကြသည်။

ထို့နောက် ပြည်ထောင်စုဖလားအားကစားပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်နှင့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြိုတင်ပြင်ဆင် ဆောင်ရွက်နေမှုအခြေအနေကို အကျယ်တဝင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးညဏ်ထွန်းက အမှာစကားပြောကြားရာတွင် အားကစားလှုပ်ရှားမှုအဆင့်အတန်းသည် နိုင်ငံတစ်နိုင်ငံ၏ လူမှုယုံကြည်မှု၊ ဘဝသာယာမှု အဆင့်အတန်းနှင့် နီးကပ်စွာ ဆက်စပ်လျက်ရှိပါကြောင်း၊ အားကစားတွင် ပါဝင်လှုပ်ရှားသူများသည် အဖွဲ့အစည်းများအပေါ် လူမှုယုံကြည်မှုနှင့် ဘဝကိုပျော်ရွှင်ကျေနပ်မှု အဆင့်မြင့်မားသူများဖြစ်ပြီး နိုင်ငံ့အရေးအရာနှင့် ပြည်သူ့ရေးရာကိစ္စများတွင် စိတ်ဝင်စားမှု ပိုမိုပြသနိုင်ကြပါကြောင်း၊ အားကစားသည် နိုင်ငံသားများ၏ ကိုယ်ကျင့်တရား၊ စည်းကမ်းကောင်းမွန်မှုနှင့် အခက်အခဲများကို ရင်ဆိုင်ယှဉ်ပြိုင် အနိုင်မခံအရှုံးမပေး စိတ်ဓာတ်တို့ဖြင့် ထူထောင်ပေးနိုင်သော အခြေခံအုတ်မြစ် ဖြစ်ပါကြောင်း၊ နိုင်ငံတိုင်းသည် အားကစားလှုပ်ရှားမှုများတွင် ပြည်သူလူထု တက်ကြွစွာ ပါဝင်ဆင်နွှဲမှုကို အလေးထားလုပ်ဆောင်လျက်ရှိပါကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း အားကစား အဆင့်အတန်းမြင့်မားရေးနှင့် လူထုပါဝင်ဆင်နွှဲရေးကို အမျိုးသားရေးတာဝန်အဖြစ် အောင်မြင်အောင် ထမ်းဆောင်နိုင်ရန်အတွက် အားကစားဆိုင်ရာ ကောင်းမွန်ခေတ်မီသည့် အခြေခံအဆောက်အအုံနှင့် ပစ္စည်းကိရိယာများ၊ အားကစားတွင် စိတ်ရောကိုယ်ပါ နှစ်မြှုပ်ထားသည့် ပညာရှင်နည်းပြကောင်းများနှင့် အားကစားသမားကောင်းများ၊ ပြောင်မြောက်သည့် အသင်းအုပ်ချုပ်သူများအား လိုအပ်လျက်ရှိပြီး အရည်အသွေး မှတ်ကျောက်တင်နိုင်မည့် အားကစားပြိုင်ပွဲကြီးများကို ပုံမှန်ကျင်းပပေးရန်လိုအပ်ကြောင်း၊ ယခုကျင်းပသည့် အားကစားပြိုင်ပွဲကြီးမှတစ်ဆင့် လာမည့် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဆုတံဆိပ်များဆွတ်ခူးပြီး နိုင်ငံတော်၏ အားကစားအဆင့်အတန်း တိုးတက်မြင့်မားလာမှုကို ပြသနိုင်ရေး၊ အဆင့်မီ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများနှင့် လူငယ်မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် ကျင်းပပြုလုပ်ခြင်းဖြစ်ကြောင်း၊ ပြိုင်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရန်အတွက် အားလုံးက ဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း၊ နိုင်ငံ့ဂုဏ်မြှင့်တင်နိုင်ရန်အတွက် တရားမျှတ သန့်ရှင်းစွာ ကြိုးစားယှဉ်ပြိုင်ကြပါရန် မှာကြားပြီး ပြည်ထောင်စုဖလား အားကစားပြိုင်ပွဲကြီးကို စတင်ဖွင့်လှစ်ပေးလိုက်သည်။

ထို့နောက် ပြိုင်ပွဲဝင်အားကစားသမားများနှင့် ဒိုင်လူကြီးများက အားကစားသစ္စာအဓိဋ္ဌာန်ကို ရွတ်ဆိုကြပြီး မြားပစ်အားကစားသမားတစ်ဦးက ပင်မမီးရှူးတိုင်ကို မြားပစ်မီးကူထွန်းညှိပေးသည်။

ပြည်ထောင်စုဖလား အားကစားပြိုင်ပွဲ အစီအစဉ်များကို ဆက်လက်ကျင်းပရာ အားကစားဝန်ကြီးဌာန၊ အနုပညာဦးစီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာနတို့မှ တေးသံရှင်များနှင့် တွဲဖက်၍“ဂိုးသွင်းကောင်းတဲ့ကိုကို”၊ “ပွဲဦးအလင်္ကာ”၊ “နေ့သစ်များရဲ့မြန်မာပြည်”၊ “ကျန်းမာကြံ့ခိုင်ပြည့်မဏ္ဍိုင်”၊ "Let' go to SEA Games"၊ “စည်းလုံးခြင်းအတွက်သီချင်းတစ်ပုဒ်” စသည့် တေးသံသာများဖြင့် သရုပ်ဖော် ဖျော်ဖြေတင်ဆက်ကြပြီး အခမ်းအနားကို ညပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

၂၀၁၃ ခုနှစ် ပြည်ထောင်စုဖလားအားကစားပြိုင်ပွဲ၌ ပြေးခုန်ပစ်၊ ကြက်တောင်၊ ဘတ်စကက်ဘော၊ ဘိလိယက်/စနူကာ၊ ကာယကြံ့ခိုင်မှု၊ လက်ဝှေ့၊ စစ်တုရင်၊ စက်ဘီး၊ ဘောလုံး၊ ဖူဆယ်၊ ဂျူဒို၊ ကရာတေးဒို၊ ပိုက်ကျော်ခြင်း၊ စားပွဲတင်တင်းနစ်၊ တိုက်ကွမ်ဒို၊ တင်းနစ်၊ ပန်ကြပ်ဆီလပ်၊ ရိုးရာလက်ဝှေ့(မွေ)၊ ဘော်လီဘော၊ အလေးမ၊ ဝူရှူးနှင့် နပန်းအားကစားနည်း ၂၂ မျိုးကို တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ နေပြည်တော်ကောင်စီနယ်မြေတို့မှ ပြိုင်ပွဲဝင်အသင်း ၁၅ သင်းဖြင့် အားကစားသမားစုစုပေါင်း ၂၇၀၀ ကျော်တို့က ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ပြိုင်ပွဲများကို ယနေ့မှ မတ် ၇ ရက်အထိ ရှစ်ရက်တိုင်တိုင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၊ သက်ဆိုင်ရာ အားကစားကွင်းများတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဖလားအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပသည့် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းအတွင်းသို့ အားကစားသမားများ ဝင်ရောက်လာစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဖလားအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပသည့် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ထွန်းညှိထားသော ပင်မမီးရှူးတိုင်ကို တွေ့ရစဉ်။ (သတင်းစဉ်)

တက္ကသိုလ်၊ ကောလိပ်ပေါင်းစုံ တက္ကသိုလ်များ (ရန်ကုန်) လှေလှော်ပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၈

အဆင့်မြင့်ပညာ ဦးစီးဌာန (အောက်မြန်မာပြည်) တက္ကသိုလ်၊ ကောလိပ်ပေါင်းစုံ တက္ကသိုလ်များ(ရန်ကုန်) လှေလှော်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၇ ရက် နံနက် ၁၁ နာရီတွင် အင်းလျားလမ်းရှိ တက္ကသိုလ်များ လှေလှော်အသင်း၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ တက်ရောက်၍ အမျိုးသားလေးယောက်လှော် ဗိုလ်လုပွဲနှင့် အမျိုးသမီးနှစ်ယောက်လှော် ဗိုလ်လုပွဲ ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ဆုချီးမြှင့်ပွဲကို ကျင်းပရာ အမျိုးသား/အမျိုးသမီး လှော်ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယရရှိသူများနှင့် မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်မှ ကူညီပေးကြသည့် ဒိုင်လူကြီးများအား တာဝန်ရှိသူများက ဆုတံဆိပ်နှင့် ဂုဏ်ပြုဆုများ ပေးအပ်ကြသည်။

ထို့နောက် အမျိုးသားလှေလှော်ပြိုင်ပွဲတွင် အမှတ်အများဆုံးရ ရန်ကုန်ပညာရေး တက္ကသိုလ်အသင်းအား တိုင်းဒေသကြီးလူမှုရေးဝန်ကြီး ဒေါက်တာ မြင့်သိန်းကလည်းကောင်း၊ အမျိုးသမီး လှေလှော်ပြိုင်ပွဲတွင် အမှတ်အများဆုံးရ ရန်ကုန်အနောက်ပိုင်း တက္ကသိုလ်အသင်းအား ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ မျိုးမြင့်ကလည်းကောင်း ဆုများပေးအပ်ကြပြီး တံခွန်စိုက်ဆုရ ရန်ကုန်စီးပွားရေးတက္ကသိုလ်အသင်းအား တိုင်းဒေသကြီး ဝန်ကြီးချုပ်က တံခွန်စိုက်ဆုဖလား ပေးအပ်သည်။

၂၀၁၂-၂၀၁၃ ပညာသင်နှစ် တက္ကသိုလ်၊ ကောလိပ်ပေါင်းစုံ တက္ကသိုလ်များ(ရန်ကုန်) လှေလှော်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၅ ရက်မှ ၂၇ ရက်အထိကျင်းပပြီး တက္ကသိုလ် ရှစ်ခုမှ ပြိုင်ပွဲဝင်အသင်းများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမြန်ပြန်လာပါ

ဦးဝမ်းတင်ထွန်း၏သမီး မသူသူ(ခ)မစိုးရတနာ ၉/ကဆန(နိုင်)၁၆၅၈၇၃သည် ၁၃-၁၁-၂၀၁၂ရက်တွင် နေအိမ်မှထွက်သွားပြီး ယနေ့အချိန်ထိ ပြန်မလာပါသဖြင့် အပြစ်အားလုံးကို ခွင့်လွှတ်ပါသည်။ လက်ခံထားသူများကို တရားဥပဒေအရ အရေးယူမည်။

ခင်ပွန်း- ဦးစောမောင်

၉/ရမသ(နိုင်)၀၃၆၉၃၈

(Open Tender)

ပြည်တွင်းသတင်းနှင့်အားကစား

ဇာတိမာန် ဘဝင်သို့ လျှံစေသည့်ပွဲ

သတင်း-စိုင်းညီလေး၊ ဓာတ်ပုံ-စိုးညွန့်

၁၉၆၉ ခုနှစ်က ကျွန်းဆွယ်အားကစားပြိုင်ပွဲကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ဖူးသည်။ သို့သော် ခုချိန်နှင့်ဆိုလျှင် နှစ်ပေါင်း ၄၄ နှစ် ကြာမြင့်ခဲ့ပြီ။ မီသူမီခဲ့ငြားလည်း အသက် ၄၀ ဝန်းကျင်လူလတ်ပိုင်းများမှာမူ သိနိုင်လိမ့်မည်မဟုတ်တော့။ လူငယ်လူရွယ်များဆိုလျှင် ပို၍ဝေးတော့မည်သာဖြစ်သည်။

ယနေ့အချိန်သည် နိုင်ငံတော်ကို စနစ်သစ်ဖြင့် ချီတက်ထူထောင်နေချိန်ဖြစ်သည်။ ဤသို့သောအခြေအနေတွင် နိုင်ငံသူ နိုင်ငံသားများ၏နိုးကြားမှုများ၊ တက်ကြွမှုများ အထူးအရေးကြီးနေချိန်လည်းဖြစ်သည်။ အထူးသဖြင့် လူငယ်များ၏ အားထုအင်ထုကို အထူးမှီခိုအားထားရမည်ဖြစ်ရာ လူငယ်လူရွယ်များ အထူးနိုးကြားတက်ကြွလာရန် အလိုအပ်ဆုံးကာလလည်းဖြစ်သည်။ ဤသို့သော အခြေအနေတွင် (၂၇) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကြီးကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိထားခြင်းမှာ အလွန်ပင်အားရဖွယ်ကောင်းပါသည်။ ဤပြိုင်ပွဲကြီးသည် မြန်မာနိုင်ငံသူ နိုင်ငံသားတို့ကို နိုးကြားသည်ထက် နိုးကြားစေမည့်ပွဲကြီးဖြစ်သည်။ တက်ကြွသည်ထက်တက်ကြွစေမည့် ပွဲကြီးလည်းဖြစ်သည်။ အထူးသဖြင့် လူငယ်များအတွက် အောင်ပွဲလည်းဖြစ်စေမည့် ပြိုင်ပွဲကြီးလည်း ဖြစ်သည်။

ဤပြိုင်ပွဲကြီးအတွက် ကြိုတင်ပြင်ဆင်လေ့ကျင့်သည့် အနေဖြင့် ပြည်ထောင်စုဖလား အားကစားပြိုင်ပွဲကြီးကို ဖေဖော်ဝါရီ ၂၈ ရက် ညနေပိုင်းက နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ ဘောလုံးကွင်း၌ ကျင်းပခဲ့သည်။ ထိုအခမ်းအနားကြီးကို နိုင်ငံတစ်ဝန်းမှ ပြည်သူလူထုများပါ ကြည့်ရှုခံစားနိုင်အောင် ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်ပြသခဲ့သဖြင့် ပြည်သူလူထုကိုယ်တိုင် ပါဝင်ဆင်နွှဲရသကဲ့သို့ပင်ဖြစ်ပါသည်။

အာရှမြန်မာသီချင်းသံကို စတင်ကြားရပြီးနောက် အားကစားဖြင့် နိုင်ငံတော်နှင့် လူမျိုးကိုမြှင့်တင်နိုင်စွမ်းခံစားမှုများ ဖြစ်ပေါ်လာရသည်။ မြန်မာပြည်သိန်းတန်၏ စိမ်းလန်းသန့်စင် ဒို့ချစ်ခင်သီချင်းသံ ဝဲပျံလာသောအခါတွင်မူ ချစ်ခင်မြတ်နိုးအပ်သော မြန်မာနိုင်ငံမြေပုံကြီး ရင်ထဲအထိ ဝင်ရောက်လာသည်။ ဩော်. . အဘက်ဘက်မှချစ်စရာ့မြန်မာ။ မြန်မာ့အသံအဖွဲ့သူအဖွဲ့သားများက "ဇာတိမာန်" သီချင်းဖြင့် နှိုးဆော်လိုက်သည့်အခါ မနေနိုင်ကြတော့။ လက်သီးဆုပ်သူ၊ လက်မောင်းတန်းသူတွေနှင့် ဇာတိမာန် နိုးကြွလာကြသည်။ အခမ်းအနား အထိမ်းအမှတ် Countdown နံပါတ်စဉ်များကို ၁၀ ကနေ ၀ အထိ ရေတွက်ချိန်တွင် အသံကြီးကမြည်ဟီးထွက်လာသည်။ ထို့နောက် မီးရှူးမီးပန်းများ ရောင်စုံဖြာကောင်းကင်ကြီးဖြစ်သွားပြီး ပရိသတ်ရင်ထဲမှာ ဝမ်းသာလုံးများ ဆို့လာသည်။

အားကစား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၏ မိန့်ခွန်းက ရှင်းလင်းပြတ်သားသည်။ နိုင်ငံတော်အတွက် အားကစားကနေ တာဝန်ကျေရန် လိုသည်ကိုထောက်ပြသည်။ အားလုံး ကြက်သီးမွေးညင်းထလောက်အောက်ပင် အသိများ၊ စိတ်ဓာတ်များ လန်းဆန်းစေခဲ့သည်။

နိုင်ငံတော်က ဒုတိယသမ္မတ ဦးဉာဏ်ထွန်း၏ ပြိုင်ပွဲဖွင့် မိန့်ခွန်းကလည်း အထူးပင်ရှင်းလင်းပြတ်သားသည်။ အားကစားဖြင့် နိုင်ငံတော်ကို ဘယ်လိုထူထောင်နိုင်ကြောင်း အထူးမီးမောင်းထိုးပြခဲ့သည်။ ကျန်းမာကြံ့ခိုင်လူမျိုးများဖြစ်ဖို့ အားကစားသည် အရေးပါကြောင်း ဒုတိယသမ္မတကြီးက သတိပေးသည်။

အားကစားသည် ငုပ်နေသော မျိုးချစ်စိတ်၊ ငိုက်နေသော မျိုးချစ်စိတ်၊ ပုန်းနေသော မျိုးချစ်စိတ်၊ လျှိုးနေသော မျိုးချစ်စိတ်၊ ဝှက်ထားသော မျိုးချစ်စိတ် စသည့်မျိုးချစ်စိတ်ပေါင်းစုံကို ဖော်ထုတ်ပေးနိုင်သည့် ပါဝါတစ်ခုဖြစ်သည်။

မည်သို့ပင်ဖြစ်စေ ဆီးဂိမ်းအကြိုကျင်းပသော ပြည်ထောင်စုဖလား အားကစားပြိုင်ပွဲဖွင့်ပွဲကြီး အခမ်းအနားသည် နိုင်ငံသူ နိုင်ငံသားတို့၏ ဇာတိမာန်စိတ်များကို ဘဝင်သို့ပင် လျှံထွက်စေနိုင်ခဲ့ပြီဟု ဆိုရပါတော့မည်။ ၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲကြီးနှင့် နဖူးတွေ့ဒူးတွေ့ ကြုံသည့်အချိန်တွင် ဘယ်ရွေ့ဘယ်မျှဘဝင်လျှံစေမည်ဟုပင် မခန့်မှန်းတော့ပါ။

ပြည်ထောင်စုဖလားအားကစားပြိုင်ပွဲ အမျိုးသားဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များ ယနေ့ကစားမည်

နေပြည်တော် ဖေဖော်ဝါရီ ၂၈

၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲအကြိုအဖြစ် ကျင်းပလျက်ရှိသော ပြည်ထောင်စုဖလားအားကစားပြိုင်ပွဲ၏ အမျိုးသားဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကို မတ် ၁ရက် (ယနေ့)တွင် ပေါင်းလောင်းကွင်းနှင့် ဝဏ္ဏသိဒ္ဓိကွင်းများ၌ ညနေ ၃ နာရီတွင် စတင်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ကွာတားဖိုင်နယ်တွင် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ကယားပြည်နယ်အသင်း၊ ကချင်ပြည်နယ်အသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်း၊ နေပြည်တော်တိုင်းအသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းနှင့် မွန်ပြည်နယ်အသင်းတို့ အသီးသီးတွေ့ဆုံကစားရမည်ဖြစ်သည်။

မတ် ၁ရက်(ယနေ့) ညနေ ၃နာရီတွင် ဝဏ္ဏသိဒ္ဓိကွင်း၌ ကချင်ပြည်နယ်အသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်း၊ ပေါင်းလောင်းကွင်း၌ ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး ယင်းပွဲစဉ်များမှ အနိုင်ရနှစ်သင်းသည် ဆီမီးဖိုင်နယ်အဖြစ် မတ် ၃ ရက်တွင် ဝဏ္ဏသိဒ္ဓိကွင်း၌ ကစားရမည်ဖြစ်သည်။

ကွာတားဖိုင်နယ် ဒုတိယနေ့ပွဲစဉ်များကို မတ် ၂ ရက်တွင် ဆက်လက်ကစားမည်ဖြစ်ရာ ဝဏ္ဏသိဒ္ဓိကွင်း၌ နေပြည်တော်တိုင်းအသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်း၊ ပေါင်းလောင်းကွင်း၌ မန္တလေးတိုင်းဒေသကြီးအသင်းနှင့် မွန်ပြည်နယ်အသင်းတို့ ကစားကြမည်ဖြစ်သည်။ ယင်းပွဲစဉ်များမှအနိုင်ရနှစ်သင်းသည် ဆီမီးဖိုင်နယ်ပွဲစဉ်များအဖြစ် ဝဏ္ဏသိဒ္ဓိကွင်း၌ မတ် ၄ ရက်တွင် ကစားရမည်ဖြစ်သည်။

တတိယနေရာလုပွဲကို မတ် ၆ ရက်တွင် ပေါင်းလောင်းကွင်း၌လည်းကောင်း၊ နောက်ဆုံးဗိုလ်လုပွဲကို မတ် ၇ ရက်တွင် ဝဏ္ဏသိဒ္ဓိကွင်း၌လည်းကောင်း ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အမျိုးသမီးဘောလုံးပြိုင်ပွဲ ယနေ့ပွဲများ

မန္တလေး-ရန်ကုန်	နံနက် ၇း၀၀	လယ်ဝေး TC-2
ကရင်-ရှမ်း	ညနေ ၃း၃၀	လယ်ဝေး TC-2

ပြည်ထောင်စုဖလား အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ အားကစားသမားများ ကွင်းအတွင်းသို့ ဝင်ရောက်လာသည်ကို တွေ့ရစဉ်။

ကန့်ကွက်နိုင်ပါကြောင်း

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/၂၊ မြေကွက်အမှတ် ၅၇၂၊ မြေကွက် တည်နေရာအမှတ် ၅၇၂၊ ဇလမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ဦးကျော်စန်း အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးကျော်စန်းထံမှ S/P ရရှိသူ ဒေါ်ခင်ခင်ငြိမ်း ၁၂/မရက(နိုင်) ၁၂၄၃၃၉ က ၂၀၀၁ ခုနှစ်တွင် လွှဲပေးထားသော အထူးကိုယ်စားလှယ်လွှဲစာ အမည်ပေါက် ဦးကျော်စန်း သက်ရှိထင်ရှားရှိကြောင်း ကျမ်းကျိန်လွှာတို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မနောအလှတေးဂီတအဖွဲ့သို့ ဘောပင်အချောင်းတစ်သောင်း လှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၂၈

မနောအလှ တေးဂီတအဖွဲ့သို့ ဘောပင်များ လှူဒါန်းခြင်းကို ဖေဖော်ဝါရီ ၂၇ ရက် နံနက် ၁၀ နာရီက ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ကျိုက္ကဆံ အားကစားကွင်းရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

လှူဒါန်းပွဲတွင် ဒေါ်အယ်လ်ခွန်းရီက မနောအလှတေးဂီတအဖွဲ့၏ လုပ်ဆောင်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး အလှူရှင် ဦးစန်းမြင့်-ဒေါ်ဝင်းမင်းသန်းမိသားစု (Salient Trading Co., Ltd.) က ငွေကျပ် ၁၀ သိန်းတန်ဖိုးရှိ Stabilo ဘောပင် အချောင်းတစ်သောင်းကို ပေးအပ်လှူဒါန်းသည်။

ကျေးဇူးတင်စကားပြောကြား

ဆက်လက်၍ ဒေါ်ကေဂျာနူးက ယခုလှူဒါန်းခဲ့သော ဘောပင်များကို ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် မြောက်ပိုင်းရှိ ဒေသခံများအတွက် ပေးပို့လှူဒါန်းသွားမည်ဖြစ်ကြောင်းနှင့် ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ICT နည်းပညာရပ်ဆိုင်ရာ စာတမ်းဖတ်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၈

သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန ရန်ကုန်ကွန်ပျူတာတက္ကသိုလ်က ကြီးမှူး၍ (၁၁)ကြိမ်မြောက် နိုင်ငံတကာ စာတမ်းဖတ်ပွဲ The 11th International Conference on Computer Applications 2013 ကို ပြည်တွင်း ပြည်ပမှ ICT နည်းပညာရပ်ဆိုင်ရာ နည်းလမ်းကောင်းများ လွှဲပြောင်းရရှိနိုင်ရန်နှင့် ကျယ်ပြန့်စွာဖြန့်ဖြူးနိုင်ရေးရည်ရွယ်၍ ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ဖေဖော်ဝါရီ ၂၆ ရက်နှင့် ၂၇ ရက်က ကျင်းပသည်။

အဆိုပါ သုတေသနစာတမ်းဖတ်ပွဲကို ကဏ္ဍသုံးရပ်ခွဲ၍ ကျင်းပရာဖွင့်ပွဲတွင် နိုင်ငံတကာမှ ပညာရှင်များ၏ ယနေ့ခေတ် ဖြစ်ပေါ်ပြောင်းလဲနေသော နည်းပညာရပ်ဆိုင်ရာဟောပြောချက်များ (Invitation Talk Section)၊ ပြည်တွင်းပြည်ပသုတေသနပညာရှင်များ၏ (Paper Presentation Section) နှင့် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်နှင့် နိုင်ငံတကာတက္ကသိုလ်များမှ ပညာရှင်များ ပူးပေါင်းဆောင်ရွက်သော (Joint Workshop Section) များကို သက်ဆိုင်ရာဘာသာရပ်အလိုက် သီးခြားခွဲ၍ ဖတ်ကြားဆွေးနွေးသည်။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအနေဖြင့် အရည်အချင်းပြည့်မီသော IT လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်နိုင်ရေးအတွက် နိုင်ငံတကာသုတေသနစာတမ်းဖတ်ပွဲတွင် ပြည်တွင်း ပြည်ပမှ သုတေသနပညာရှင်များ၏ စာတမ်းပေါင်း ၁၀၀ ကျော်ကို ရွေးချယ်တင်သွင်းခဲ့ကြောင်း သိရသည်။ နိုင်ငံတကာ စာတမ်းဖတ်ပွဲတွင် နိုင်ငံတကာမှ သုတေသနလုပ်ငန်းအသစ်များကို အပြန်အလှန်ဖလှယ်ခြင်း၊ နိုင်ငံတကာတက္ကသိုလ်များမှ ပါမောက္ခများနှင့် တိုက်ရိုက်ဆွေးနွေးခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများမှ နည်းပညာရပ်ဆန်းသစ်မှုများကို ရရှိစေခြင်းဖြင့် နိုင်ငံတကာအဆင့် IT ပညာရှင်များ ပေါ်ထွန်းလာမည်ဖြစ်သည်။

မြတ်စန္ဒီသင်းဇော်

အမည်ဖြည့်စွက်ခေါ်ပါရန်

ဦးအုန်း၏သမီး ၁၂/တကန(နိုင်)၀၇၀၃၄၈ ကိုင်ဆောင်သူ ဒေါ်ငွေးဝင်းအား ဒေါ်ငွေးဝင်း (ခ) ဒေါ်ငွေးငွေးဝင်းဟု ဖြည့်စွက်ခေါ်ပါရန်။

ဒေါ်ငွေးဝင်း (ခ) ဒေါ်ငွေးငွေးဝင်း

လူပျောက်ကြော်ငြာ (အမြန်ဆက်သွယ်ပါ)

သမီးဖြစ်သူ မစုစုမွန် ၁၂/ကတန(နိုင်)၁၁၅၂၅၈သည် ၁၈-၂-၂၀၁၃ရက်တွင် နေအိမ်မှ ပျောက်သွားပါသဖြင့် တွေ့ရှိပါကအကြောင်းကြားပေးပါ။ ကျေးဇူးဆပ်ပါမည်။ သွေးဆောင်ဖြားယောင်းလက်ခံထားသူအား ဥပဒေနှင့်အညီအရေးယူမည်။ သမီးစုစုမွန် မေမေကို အမြန်ဆက်သွယ်ပါ။ အားလုံးကို ခွင့်လွှတ်ပါသည်။

ဒေါ်အေးအေးနိုင် ဖုန်း-၀၉-၄၂၀၂၅၉၁၁၈၊ ၀၉-၅၁၆၉၇၅၇

ငွေလှရတနာ
အခြေခံပဋ္ဌာန်းသင်တန်းဖွင့်မည်

သင်တန်းမှူး - သဒ္ဓမ္မဇောတိကဓဇ ဒေါ်ခင်သန္တာဦး
နေ့ရက် - ၃-၃-၂၀၁၃ရက် (တနင်္ဂနွေနေ့)
အချိန် - မွန်းတည့် ၁၂း၀၀နာရီမှ ညနေ ၃း၀၀နာရီအထိ
နေရာ - သာသနာ့အလင်းရောင်ဓမ္မာရုံ
ကမ်းနားလမ်းနှင့် စကားစိမ်းလမ်းထောင့်၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ အလုံမြို့နယ်၊ ဖုန်း-၀၉-၇၃၀၆၅၆၀၆၊ ၀၉-၅၁၉၅၆၆၁
မှတ်ချက် ။ ။ နေ့စဉ် ၁၀ရက်ဆက်တိုက် ပို့ချပေးပါမည်။

GETC
Summer 2013
English Program
March to May
Pre-school(age 3-6)
Young Learners*(age 6-14)
*Cambridge ESOL Exams Preparation & Life skills for children
Starting Date: 7th March
School Bus Available
မြို့နီကုန်း-537895, 502775 လှိုင်-530097

လှိုင်သာယာတွင် မီးလောင်မှုဖြစ်ပွား

လှိုင်သာယာ ဖေဖော်ဝါရီ ၂၈

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အမှတ်(၂၀)ရပ်ကွက် ဝေပုလ္လလမ်းထိပ်ရှိ ပေ (၂၀× ၄၀) သွပ်မိုး၊ ထရံကာရွှေခြံဓမ္မရိပ်သာ ဘုန်းတော်ကြီးကျောင်းတွင် လျှပ်စစ်ဝိုင်ယာရှော့ခ်ဖြစ်ရာမှ ဖေဖော်ဝါရီ ၂၆ ရက် မွန်းလွဲ ၂ နာရီ မိနစ် ၂၀ က မီးလောင်မှုဖြစ်ပွားခဲ့ရာ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းလုံး မီးလောင်ခံခဲ့ရသည်။ **(ယာပုံ)**

မီးလောင်ရာသို့ မြို့နယ်မီးသတ်တပ်ဖွဲ့မှ မီးသတ်ယာဉ် လေးစီးရောက်ရှိငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၂ နာရီ မိနစ် ၄၀ တွင် မီးငြိမ်းသွားခဲ့သည်။ အဆိုပါမီးလောင်မှုကြောင့် ကျောင်းထိုင်ဆရာတော် ဦးဂုဏိယ အပါအဝင် ရဟန်းနှစ်ပါး၊ ကိုရင်နှစ်ပါးတို့အား မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးထိန်စိုးက လိုအပ်သည်များကို ကူညီပံ့ပိုးပေးလျက်ရှိကြောင်း သိရသည်။

(ဆန်းကျော်ဦး)

ချင်းရွာရှိစားသောက်ဆိုင် မီးလောင်မှုဖြစ်ပွား

နေပြည်တော် ဖေဖော်ဝါရီ ၂၈

နေပြည်တော် ဥတ္တရသီရိမြို့နယ် ချင်းရွာ၌ ဖေဖော်ဝါရီ ၂၇ရက် နံနက် ၃နာရီက ချင်းရွာရှိ မဟာစားသောက်ဆိုင်မှ ဂက်စ်အိုးပေါက်၍ မီးလောင်မှုဖြစ်ပွားခဲ့ပြီး အဆိုပါ ဆိုင်အနီးရှိ ချစ်မိတ်ဆွေ ကွမ်းယာဆိုင်နှင့်နေအိမ် သုံးလုံးမီးလောင်ကျွမ်းခဲ့သည်။

ချင်းရွာရှိ စားသောက်ဆိုင်မှ ချက်ပြုတ်ရာတွင် အသုံးပြုသော ဂက်စ်အိုးမှပေါက်၍ မီးလောင်သည်နှင့်တစ်ပြိုင်နက် ရပ်ကွက်အတွင်း နေထိုင်ကြသူများနှင့် မီးသတ်တပ်ဖွဲ့ဝင်များက စုပေါင်းငြိမ်းသတ်နိုင်ခဲ့၍ နေအိမ်သုံးလုံးရှိ ဆိုင်ကယ်လေးစီးနှင့် အိမ်တွင်းပစ္စည်းများပါ ဆုံးရှုံးခဲ့ကြောင်း သိရှိရသည်။ **(ဝဲပုံ)**

(ကျော်သူရ)

အမြန်လမ်းပေါ်တွင် တံတားပေါ်မှ ကားထိုးကျ

မိတ္ထီလာ ဖေဖော်ဝါရီ ၂၈

မိတ္ထီလာမြို့နယ် သီးကုန်းရဲစခန်းအပိုင် ရန်ကုန်-မန္တလေး အဝေးပြေးကားလမ်းမကြီးပေါ်တွင် ဖေဖော်ဝါရီ ၂၆ ရက် ည ၁၁ နာရီက ပျဉ်းမနား နေပြည်တော် ရွှေချီရပ် သခင်ထွန်းအုပ်လမ်းနေ ယာဉ်မောင်း အောင်မျိုးဟန် (၂၁နှစ်) မောင်းသော ၃C/. . . ဆပ်ဖ်ကားခဲရောင်ကို ဇနီးသည် မပြည့်ဖြိုးဝေ (၂၄နှစ်)နှင့်အတူ မန္တလေးဘက်သို့ မောင်းနှင်လာစဉ် မိုင်တိုင်အမှတ် ၂၈၂/၂ နွားစာငုတ်တံတားအရောက်တွင် အရှိန်မထိန်းနိုင်ဘဲ တံတား၏ဘယ်ဘက် လက်ရန်းတိုင်များအား တိုက်မိပြီး ကားမှာ ပေ ၃၀ ခန့်အနက် ချောက်ထဲသို့ ထိုးကျသွားခဲ့သည်။ ကားပေါ်ပါ အောင်မျိုးဟန်၏ဇနီး မပြည့်ဖြိုးဝေမှာ ဒဏ်ရာရရှိသွားသဖြင့် မိတ္ထီလာ ဆေးရုံတင်ပို့စဉ် ရရှိသောဒဏ်ရာဖြင့် သေဆုံးသွားခဲ့သည်။ ပြည့်ဖြိုးဝေမှာ ကိုယ်ဝန်အရင့် အမာဖြင့် သေဆုံးသွားခြင်းဖြစ်သည်။

အရေးယူထား

ကားတိမ်းမှောက်ရာသို့ သီးကုန်းရဲစခန်းမှူး ရဲအုပ်မင်းလွင်နှင့် ရဲတပ်ဖွဲ့ဝင်များက သွားရောက်ကူညီဆောင်ရွက်ပေးခဲ့သည်။ ကားမှောက်မှုကြောင့် ယာဉ်မောင်းအောင်မျိုးဟန်ကို သီးကုန်းရဲစခန်းမှ အမှုဖွင့် အရေးယူထားသည်။ **(အပေါ်ပုံ)**

တင်လှိုင် (မိတ္ထီလာ)

ကားတစ်စီးအလိုအလျောက်မီးလောင်မှုဖြစ်ပွား

ရန်ကုန် ဖေဖော်ဝါရီ ၂၈

ရန်ကုန်မြို့ အထက်ပုဇွန်တောင် လမ်းမကြီးနှင့် ရေကျော်မီးပွိုင့်ဆုံရာ လမ်းထောင့်၌ ဖေဖော်ဝါရီ ၂၆ရက်ညနေ ၄နာရီ မိနစ် ၂၀ခန့်က နစ်ဆန်းအမျိုးအစား ကားတစ်စီး မီးလောင်မှု ဖြစ်ပွားခဲ့သည်။ မီးသတ်ကားများ အချိန်မီ ရောက်ရှိကာ ငြိမ်းသတ်နိုင်ခဲ့ပြီး တစ်စုံတစ်ရာ ထိခိုက်ဒဏ်ရာ ရရှိမှုမရှိကြောင်း သိရသည်။ အဆိုပါ ဖြစ်စဉ် အသေးစိတ်နှင့် ပတ်သက်၍ သက်ဆိုင်ရာမှစုံစမ်းဆဲဖြစ်ကြောင်း သိရသည်။

(ယာပုံ) **(ဒီမွန်)**

ဝိုင်ယာကြိုးအပူလွန်ကဲပြီးမီးလောင်

တာချီလိတ် ဖေဖော်ဝါရီ ၂၈

တာချီလိတ်မြို့ ဆန်ဆိုင်း (က) ရပ်ကွက် ဗိုလ်ချုပ်လမ်း အိမ်အမှတ်(၁၅၃)နေ အိမ်ငှားဖြစ်သူ ဦးစိုင်းစံ၏ သုံးထပ်တိုက်အောက်ဆုံးအခန်းကုန်စုံဆိုင်၏ မိန်းခုံဝိုင်ယာကြိုး အပူလွန်ကဲရာမှ ဖေဖော်ဝါရီ ၂၆ ရက် ည၁၀နာရီခွဲကမီးလောင်မှုဖြစ်ပွားရာ မြို့နယ်မီးသတ်တပ်ဖွဲ့မှ မီးသတ်ယာဉ် သုံးစီး၊ တာချီလိတ်မီးသတ်တပ်ဖွဲ့မှစခန်းမှူးကျော်ကိုကိုနှင့်တပ်ဖွဲ့ဝင်ကိုးဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၂၀တို့ ရောက်ရှိပြီး မီးငြိမ်းသတ်ခဲ့ရာ ၁၀ မိနစ်အတွင်း မီးငြိမ်းသွားခဲ့ကြောင်း မီးလောင်စဉ် ကုန်ပစ္စည်းအနည်းငယ် လောင်ကျွမ်းကာ ဆုံးရှုံးမှုရှိခဲ့ကြောင်း၊တာချီလိတ်ရဲခစန်းတွင် ဦးစိုင်းစံအားအမှုဖွင့်ထားကြောင်း သိရှိရသည်။

မြင့်မိုရ်(တာချီလိတ်)

ရွှေရတုမှသည်-

၂၀၁၃ခုနှစ် မတ်လ ၁ ရက် (သောကြာနေ့)
ရွှေရတုမွေးနေ့မှသည် ဇနီး သမီး သားတို့နဲ့အတူ
အနှစ်တစ်ရာတိုင်တိုင် အပြုံးမပျက် ခရီးဆက်ကြ
ပါစို့

မိုး

ဆု၊ နှင်း၊ သဲနှင့်ပြည့်

သစ်တောသစ်ပင်

ဒို့ချစ်ခင်

နှစ်စဉ်စိုက်ပျိုး အလှတိုး

CNG ကားရောင်းမည်

၇ဃ/၂.....
probox 2007
စာအုပ်ကျပြီး
1500 cc
ဖုန်း-၀၉-၇၃၁၉၀၅၉၄

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်မောင်သန့်ဇင် ၁၂/ကတတ(နိုင်)၀၂၆၂၅၈ ပိုင်ဆိုင်သော ယာဉ်အမှတ် ဒ/၁၇၉၄(ပုံစံ-ဃ၊ အမှတ်-၅၇၉၆၂)၏ ပုံစံ(ဃ) မကဖတ(ရန်ကုန်) ၁၂/၂၂၂၃ စလစ်မှာ ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဦးမောင်မောင်သန့်ဇင်

ဖုန်း-၀၉-၇၃၂၅၀၀၇၈၊ ၀၁-၃၉၃၂၀၂

ပြည်တွင်းသတင်း

မြန်မာနှင့်မလေးရှား ကုန်သွယ်မှုပမာဏ ယခုနှစ်တွင် ဒေါ်လာတစ်ဘီလီယံအထိရောက်နိုင်

မြန်မာနိုင်ငံနှင့် မလေးရှားနိုင်ငံတို့အကြား နှစ်နိုင်ငံ ကုန်သွယ်မှုပမာဏသည် ယခုနှစ်အတွင်း အမေရိကန်ဒေါ်လာ တစ်ဘီလီယံအထိ ရောက်ရှိနိုင်ကြောင်း၊ နှစ်နိုင်ငံ စီးပွားရေးတိုးတက်မှု အလားအလာများ ကောင်းမွန်လာသည်နှင့်အမျှ ကုန်သွယ်မှုမှာလည်း ၁၀ရာခိုင်နှုန်းအထိ တိုးတက်လာကြောင်း မလေးရှားသတင်းအေဂျင်စီ ဘာနာမာက ဖေဖော်ဝါရီ ၂၆ ရက်တွင် သတင်းဖော်ပြသည်။

"မြန်မာ့ဈေးကွက်စီးပွားရေး ပွင့်လင်းလာသည်နှင့်အမျှ မလေးရှားကုန်ပစ္စည်းများ မြန်မာနိုင်ငံအတွင်းကို ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်"ဟု မလေးရှားပြည်ပကုန်သွယ်ရေးဖွံ့ဖြိုးတိုးတက်မှုကော်ပိုရေးရှင်း ဒုတိယအမှုဆောင်အရာရှိ ဒါတွတ်ကာမာရုဒင်ဟတ်ဆန်က ပြောကြားသည်။

မြင့်တက်

လွန်ခဲ့သည့်နှစ် မလေးရှားနိုင်ငံမှ မြန်မာနိုင်ငံသို့ ကုန်ပစ္စည်းတင်ပို့မှုမှာ မလေးရှားရင်းဂစ် ၂ ဒသမ ၁၇ ဘီလီယံ (အမေရိကန် ဒေါ်လာသန်း၇၀၀)ရှိခဲ့ရာ ၂၇ ဒသမ ၃ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊ ထိုအတောအတွင်း မြန်မာနိုင်ငံမှ တင်သွင်းသောတန်ဖိုးမှာ မလေးရှားရင်းဂစ် ၀ ဒသမ ၅၇ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁၈၄ သန်း)ရှိခဲ့ကြောင်း ယင်းသတင်းတွင် ဖော်ပြသည်။ လွန်ခဲ့သည့်နှစ်က မြန်မာနိုင်ငံအတွင်း မလေးရှားရင်းနှီးမြှုပ်နှံမှုသည် မလေးရှားရင်းဂစ် ၃ ဒသမ ၁၈ ဘီလီယံ(အမေရိကန်ဒေါ်လာ တစ်ဘီလီယံ) တန်ဖိုးရှိကြောင်း၊ အများစု ရင်းနှီးမြှုပ်နှံလုပ်ကိုင်သောလုပ်ငန်းများမှာ ရေနံနှင့်သဘာဝဓာတ်ငွေ့၊ ဟိုတယ်၊ ပလတ်စတစ်နှင့် ပင်လယ်စာလုပ်ငန်းများဖြစ်ကြောင်း သိရသည်။

မြန်မာ့ရော်ဘာ အာရှနိုင်ငံများ အများဆုံးဝယ်ယူ

တရုတ်၊ စင်ကာပူနှင့် မလေးရှားနိုင်ငံတို့သည် မြန်မာနိုင်ငံမှ ရော်ဘာအများဆုံးဝယ်ယူတင်သွင်းနေသည့် နိုင်ငံများဖြစ်ကြကြောင်း မြန်မာ့ရော်ဘာတင်ပို့ရောင်းချသူများက ပြောကြားသည်။

"မြန်မာ့ရော်ဘာကို တင်သွင်းတဲ့ အခြားနိုင်ငံတွေဖြစ်တဲ့ အင်ဒိုနီးရှား၊ တောင်ကိုရီးယား၊ ဗီယက်နမ်၊ အိန္ဒိယနဲ့ထိုင်းနိုင်ငံတို့လည်းပါပါတယ်"ဟု မြန်မာ့ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း အတွင်းရေးမှူး ဦးခိုင်မြင့်က ပြောကြားသည်။

"မြန်မာနိုင်ငံမှာ ရော်ဘာအများဆုံးတင်ပို့နေတဲ့ ပြည်နယ်ကတော့ မွန်ပြည်နယ်ဖြစ်ပါတယ်။ ဒါပေမယ့် ရော်ဘာကိုတနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနဲ့ ကရင်ပြည်နယ်တွေမှာလည်း စိုက်ပျိုးနေတာ တွေ့ရတယ်"ဟု ရော်ဘာလုပ်ငန်းရှင် ဦးကျော်လွင်ဦးက ပြောကြသည်။

"မြန်မာနိုင်ငံက ရော်ဘာထုတ်လုပ်သူတွေဟာ ရော်ဘာစိမ်းကိုပဲ တင်ပို့နေကြတယ်၊ ပိုပြီးကောင်းအောင်လုပ်တဲ့ နည်းပညာ မရှိသေးဘူး"ဟုလည်း ၎င်းက ပြောကြားသည်။

ပြောကြား

လွန်ခဲ့သော ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၆ ရက်အတွင်း စင်ကာပူနဲ့ မလေးရှားသို့ ရေလမ်းကြောင်းမှတစ်ဆင့် ရော်ဘာတန်ချိန် ၅၀၀ တင်ပို့ခဲ့ကြောင်း၊ ထို့အပြင် တရုတ်နှင့် ထိုင်းသို့လည်း ရော်ဘာတန်ချိန် ၁၁၄၁ တန်ကို နယ်စပ်ကုန်သွယ်ရေးစခန်းများမှတင်ပို့ခဲ့ကြောင်း ရော်ဘာတင်ပို့သူတစ်ဦးက ပြောသည်။ ဖေဖော်ဝါရီ ၂၈ ရက်တွင် ရော်ဘာစိမ်းတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၀၀၀ မှ ၃၁၀၀ အထိဈေးရှိကြောင်း ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းက ပြောကြားသည်။

အာကာကျော်- ရေးသားသည်

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၁)၊ မြေကွက်အမှတ် (၉၉၂)ကို မူလအမည်ပေါက် တပ်ကြပ်ကြီးဝင်းမြိုင်ကိုယ်စား ဒေါ်နှောင်းဝဿန်မှ မြေပိုင်ဆိုင်မှု အထောက်အထား (မူရင်း)များဖြင့် မြေချပါမစ် (အိမ်ရာဆောက်လုပ်ခွင့်၊ မှီခိုသူစာရင်း) ထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

မြေယာရုံးခွဲ(၅)၊ မြောက်ဥက္ကလာပမြို့နယ်

အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် စက်မှုဇုန်၊ မြေကွက်အမှတ်-၁၅၈၊ ဧရိယာ ၂ ဒသမ ၀၈၅ (၉၀၈၄၆-စပ)ရှိ နှစ်၆၀ ဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်များကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ မြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် အမည်ပေါက်၍ လက်ရှိပိုင်ဆိုင်အကျိုးခံစားရယူလျှက်ရှိသူ ဦးဝင်းအောင် ၁၂/တမန(နိုင်)၀၇၃၉၉၂ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။

သို့ပါ၍ အထက်ဖော်ပြပါ မြေကွက်နှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်အကြောင်းရှိပါက ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းများဖြင့် ကျွန်ုပ်တို့ထံသို့ ယနေ့မှစ၍ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်၍ အပြီးတိုင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမျိုးသန့် B.A(Law) LL.B (စဉ်-၁၅၇၆)

ဒေါ်ရီ LL.B (စဉ်-၃၈၈၁)

ဒေါ်ဝင်းဝင်းထက်(LL.B, LL.M) (စဉ်-၃၁၈၄၆)

တရားလွှတ်တော်ရှေ့နေများ **အထက်တန်းရှေ့နေ**

အမှတ်-၄၆၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊

ဖုန်း-၀၉-၅၀၆၄၅၄၅၊ ၀၉-၅၀၈၃၅၀၅၊ ၀၉-၄၂၀၀၁၁၅၇၆

နိုင်ငံတကာအားကစားသတင်း

ပြိုင်ဆိုင်မှုပြင်းထန်လာသည့် ပရီမီယာလိဂ်ပြိုင်ပွဲ

အင်္ဂလိပ်ပရီမီယာလိဂ်ပွဲစဉ် (၂၈) ပြိုင်ပွဲများကို လာမည့် မတ် ၂ ရက်နှင့် ၃ ရက်တို့တွင် အကြိတ်အနယ်ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ယခုနှစ်ဘောလုံးရာသီပြီးဆုံးရန် နီးကပ်လာသည်နှင့်အမျှ အသင်းကြီးများဖြစ်သည့် မန်ယူ၊ မန်စီးတီး၊ ချယ်လ်ဆီးနှင့် စပါးတို့၏အားပြိုင်မှုသည်လည်း ပိုမိုပြင်းထန်လာသည်။ အာဆင်နယ်နှင့် လီဗာပူးတို့ကလည်း အမှတ်ပေးဇယား ထိပ်ဆုံးလေးသင်းစာရင်း ဝင်နိုင်ရေး အကြိတ်အနယ်ရှိလာသည်။ ထို့အတူ တန်းဆင်းဇုန်နား ကပ်လာသော အသင်းများကလည်း အောက်သို့ ပြုတ်မကျအောင် အကြိတ်အနယ် ကာကွယ်ကြဦးမည်ဖြစ်သည်။ ထို့ကြောင့် ပြိုင်ပွဲတိုင်းသည် ခက်ခဲလာသည့်သဘောရှိသည်။

မန်ယူနှင့် နော့ဝှစ်

(မတ် ၂ ရက် ည ၉ နာရီခွဲ)

ပထမအကျော့ ရလဒ်တွင် နော့ဝှစ်က အနိုင်ကစားနိုင်ခဲ့သော်လည်း ယခုပြိုင်ပွဲသည် မန်ယူက အိမ်ကွင်းတွင် အနိုင်ကစားမည့် အနေအထားရှိသည်။ တစ်နည်းအားဖြင့် မန်ယူက နော့ဝှစ်ကို ရှုံးကြေးပြန်ဆပ်မည့်ပွဲဟု ဆိုနိုင်ပါသည်။ သို့သော်လည်း နော့ဝှစ်က တန်းဆင်းဇုန် လွတ်မြောက်ရေးအတွက် အကြိတ်အနယ် ခုခံကစားဖွယ်ရှိသည်။

ချယ်လ်ဆီးနှင့် ဝက်စ်ဘရွန်း

(မတ် ၂ ရက် ည ၉ နာရီခွဲ)

ဘင်နီတက်ဇ်၏ ချယ်လ်ဆီးအသင်းသည် ပြီးခဲ့သည့်အပတ်က မန်စီးတီးကို ရှုံးထားသဖြင့် ယခုအပတ်တွင် ဝက်စ်ဘရွန်းကိုအနိုင်ကစားပြီး ရမှတ်သုံးမှတ် ထိုက်ထိုက်တန်တန် ရယူလိမ့်မည်ဟုမျှော်လင့်ရသည်။ သို့သော် ချယ်လ်ဆီးတို့ အနေဖြင့် ခြေစွမ်းတည်ငြိမ်သော ဝက်စ်ဘရွန်းကိုခက်ခက်ခဲခဲ ကစားရနိုင်သည်။

အဲဗာတန်နှင့် ရက်ဒင်း

(မတ် ၂ ရက် ၉ နာရီခွဲ)

အက်ဖ်အေဖလား ပြိုင်ပွဲတွင် ကွာတားအထိ တက်လာသော အဲဗာတန်တို့အနေဖြင့် အိမ်ကွင်းတွင် ဆက်လက်ခြေစွမ်းပြနိုင်သည်။ သို့သော် ခြေစွမ်းမကွာသော ရက်ဒင်းကို အဲဗာတန်တို့ လွယ်လွယ် အနိုင်ရနိုင်ဖွယ်မရှိပေ။

ဆောက်သမ်တန်နှင့် ကျူပီအာ

(မတ် ၂ ရက် ည ၉နာရီခွဲ)

နှစ်သင်းစလုံး ယခုနှစ်ရာသီတွင် တန်းမဆင်းရရေး ရုန်းကန်ကြိုးစားနေသည့် အသင်းများဖြစ်သည်။ ခြေစွမ်းအနေအထားအရ သိပ်မကွာသော်လည်း ဆောက်သမ်တန်က အိမ်ကွင်းအားသာချက် ရှိနေသည်။ ယင်းအတွက် ဆောက်သမ်တန်တို့ အသာရသွားနိုင်သည်။ ထိုနေ့တွင် စတုတ်နှင့် ဝက်စ်ဟမ်း၊ ဆန်းဒါးလန်းနှင့်ဖူလ်ဟမ်တို့လည်း အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ။

ကျော်ကျော်-စုစည်းသည်

ချယ်လ်ဆီးနည်းပြ ရာသီကုန်ထွက်မည်

ချယ်လ်ဆီးနည်းပြ ရာဖေးလ် ဘင်နီတက်ဇ်က ၎င်းအနေဖြင့် ရာသီကုန်မေလတွင် ချယ်လ်ဆီးမှ ထွက်ခွာမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။ ဘင်နီတက်ဇ်က အက်ဖ်အေဖလားပြိုင်ပွဲတွင် မစ်ဒယ်ဘရော့ကို အနိုင်ရပြီးနောက် ယင်းကဲ့သို့ ကြေညာခဲ့ခြင်းဖြစ်သည်။

စပိန်ဘုရင့်ဖလားဗိုလ်လုပွဲ အက်သလက်တီကိုနှင့် ရီးရဲတွေ့ပြီ

စပိန်ဘုရင့်ဖလားခေါ် ကိုပါဒယ်ရေးဖလားပြိုင်ပွဲကို စပိန်ထိပ်သီးအသင်းနှစ်သင်းဖြစ်သည့် ဆီဗီလာနှင့် အက်သလက်တီကိုအသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ကြသည်။ ယင်းတို့သည် တစ်ဖက်နှစ်ဂိုးစီအပြန်အလှန်သွင်းယူခဲ့ကြသည်။ အက်သလက်တီကိုက ပထမပိုင်း ၂၉ မိနစ်အတွင်းမှာပင် ကိုစတာဒီဘိုနှင့် ဖယ်ကာအိုတို့၏ ဂိုးများဖြင့် ဆီဗီလာကို ဦးဆောင်ကစားခဲ့သည်။ ဒုတိယပိုင်းတွင် ဆီဗီလာမှ ကစားသမားနှစ်ဦးဖြစ်သည့် ဂါရီမီဒယ်နှင့် ကွန်ဒီဘီယာတို့ အထုတ်ခံရသဖြင့် ချေပဂိုးများ သွင်းယူရန် အခက်တွေ့သွားသည်။ သို့သော်လည်း ဆီဗီလာက ပထမပိုင်းတွင် တစ်ဂိုး၊ ဒုတိယပိုင်း ပြီးခါနီးတွင်တစ်ဂိုး ချေပဂိုးများ သွင်းယူခဲ့သည်။

သို့သော်လည်း အက်သလက်တီကိုအသင်းက နှစ်ကျော့ပေါင်းရလဒ် လေးဂိုး-သုံးဂိုးဖြင့် ဗိုလ်လုပွဲ တက်နိုင်ခဲ့သည်။ ဗိုလ်လုပွဲတွင် ယမန်နေ့က ဘာစီလိုနာကို အနိုင်ရသွားသော ရီးရဲမက်ဒရစ်နှင့် ကစားရမည်ဖြစ်သည်။

အက်ဖ်အေဖလားကွာတား ချယ်လ်ဆီးနှင့် မန်ယူတွေ့ကြမည်

အက်ဖ်အေဖလား ပဉ္စမအကျော့ပြိုင်ပွဲများကို ဖေဖော်ဝါရီ ၂၇ ရက် ညပိုင်းက ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ကြရာ ချယ်လ်ဆီးက မစ်ဒယ်ဘရော့အသင်းကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ရလိုက်သည်။

ချယ်လ်ဆီးအသင်းအတွက် ဂိုးများကို မီယာလက်နှင့်မော့ဆက်တို့က ဒုတိယပိုင်းတွင် သွင်းယူခဲ့ကြသည်။**(အောက်ပုံ)** လက်ရှိချန်ပီယံချယ်လ်ဆီးအသင်းသည် ယင်းပြိုင်ပွဲတွင် အနိုင်ရလိုက်သဖြင့် ကွာတားဖိုင်နယ်တွင် မန်ယူနှင့် ကစားရမည်ဖြစ်သည်။ ကွာတားဖိုင်နယ်တွင် ချယ်လ်ဆီးနှင့်မန်ယူတို့သည် အကြိတ်အနယ်ကစားပြီး ယခုနှစ်ရာသီအတွက် ဖလားတစ်လုံးရရေး မျှော်လင့်နိုင်သည်။

ကောင်းမြတ်သူ - ရေးသားသည်

မင်္ဂလာညစာ ခံပွဲကျေးဇူးတင်လွှာ

Washington D.C, U.S.A နေ

ဦးမောင်မောင်နု(အကောက်ခွန်ဦးစီးမှူး-ငြိမ်း)-ဒေါ်မြင့်မြင့်ဆွေ OBA Bank,U.S.A တို့၏သားကြီး

မောင်ရဲဝင့်နိုင်

Microsoft Certified System Engineer

Cyber Security Specialist

နှင့်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ပညာဝတီအိမ်ရာနေ

ဦးသန်းလွင်-ဒုတိယဥက္ကဋ္ဌ(၂)၊ ကမ္ဘောဇဘဏ်လီမိတက်(ဒုတိယဥက္ကဋ္ဌ၊ဗဟိုဘဏ်-ငြိမ်း)-ဒေါ်မြင့်မြင့်သန်း

Golden Crown Jewelry Trading တို့၏သမီးကြီး

မအေးစန္ဒာလွင်

B.S Information Systems (University of Maryland, U.S.A)

တို့သည် ၂၁-၂-၂၀၁၃ ရက်တွင် Sedona Hotel (Grand Ballroom) ၌ ကျင်းပပြုလုပ်ခဲ့သော မင်္ဂလာညစာခံပွဲ အခမ်းအနားတွင် မင်္ဂလာညစာခံပွဲမတက်ရောက်နိုင်သော်လည်း အမှတ်တရမင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ပေးခဲ့ကြသော နိုင်ငံတော်အကြီးအကဲများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အဖွဲ့အစည်းများ၏ အကြီးအကဲများတို့အားလည်းကောင်း၊ မင်္ဂလာညစာခံပွဲအခမ်းအနားတွင် မင်္ဂလာပန်းကုံးချီးမြှင့်ပေးခြင်းနှင့် မင်္ဂလာလက်စွပ်ဆင်မြန်းပေးသော၊ ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းနှင့်ဇနီး ကမ္ဘောဇဘဏ်လီမိတက် ဒုတိယဥက္ကဋ္ဌ ဒေါ်နန်းသန်းထွေးတို့အားလည်းကောင်း၊ အဘက်ဘက်မှ ကူညီဆောင်ရွက်ပေးသော Naing Group of Companies မှ Chairperson ဦးကျော်နိုင်ဦးနှင့်ဇနီးနှင့်တကွ Naing Group မှ ကျေးဇူးတင်ထိုက်သူများအားလည်းကောင်း၊ မင်္ဂလာသတို့သားအရံ ကိုမျိုးမင်းလတ်နှင့် ကိုဟန်ဘိုထွန်း၊ မင်္ဂလာသတို့သမီးအရံ မပန်းအိသူသူနှင့် မဖြိုးဖြိုး(ခ)Honey တို့အားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးသော မနှင်းစုစုလှိုင်၊ မင်္ဂလာပန်းကုံးကိုင်ဆောင်ပေးသော မနှင်းအိအိလှိုင်၊ မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးသော မရိုန်းအိမျိုးတို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားကြီးအား အစမှအဆုံးအထိ အကောင်းဆုံးစီစဉ်ဆောင်ရွက်ပေးသော အခမ်းအနားမှူး ဒေါ်မြရတနာမိုးအားလည်းကောင်း၊ လက်ဝတ်ရတနာများကို စေတနာဖြင့် ကူညီပေးသော စိန်နန်းတော်(Diamond City)ရတနာဆိုင်မှ April နှင့် Rose တို့အားလည်းကောင်း၊ မင်္ဂလာဝတ်စုံဖန်တီးပေးသော Designer မမဥ္ဇူအားလည်းကောင်း၊ မင်္ဂလာဓာတ်ပုံနှင့် Video မှတ်တမ်းတင်ပေးသော Seven Picture အဖွဲ့သားများအားလည်းကောင်း၊ မိတ်ကပ်ပြင်ဆင်ပေးသော ဒီဇင်ဘာနှင်းနှင့် အဖွဲ့သားများအားလည်းကောင်း၊ မင်္ဂလာအခါတော်ပေး သီဆိုပေးသော တေးသံရှင်ဒေါ်နွဲ့ယဉ်ဝင်း၊ မင်္ဂလာတေးသံသာများဖြင့် ဖျော်ဖြေပေးသော Spectrum တေးဂီတအဖွဲ့နှင့်အတူ တေးသံရှင်များအားလုံးအားလည်းကောင်း၊ ပန်းအလှပြင်ဆင်ပေးသော Eternal Flowers အားလည်းကောင်း၊ Sedona ဟိုတယ်မန်နေဂျာနှင့် အစားအသောက်များဖြင့် တည်ခင်းဧည့်ခံပေးသော Sedona Hotel ဝန်ထမ်းများအားလည်းကောင်း၊ ရပ်ဝေးရပ်နီးမှ တက်ရောက်ချီးမြှင့်ကြသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် မင်္ဂလာအခမ်းအနားအား မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဆောင်များပေးပို့ကြသော ဆွေမျိုးမိတ်ဆွေများအားလုံးနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကိုလည်းကောင်း အထူးကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်မိဘများနှင့်

မောင်ရဲဝင့်နိုင်-မအေးစန္ဒာလွင်





ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ကယားပြည်နယ်တွင် အဆင့်မြင့်လယ်ယာဧက ၅၀၀ ဖော်ထုတ်စိုက်ပျိုးမည်

လွိုင်ကော် ဖေဖော်ဝါရီ ၂၈

နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်ချက်အရ ကယားပြည်နယ် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန ဦးမိုးရယ်ရန်အောင်၏ ဦးဆောင်မှုဖြင့် ကယားပြည်နယ်တွင် ခေတ်မီနည်းပညာများဖြင့် အထူးအထွက်တိုး ပုလဲသွယ်စပ်မျိုးစပါးဖြင့် ယခု၂၀၁၃ ခုနှစ်တွင် အဆင့်မြင့်လယ်ယာ ဧက ၅၀၀ကို စိုက်ပျိုးဖော်ထုတ်သွားမည်ဖြစ်သည်။

အဆင့်မြင့် လယ်ယာဖော်ထုတ်နိုင်ရေးအတွက် လွိုင်ကော်ဆည်မြောင်းဦးစီးဌာနမှ ၂၀၁၂ခုနှစ်က ဆည်မြောင်းဦးစီးဌာနပိုင် လယ်မြေ ၁၀ ဧကတွင် အထူးအထွက်တိုး ပုလဲသွယ်စပ်မျိုးစပါးကို စမ်းသပ်စိုက်ပျိုးခဲ့ရာ တစ်ဧက ၂၁၅တင်း ထွက်ရှိသဖြင့် ပြည်နယ်အစိုးရ၏ ထူးချွန်တောင်သူစံပြ တတိယဆုကို ရရှိခဲ့သည်။ ယမန်နှစ်က လယ်ယာမြေပြုပြင်ခြင်းမရှိဘဲ စမ်းသပ်စိုက်ပျိုးခဲ့ရာ အောင်မြင်ခဲ့သဖြင့် ယခု ၂၀၁၃ခုနှစ်တွင် ကြာဖူးတော ကျေးရွာအနီး ဆည်မြောင်းဦးစီးဌာနပိုင် လယ်မြေ ၁၀ ဧကတွင် ပိုမိုအထွက်တိုးရန်အတွက် ဆည်မြောင်းဦးစီးဌာနဦးစီးမှူး ဦးဝင်းမောင်(မြို့ပြ)နှင့် ဦးသန်းထွန်းတို့က အဆင့်မြင့် လယ်ယာစိုက်ပျိုးနည်းများဖြစ်သော စက်မှုလယ်ယာထွက်စက်များဖြင့် လယ်ယာမြေပြုပြင်ထွန်ယက်ခြင်း၊ ရေသွင်းမြောင်း၊ ရေထုတ်မြောင်းများ တူးဖော်ခြင်း၊ လယ်ကြားမြောင်းများ ဖော်ထုတ်ခြင်း၊ ကုန်ထုတ်လမ်းများ ဖောက်လုပ်ခြင်း၊ လယ်တစ်ဧကချင်းကို ပေါင်စနစ်ဖြင့် အထူးအထွက်တိုး ပုလဲသွယ်စပ်မျိုးစပါးကိုအဆင့်မြင့်လယ်ယာဖော်ထုတ်ရေးအတွက် ဆည်မြောင်းဦးစီးဌာနပိုင် လယ်၁၀ ဧကတွင် စက်မှုလယ်ယာထွန်စက်ကြီးများဖြင့် မြေယာပြုပြင်နေသည်။ အဆင့်မြင့် လယ်ယာဖော်ထုတ်ရေးအတွက် အထူးအထွက်တိုး ပုလဲသွယ်စပ်မျိုး နွေစပါးကိုစတင်စိုက်ပျိုးသွားမည်ဖြစ်သည်။**(တင်လှိုင်)**

တပ်ကုန်း၌ ဆွမ်းဆန်တော်လောင်းလှူ

နေပြည်တော် ဖေဖော်ဝါရီ ၂၈

နှစ်စဉ်ကျင်းပမြဲဖြစ်သောနေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့ မိုးကောင်းဘုရားကြီး ဆွမ်းဆန်တော်လောင်းလှူရေးအဖွဲ့၏ ၃၈ ကြိမ်မြောက် မြို့နယ်လုံးဆိုင်ရာ ဆွမ်းဆန်တော် လောင်းလှူပွဲကို တပို့တွဲလပြည့်နေ့ မွန်းလွဲ ၂ နာရီက မိုးကောင်းဘုရားကြီးသို့ သွားရာ ရန်ကုန်-မန္တလေး ကားလမ်း တစ်လျှောက် ကျင်းပသည်။ တပို့တွဲလပြည့်နေ့ ဆွမ်းဆန်တော် လောင်းလှူပွဲကြီးတွင် ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ ပဌာန်းရွတ်ဖတ်ပူဇော်သည့် သံဃာတော်များနှင့်ပင့် သံဃာအပါး၅၀၀၊ သီလရှင် အပါး ၅၀စုစုပေါင်းအပါး၅၅၀တို့အား ကျေးရွာအုပ်စုများနှင့်မြို့မခြောက်ရပ်ကွက်မှ စေတနာရှင်မိဘပြည်သူများကနဝကမ္မ အလှူတော်ငွေကျပ် ၁၇၅၁၅၀၀ နှင့် ဆွမ်းဆန်တော်တင်းပေါင်း၇၀၀ကျော် လောင်းလှူ ပူဇော်ခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)**

(၁၆၂)

ဆင်းကေရီ-၃ ဝမ်းစာစပါးနှင့် မျိုးစပါးများ မိုးညှင်းမြို့နယ်၌ အရောင်းအဝယ်သွက်

မိုးညှင်း ဖေဖော်ဝါရီ ၂၈

ဒေသရေမြေသဘာဝ ရာသီဥတုနှင့်ကိုက်ညီသော၊ အထွက်ကောင်းသော၊ ဈေးကွက်ကောင်းသော စပါးကို စိုက်ပျိုးနေကြသည့် တောင်သူအများစုကို ကချင်ပြည်နယ် မိုးညှင်းမြို့နယ် လယ်ယာလုပ်ငန်းခွင်နှင့် စပါးဈေးကွက်တွင် တွေ့မြင်နေရပြီဖြစ်သည်။

မိုးညှင်းမြို့နယ်၌ မိုးစပါးစိုက်ပျိုးရာတွင် ယခင်က တစ်ဧကလျှင် စပါးတင်း၄၀မှ ၇၀အထိသာထွက်ရှိသော်လည်း ယခုအခါဆင်းကေရီ-၃ စပါးကို စိုက်ပျိုးကြသည့် တောင်သူများသည် တစ်ဧကလျှင် စပါးတင်း ၈၀ မှ ၁၀၀ ကျော်ရရှိကြပြီး မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးကြသည့်အချို့တောင်သူများသည် တင်း ၁၃၀ အထိရရှိခဲ့ကြသည်။ မိုးညှင်းမြို့နယ်၌ ၂၀၁၂ ခုနှစ် မိုးစပါးရာသီတွင် စပါးအထွက် ကောင်းသော်လည်း နယ်ချင်းဆက် ကသာခရိုင် သံလမ်းဝဲယာရှိ လယ်မြေများရာသီဥတုမမှန်သဖြင့် စပါးအောင်မြင်ဖြစ်ထွန်းမှုမရှိခြင်းကြောင့် အများစုသည် မိုးညှင်းမြို့နယ်မှ ဆန်စပါးများကို ဝယ်ယူစားသုံးနေရကြောင်း စပါးရောင်းဝယ်သူတို့ထံမှ သိရသည်။

ယခုနှစ်တွင် ဆင်းဧရီ-၃ ဝမ်းစာစပါးဝယ်ယူမှုများပြားလာခြင်းကြောင့် ယခုဈေးကွက်တွင် စပါးတစ်တင်း ငွေကျပ် ၄၂၀၀ မှ ၄၅၀၀ ဈေးနှုန်းဖြင့် အရောင်းအဝယ်ဖြစ်လျက် ရှိသည်။ ယခုတလော ထူးခြားမှုမှာ ဆင်းကေရီ-၃ စပါးကို အကြိုက် တွေ့သော တောင်သူများ ဆင်းကေရီ-၃ မျိုးစပါးကို ရှာဖွေဝယ်ယူကြခြင်းပင်ဖြစ်သည်။ အနယ်နယ် အရပ်ရပ်မှတောင်သူများ မျိုးစပါးဝယ်ယူသူများပြားလာခြင်းကြောင့် ဆင်းကေရီ-၃ မျိုးကောင်းစပါး တစ်တင်းလျှင် ငွေကျပ် ၅၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိနေကြောင်း သိရသည်။

(ဝ၆၃)

ဆင်းကေရီ-၃ မျိုးစပါးများကိုတွေ့ရစဉ်။

မြဝတီ၌ မွန်အမျိုးသားနေ့ ကျင်းပ

မြဝတီ ဖေဖော်ဝါရီ ၂၈

(၆၆)နှစ်မြောက် မွန်အမျိုးသားနေ့ အခမ်းအနားကို မြဝတီခရိုင် မြဝတီမြို့နယ် မွန်စာပေယဉ်ကျေးမှုရုံးခန်းမ၌ ဖေဖော်ဝါရီ ၂၆ ရက်က ကျင်းပရာ သဘာပတိနိုင်ကျော်ထင်က မွန်ဘာသာဖြင့် အမှာစကားပြောကြားပြီး ဒေါ်ဖြူဖြူဝင်းက မြန်မာဘာသာဖြင့် အမှာစကားပြောကြားသည်။ဆက်လက်၍ မွန်အမျိုးသားနေ့ဖြစ်မြောက်ရေးကော်မတီ ဥက္ကဌ နိုင်မြင့်အောင်က အမှာစကားပြောကြားပြီး မြန်မာ့အခြေနှင့်မွန်စာပေအကြောင်းကို ဒေါက်တာအောင်စိုးက ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် မွန်စာပေယဉ်ကျေးမှုအဆောက်အအုံနှင့်မွန်အမျိုးသားနေ့ အခမ်းအနားကျင်းပရေးအတွက်အလှူငွေပေးအပ်သော အလှူရှင်များအား တာဝန်ရှိသူများကဂုဏ်ပြုမှတ်တမ်းလွှာများပြန်လည်ပေးအပ်ပြီး မွန်ရိုးရာအကများဖြင့် ကပြဖျော်ဖြေခဲ့ကြကြောင်း သိရသည်။**(အပေါ်ပုံ)**

နဒီမြင့်မိုရ်(မြဝတီ)

ဟိုပင်မြို့မဈေးကြီး မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်

မိုးညှင်း ဖေဖော်ဝါရီ ၂၈

မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်တားဆီးရေးအတွက် ဈေးအခြေပြု လက်တွေ့မီးငြှိမ်းသတ်နည်းသရုပ်ပြခြင်းကို ဖေဖော်ဝါရီ ၂၄ ရက်က ကချင်ပြည်နယ် မိုးညှင်းခရိုင် ဟိုပင်မြို့ မြို့မဈေးကြီး၌ ပြုလုပ်ရာ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်မီးသတ် ဦးစီးမှူး ဦးဟိန်းမင်းထိုက်နှင့် တပ်ဖွဲ့ဝင်များ၊ မြို့ပေါ်ရပ်ကွက်များမှ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့ဝင်များ၊ ဈေးကော်မတီဝင်များ တက်ရောက်ကြသည်။

မီးသတ်ဦးစီးမှူးက မီးလောင်ရခြင်းအကြောင်းအရင်းနှင့် ပြည်သူများ၏အကူအညီဖြင့် မြို့မဈေး မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးတို့ကို ရှင်းလင်းပြောကြားပြီး မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ကားဖြင့် မီးငြှိမ်းသတ်နည်း၊ ဆီမီးလောင်စဉ် မီးသတ်ဆေးဘူးဖြင့် ငြှိမ်းသတ်ပုံနည်းလမ်းတို့ကို လက်တွေ့သရုပ်ပြကြသည်။

(ဝ၆၃)

ကျေးဇူးအထူးတင်ရှိပါကြောင်း မှတ်တမ်းတင်ဂုဏ်ပြုခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၊ ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တကုသလ (အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်သံဃာ့ဗဟိုဝန်ဆောင်)ဆရာတော်ကြီး၏ သက်တော် (၇၇)နှစ်ပြည့် ဝိဇာတမင်္ဂလာအထိမ်းအမှတ်အဖြစ် မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်၊ ဥဒိန်ကျေးရွာ၊ အခြေခံပညာတွဲဖက်အထက်တန်းကျောင်းအတွင်း၌ ပညာပါရမီကျောင်းဆောင်သစ် (၃ခန်း×၁၀ခန်း)အား ဆောက်လုပ်လှူဒါန်းခဲ့ခြင်းအတွက် ဆရာတော်ကြီးအား ကျောင်းအုပ်ဆရာကြီးနှင့်တကွ ဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်လူကြီးမင်းများနှင့် ကျေးရွာဒါယကာ၊ ဒါယိကာမများမှ အထူးကျေးဇူးတင်ပါကြောင်းနှင့် ဝမ်းမြောက်ပါကြောင်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

ကျောင်းအုပ်ဆရာကြီးနှင့်
ဆရာ ဆရာမများ၊
ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊
ကျေးရွာဒါယကာ၊ ဒါယိကာမများ

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၂ယ/၄၂၇၃၂ Jialing 90 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ငွေငွေဝင်း ၉/မဟမ(နိုင်)၀၂၁၇၉၇ က (ကမ-၃)ပျောက် မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

ပြင်ဦးလွင်မြို့၊ ထုံးဘိုကျေးရွာအုပ်စု၊ နောင်လုံးကွင်း၊ ကွင်းအမှတ် (၇၀၂)၊ ဦးပိုင်အမှတ် (N/၁၄-၁)နှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊သာကေတမြို့နယ်၊၃/ရန်ပြေရပ်ကွက်၊ ရန်အောင်လမ်း၊ အိမ်အမှတ် ၁၀ နေ ဦးမင်းဟိန်းကျော်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ထုံးဘိုကျေးရွာအုပ်စု၊ ကွင်းအမည် နောင်လုံးကွင်း၊ ကွင်းအမှတ် ၇၀၂၊ ဦးပိုင်အမှတ်(N/၁၄-၁)၊ မြေဧရိယာ ၂၀ဒသမ၁၆ဧကရှိ မြေနှင့်မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်များအား သီးစားအမည်ပေါက်ပိုင်ဆိုင်သော ဦးမောင်လူထံမှ ဦးမင်းဟိန်းကျော်က ဝယ်ယူသီးစားအမည်ပေါက် လက်ရှိပိုင်ရှင်ဖြစ်ပါသည်။ အဆိုပါမြေအတွင်းသို့ ဝင်ရောက်ကျူးကျော်ခြင်း၊ ဖျက်ဆီးခြင်း၊ ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လွှဲပြောင်းခြင်း၊ မြေစာရင်းပုံစံ (၁၀၅) (၁၀၆) ရေးကူးခြင်းများမပြုလုပ်ကြပါရန်နှင့် ပြုလုပ်ပါက ကျူးလွန်သူအမှုသည်မှ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးမင်းဟိန်းကျော်၏လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်သာ LL.B
တရားလွှတ်တော်ရှေ့နေ
အမှတ် ၁၂၈၊ ၈လမ်း၊ (၇)ကွက်၊ ပြင်ဦးလွင်မြို့၊
ဖုန်း-၀၉-၂၀၄၅၈၇၅၊ ၀၉-၄၇၂၁၅၉၀၂၊ ၀၈၅-၂၃၂၄၁

နောင်ချိုမြို့နယ်၊ ကုန်းကြီးရွာမကျေးရွာအုပ်စု၊ ပင်စုံတောင်ကွင်း၊ ကွင်းအမှတ် ၁၆၂၊ ဦးပိုင်အမှတ်(၃)နှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၃/ရန်ပြေရပ်ကွက်၊ ရန်အောင်လမ်း၊ အိမ်အမှတ်(၁၀)နေ ဦးမင်းဟိန်းကျော်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ကျောက်မဲခရိုင်၊ နောင်ချိုမြို့နယ်၊ ကုန်းကြီးရွာမကျေးရွာအုပ်စု၊ ကွင်းအမည်-ပင်စုံတောင်ကွင်း၊ ကွင်းအမှတ် ၁၆၂ ၊ ဦးပိုင်အမှတ်(၃)၊ ရွာမြေ+ယာမြေ၊ မြေဧရိယာ ၂ဒသမ၉၉ဧကရှိ မြေနှင့်မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်များအား ဦးမင်းဟိန်းကျော်သည် သီးစားအမည်ပေါက် လက်ရှိပိုင်ရှင်ဖြစ်ပါသည်။ အဆိုပါမြေအတွင်းသို့ ဝင်ရောက်ကျူးကျော်ခြင်း၊ ဖျက်ဆီးခြင်း၊ ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လွှဲပြောင်းခြင်း၊ မြေစာရင်းပုံစံ (၁၀၅) (၁၀၆)ရေးကူးခြင်းများ မပြုလုပ်ကြပါရန်နှင့် ပြုလုပ်ပါက ကျူးလွန်သူအမှုသည်မှ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးမင်းဟိန်းကျော်၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်သာ LL.B
တရားလွှတ်တော်ရှေ့နေ
အမှတ် ၁၂၈၊ ၈လမ်း၊ (၇)ကွက်၊ ပြင်ဦးလွင်မြို့၊
ဖုန်း-၀၉-၂၀၄၅၈၇၅၊ ၀၉-၄၇၂၁၅၉၀၂၊ ၀၈၅-၂၃၂၄၁

ကြော်ငြာ

အမှတ်(၁)ပလတ်စတစ်စက်ရုံ(ရန်ကုန်)မှ ပလတ်စတစ်ပစ္စည်းများ ရောင်းချရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (မြန်မာကျပ်ငွေဖြင့်)

၁။ **ရောင်းချမည့်ပစ္စည်းအမည်** - ပလတ်စတစ်အိတ်ကျူနှင့်ပုံသွင်းပစ္စည်းများ

၂။ **တင်ဒါပိတ်ရက်နှင့်အချိန်** - ၁၄-၃-၂၀၁၃ ရက် ၁၆း၀၀ နာရီ

၃။ **ဈေးနှုန်းတင်သွင်းရမည့်နေရာ** - စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် ၃၇၊ နေပြည်တော်

တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များနှင့် ပစ္စည်းစာရင်း အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

	တယ်လီဖုန်းအမှတ်
ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း(ရုံးချုပ်)	**ဖုန်း-၀၆၇-၄၀၈၃၇၇**
ရောင်းချဖြန့်ဖြူးရေးဌာန	**ဖုန်း-၀၆၇-၄၀၈၃၈၁**

ပါးပါးအတွက် မွေးနေ့ဆုတောင်း

မတ် (၁)ရက်တွင် ကျရောက်တဲ့ ပါးပါးရဲ့ မွေးနေ့မှသည် သမီးတို့မိသားစုနှင့်အတူ ထာဝရပျော်ရွှင်ချမ်းမြေ့ပါစေ ဆုတောင်းလျက် -

ပါပါးရဲ့တစ်ဦးတည်းသော
ချစ်သမီးလေး - ပုံ့ပုံ့

အိတ်ဖွင့်လေလံခေါ်ယူခြင်း

၁။ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းကြီးကြပ်မှုအောက်ရှိ အမှတ်(၁)ရေနံချက်စက်ရုံ(သန်လျင်)၊ ဗိုလ်ချုပ်စက်ကန် အမှတ်(၃)မှ အနက်ပေ ၃ဒသမ၅ပေ၊ မြေကျင်းပေါင်း ၃၀၄၅၁ ကျင်းတူးဖော်၍ မြေကြီးရယူခြင်း လုပ်ငန်းဆောင်ရွက်နိုင်ရန် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** -၄-၃-၂၀၁၃ ရက်မှ ၁၂-၃-၂၀၁၃ ရက်အထိ (ရုံးချိန်အတွင်း)

၃။ **တင်ဒါပုံစံရောင်းချမည့်နေရာ** -(က)ဘဏ္ဍာရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ရုံးအမှတ် ၄၄၊ နေပြည်တော်
-(ခ) ဘဏ္ဍာရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း အမှတ် ၇(က)၊ သန်လျက်စွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့

၄။ **တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက်** -၁၂-၃-၂၀၁၃ ရက်(အင်္ဂါနေ့)
အချိန်နှင့်နေရာ -၁၂း၀၀ နာရီ၊ ရုံးအမှတ် ၄၄၊ နေပြည်တော်
တင်ဒါဖွင့်လှစ်မည့်နေ့ရက်နှင့်အချိန် -၁၂-၃-၂၀၁၃ ရက်၊ ၁၃း၀၀ နာရီ

၅။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၁၁၃၄၉၊ ၀၆၇-၄၁၁၁၂၂၊ ၀၆၇-၄၁၁၀၉၅ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

လေလံတင်ရောင်းချရေးအဖွဲ့
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ နေပြည်တော်

အမည်မှန်

တောင်ကြီးမြို့၊ အလက(၂)၊ ဆဋ္ဌမတန်း(ခ)မှ ခွန်ကျော်ဇေယျလင်း၏ အမည်မှန်မှာ ခွန်ကျော်ဇေယျာလင်း ဖြစ်ပါကြောင်း။

ခွန်ကျော်ဇေယျာလင်း

ဖခင်အမည်မှန်

တောင်ကြီးမြို့၊ အလက(၂)၊ ဆဋ္ဌမတန်း (ခ)မှ ခွန်ကျော်ဇေယျာလင်း၏ ဖခင်အမည်မှန်မှာ ဦးနေလင်းထက် ၇/လပတ(နိုင်)၀၆၄၄၂၉ ဖြစ်ပါကြောင်း။

ဦးနေလင်းထက်

လက်ထပ်ထိမ်းမြားပြီးစီးကြောင်း

ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်၊ ကူတောင်ကျေးရွာနေ
(ဦးဝင်းမောင်)-ဒေါ်စောညွန့်ဝေ တို့၏ တစ်ဦးတည်းသောသား
မောင်ဇော်ဝင်းမောင်
နှင့်
ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ကျောင်းတက်လမ်းရပ်ကွက်၊ ဂေါက်ရှီလမ်း၊ အိမ်အမှတ် ၂၀၄ နေ
ဦးမောင်ညွန့်စိန်-ဒေါ်အေးခင်နုတို့၏ သမီးကြီး၊
ဦးလှအေးမောင် (Managing Director, Araken Business Coporation, Tokyo, Japan)-
ဒေါ်မီမီသန်း(Tokyo, Japan) တို့၏တူမငယ်၊
ကိုအောင်သန်းဌေး (Meji University, Tokyo, Japan)၊
ကိုအောင်သန်းနိုင်(ခေတ္တ-တိုကျို၊ဂျပန်)၊ မသန်းသန်းဝေ(Shinjuku International Exehange School Tokyo, Japan) တို့၏ညီမငယ်၊ မခင်မာဌေး(Sundai Computer College, Tokyo, Japan)၊
မခင်ညွန့်လှိုင် B.A (English)၊ မောင်ခင်အောင်ဌေး (2^{nd} Year, GTC-စစ်တွေ)တို့၏အစ်မ
မခင်နှင်းဝေ B.A (History)

တို့သည် နှစ်ဖက်သောမိဘဆွေမျိုးများ၏ရှေ့မှောက်တွင် ၂၃-၂-၂၀၁၃ ရက်က ရခိုင်ဓလေ့ထုံးတမ်းစဉ်လာအရ လက်ထပ်ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ဇော်ဝင်းမောင်-မခင်နှင်းဝေ

မိုးကုတ်ဝိပဿနာတရားစခန်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ငါးထပ်ကြီး မြောက်ရပ်ကွက်၊ ရွှေဂုံတိုင်လမ်း၊ လိပ်ပြာကန်တိုက် အတွင်းရှိ မြတ်တံခွန်စာသင်တိုက်တွင် ၁၃၇၄ ခုနှစ်၊တပို့တွဲလပြည့်ကျော် ၈ရက်မှ တပို့တွဲ လပြည့်ကျော် ၁၄ရက် (၅-၃-၂၀၁၃ရက်မှ ၁၁-၃-၂၀၁၃ရက်)အထိ ခုနစ်ရက်တရားစခန်းဖွင့်လှစ်ပါမည်။တရားစခန်းဝင်လိုသောယောဂီများသည် မြတ်တံခွန်စာသင်တိုက်သို့ စာရင်းပေးသွင်းနိုင်ကြပါသည်။ **(ဆွမ်းစရိတ်ခမ္ဘဒါနပြုပါမည်။)**

မြတ်တံခွန်စာသင်တိုက်တွင် ခြောက်ထပ်သိမ်ကျောင်း ဓမ္မာရုံတော်ကြီး ဆောက်လုပ်ပါမည်။ (၃၁၅၇၃)စတုရန်းပေ ရှိပါမည်။တစ်စတုရန်းပေလျှင် ကျပ်၂၅၀၀၀ နှုန်းဖြင့် အလှူရှင်များ၊ ကမ္ပည်းတင်၍ လှူဒါန်းနိုင်ပါသည်။

မြတ်တံခွန်စာသင်တိုက်
ဖုန်း-၀၉-၅၁၁၉၉၇၀၊ ၀၉-၇၃၁၄၇၁၄၃

ကန့်ကွက်နိုင်ပါကြောင်း

ဦးတင်အောင်၁၃/ကလန(နိုင်)၀၀၈၇၄၂-ဒေါ်စုစုထွေးဟု အမည်ပေါက်သော အမှတ် ၈၈၊ ဓမ္မပါလလမ်း၊ အမှတ် ၉ ကွက်သစ်ရပ်ကွက်၊ ကလောမြို့နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်းဟုခေါ်တွင်သော အလျား ပေ၅၀×အနံ ပေ၁၀၀ရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အအုံ အပါအဝင်အား ဒေါ်ကြူကြူသင်း ၉/သစန(နိုင်)၀၁၁၂၀၁၊ အမှတ် (၅)ရပ်ကွက်၊ သာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီးထံမှ ဦးထွန်းတင့် ၉/မရမ(နိုင်)၀၈၂၆၁၃၊ ၃/၆၂၊ သဇင်လမ်း၊ အထက(၂) အနီး၊ ကလောမြို့နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်းကဝယ်ယူမည်ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက အထောက်အထား ပြည့်စုံစွာဖြင့် ယခုကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ဦးစီးဌာနမှူးရုံး၊ မြေစာရင်းဦးစီးဌာန၊ ကလောမြို့နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်းသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

အမွေဆက်ခံရန် သက်သေခံလက်မှတ်ရစေခြင်းငှာ လျှောက်ထားကြောင်း

အကြောင်းကြားစာ

(အမွေဆက်ခံရန် သက်သေခံလက်မှတ်စာ အက်ဥပဒေပုဒ်မ-၃၇၃)
တောင်ကြီးခရိုင်တရားရုံး
၂၀၁၃ ခုနှစ်၊ တရားမ အထွေထွေမှုအမှတ်-၆
ကွယ်လွန်သူ ဦးထွန်းအောင်၌ ကျန်ရှိရစ်သော ပစ္စည်းအကြောင်း

ဒေါ်နန်းကွယ် **လျှောက်သူ**

တောင်ကြီးမြို့၊ ရွှေတောင်ရပ်ကွက်၊ ဂန္ဓမာလမ်း၊ အိမ်အမှတ် ရ/၁၀၁ နေ ဒေါ်နန်းကွယ်က ကွယ်လွန်သူဦးထွန်းအောင်၏ သမီးဖြစ်သည်ဟူ၍ တောင်ကြီးမြို့၊ ရွှေတောင်ရပ်၊ ဂန္ဓမာလမ်း၊ အိမ်အမှတ် ရ/၁၀၁နေ ကွယ်လွန်သူ ဦးထွန်းအောင်မှာ ကျန်ရှိရစ်သော ပစ္စည်းပိုင်နက်ရရန်ရှိသော ကြွေးမြီများကို ကောက်ခံရန် အမွေဆက်ခံရန် သက်သေခံလက်မှတ်စာ အက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သော လျှောက်ထားကြောင်းကို အများလူတို့သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဦးထွန်းအောင်မှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူ လူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၃ ခုနှစ် မတ် ၂၂ ရက် (၁၃၇၄ခုနှစ် တပေါင်းလဆန်း ၁၁ ရက်)တွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်သူ ဒေါ်နန်းကွယ်၏လျှောက်ချက်ကို ကြားနာ၍ လက်မှတ်ရသင့်မရသင့်သည့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(လှသောင်းရီ)
ဒုတိယခရိုင်တရားသူကြီး(၂)
တောင်ကြီးခရိုင်တရားရုံး



တစ်ဦးတည်းဖြစ်ပါကြောင်း

မြိတ်တက္ကသိုလ်နောက်ဆုံးနှစ် ခုံအမှတ် ၃/သခ-၃၁(သင်္ချာအဓိက)ဖြင့် အောင်မြင်ခဲ့သော မဝတ်ရည်နှင်း၏ ဖခင်အမည်မှာ ဦးထွန်းရင်(ခ)ထူးရင်ဖြစ်ပါကြောင်း။

ဦးထွန်းရင်(ခ)ထူးရင်
၆/မအရ(နိုင်)၀၂၄၀၅၃

အမည်မှန်

တောင်ကြီးမြို့၊အလက(၂)၊ ဆဋ္ဌမတန်း (ခ)မှ ခွန်မောင်ဒွတ်၏ အမည်မှန်မှာ ခွန်မောင်းဒွတ်ဖြစ်ပါကြောင်းနှင့် ဖခင်အမည်မှန်မှာ ဦးခွန်မောင်တူး ၁၃/ဆဆန(နိုင်) ၀၃၅၂၅၁ ဖြစ်ပါကြောင်း။ **ဦးခွန်မောင်တူး**

ကန့်ကွက်နိုင်ပါကြောင်း

ကျွန်မ ဒေါ်နန်းခမ်းအောင် ၁၃/လခန(နိုင်)၀၂၇၃၃၉သည် တာချီလိတ်မြို့၊ ဆန်ဆိုင်း(ထက်) ရပ်ကွက်၊ သဇင် ၃ လမ်းရှိ မြေကွက်အလျား ပေ ၈၀×အနံပေ၆၀ရှိ မြေကွက်အား ရှန်မော် ၁၃/မဖတ(နိုင်)၀၃၉၉၄၉ ထံမှ ဝယ်ယူခဲ့ပါသည်။ ယင်းမြေကွက်အား မြေငှား ဂရန်လျှောက်ထားရန်အတွက် ပုံစံ(၁၀၅)ရေးကူးခွင့်လျှောက်ထားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများ သတင်းစာကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဒေါ်နန်းခမ်းအောင်
၁၃/လခန(နိုင်)၀၂၇၃၃၉

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော် ပျဉ်းမနားမြို့နယ်၊ ရန်အောင်(၂)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၃၊ ဂုဏ်တန်မြောက်၊ ဦးပိုင်အမှတ် ၂၉^ခ၊ ဧရိယာ ၀ဒသမ၀၆၅ဧကရှိ ဒေါ်ရန်ပါ-၃၊ အမည်ဖြင့်ပိုင်ဆိုင်သော ဘိုးဘွားပိုင်မြေကွက်အား ဦးအေးကျော် ၉/ပမန(နိုင်)၀၀၀၅၈၇ (ဘ) ဦးတင်မြင့်က ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး ဘိုးဘွားပိုင်မြေကွက်အမည်ပြောင်း လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာ



ပုညာရာမမိုးကုတ်ဝိပဿနာကျောင်းတိုက်ကြီး၏
နှစ်စဉ်ကျင်းပမြဲ သင်္ကြန်အထူး(၁၀)ရက်တရားစခန်းပွဲ
ရဟန်း ၁၀၈ပါး၊ သာသနာ့နွယ်ဝင်သီလရှင် အပါး ၇၀ ဝတ်ပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၉)ရပ်ကွက်၊ နဝရတ်လမ်း၊ ပုညာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက်၏ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်၏ ဥပနိဿယကိုခံယူလျက် ဆရာတော်အရှင်ပုညာနန္ဒ၏ ဉာဏ်မီသမျှ ဟောကြားပြသခဲ့သော အလုပ်ပေးတရားတော်များ၊ ခန္ဓာဉာဏ်ရောက် သစ္စာတရားတော်များနှင့် တကွ နယ်လှည့်ဓမ္မကထိက ဆရာတော်များ၏ ကြွရောက်ချီးမြှင့်ပေးတော်မူသော သစ္စာတရားတော်များ နာယူကျင့်ကြံ အားထုတ်နိုင်ရန် ၁၃-၄-၂၀၁၃ ရက်တွင်ကျင်းပမည့် သင်္ကြန်အထူးတရားစခန်းဝင်လိုသူများ ၆၀၀ ဦးမျှသာ သတ်မှတ်ထားပါသဖြင့် ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။

ဖုန်း-၀၁-၅၅၃၃၃၀၊ ၀၁-၅၅၁၁၇၂၊ ၀၉-၅၀၁၃၂၉၇

စီးပွားရေးတက္ကသိုလ် (ရန်ကုန်)
1st Batch ဘွဲ့ရ (၁၉၆၅-၆၆) ကျောင်းသား ကျောင်းသူဟောင်းများ၏
ဒုတိယအကြိမ်ဆရာကန်တော့ပွဲ

၂၀၁၃ခုနှစ် မတ် ၃၀ရက် (စနေနေ့) နံနက် ၉ နာရီ WESTERN PARK RESTAURANT (သခင်မြပန်းခြံ)၌ ဆရာကန်တော့ပွဲကျင်းပပါမည်။ သီးခြားဖိတ်စာမပို့ပါ။ အလှူငွေထည့်ဝင်နိုင်ရန် အောက်ပါပုဂ္ဂိုလ်များနှင့် ဆက်သွယ်လှူဒါန်းနိုင်ပါသည်။ ၁၉၆၅-၆၆ ဘွဲ့ရများအားလုံး မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားပါသည်။

ဦးအောင်သိန်း (A.E)ဖုန်း-၀၉-၅၀၀၁၆၁၉၊ ဦးစိုးတင့်အောင် (P.D)ဖုန်း-၀၉-၅၀၁၁၅၅၁၊ ဒေါ်သန်းတင့် (P.D)ဖုန်း-၆၆၇၇၉၃၊ ဒေါ်ကြည်ကြည်မြိုင် (A.E)ဖုန်း-၆၆၇၄၈၀၊ ဒေါ်နွဲ့နွဲ့ဌေး (A.A)ဖုန်း-၅၅၅၂၉၃၊ ဒေါ်ခင်အေးနွယ် (A.A)ဖုန်း-၅၅၇၇၆၄၊ ဒေါ်ခင်ခင်စု (A.A) ဖုန်း-၅၅၅၂၇၇၊ ဦးခင်မောင်လွင် (I.T)ဖုန်း-၀၉-၅၃၅၂၁၂၇၊ ဒေါ်ကြည်ကြည်သော် (I.T) ဖုန်း-၅၇၃၀၉၀၊ ဦးသန်းထွန်း (A.S)ဖုန်း-၃၉၂၁၄၅၊ ဒေါ်ခင်ခင်ညွန့် (M.S)ဖုန်း-၂၁၂၈၈၂။

ဖြစ်မြောက်ရေးအဖွဲ့

မြန်မာနိုင်ငံရေကြောင်းအင်ဂျင်နီယာအသင်း သင်းလုံးကျွတ်အစည်းအဝေးနှင့် ညစာစားပွဲဖိတ်ကြားလွှာ

မြန်မာနိုင်ငံရေကြောင်းအင်ဂျင်နီယာအသင်း၏ (၂၇)နှစ်ပြည့် သင်းလုံးကျွတ်အစည်းအဝေးနှင့် ညစာစားပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ မြန်မာနိုင်ငံရေကြောင်းအင်ဂျင်နီယာများအားလုံး(လျှပ်စစ်အင်ဂျင်နီယာများအပါအဝင်)မပျက်မကွက်တက်ရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

ရက်စွဲ - ၂-၃-၂၀၁၃ရက် (စနေနေ့)
အချိန် - ညနေ (၅:၃၀)နာရီတွင် အစည်းအဝေးစတင်ပြီး၊ အစည်းအဝေးပြီးလျှင် ညစာဖြင့်ဧည့်ခံပါမည်။
နေရာ - Eagle Garden ခန်းမ၊ ဝေဇယန္တာလမ်းနှင့်လေးထောင့်ကန်လမ်းထောင့် (သုဝဏ္ဏစကိတ်ကွင်း)

ညစာစားပွဲလက်မှတ်များအား-(၁) မြန်မာနိုင်ငံရေကြောင်းအင်ဂျင်နီယာအသင်းရုံးခန်း၊ အမှတ် (၁၅၂/၁၅၄)၊ လေးလွှာ၊ ၄၆လမ်း (ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့်အနော်ရထာလမ်းကြား)၊ ဖုန်း-၀၉-၇၃၂၃၈၀၁၇၊ ၀၉-၄၉၇၆၂၁၇၇
(၂) Win Pacific Co.,Ltd. အမှတ်(၆၀၄)၊ ခြောက်လွှာ၊ အိုလံပစ်တာဝါ၊ ဗိုလ်အောင်ကျော်လမ်းနှင့်မဟာဗန္ဓုလလမ်းထောင့်၊ ဖုန်း-၀၁-၃၈၂၇၃၃တို့တွင် ဝယ်ယူနိုင်ပါသည်။

အစည်းအဝေးသို့ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန် လေးစားစွာပန်ကြားအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံရေကြောင်းအင်ဂျင်နီယာအသင်း

တောင်မြေကြီးနှင့် ခြံဖို့ခြင်း၊ မြေနိမ့်များအား မြေပြင်ခြင်း၊ ဖို့ခြင်းများကို သက်သာစွာ အပြီး ပြုလုပ်ပေးမည်။ **ဖုန်း-၀၉-၇၃၀၉၁၆၄၂**

ပြင်ဆင်ဖတ်ရှုပါရန်

၂၅-၂-၂၀၁၃ရက် မြန်မာ့အလင်း သတင်းစာ စာမျက်နှာ ၁၆တွင်ပါရှိသော အများသိစေရန်ကြော်ငြာတွင် မောင်နီကိုကို ဦး ၈/ပခန(နိုင်)၁၄၆၇၅၈အစား ၈/ပခက (နိုင်)၁၄၆၇၅၈ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ပျောက်ဆုံးခြင်း

၃က/၇၂၆၁၏ အခွန်ကျေပုံစံ(၁) အစိမ်းရောင်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၁၉၂၄၅၃

Asia Green Co.,Ltd. သိစေရန်
အမှတ် (၁၁၀၅/၁၁၀၈)ငွေလရောင်တာဝါ၊ ရွှေဟသာအိမ်ရာ (၆½)မိုင်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့

ကျွန်ုပ်တို့၏မိတ်ဆွေ Two Fish Services Co.,Ltd. ဒါရိုက်တာအဖွဲ့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

Asia Green Co.,Ltd. သည် သစ်လုံးများသယ်ယူရန် ကျွန်ုပ်တို့၏မိတ်ဆွေ Two Fish Services Co.,Ltd. ထံမှ မော်တော်ယာဉ်များကို ၁၆-၇-၂၀၁၁ရက်မှ ၁၀-၁-၂၀၁၂ ရက်အထိ ငှားရမ်းအသုံးပြုခဲ့ပြီး Asia Green Co.,Ltd. မှ ကျွန်ုပ်တို့၏မိတ်ဆွေ Two Fish Services Co.,Ltd. သို့ မော်တော်ယာဉ်ငှားရမ်းခကျန်ငွေ ၁၁၂၂၈၁၃၄၄/- ပေးချေရန် ကျန်ရှိနေပါသည်။

မော်တော်ယာဉ်ငှားရမ်းခငွေများနှင့်ပတ်သက်၍ ၂-၁၁-၂၀၁၂ရက်တွင် Asia Green Co.,Ltd. ရုံးခန်းတွင် ကျွန်ုပ်တို့မိတ်ဆွေ Two Fish Services Co.,Ltd. မှ အထွေထွေမန်နေဂျာအပါအဝင် တာဝန်ရှိသူများနှင့် Asia Green Co.,Ltd. မှ ငွေစာရင်းဌာနမှ တာဝန်ရှိသူများ မော်တော်ယာဉ်ငှားရမ်းခကျန်ငွေများ မှန်ကန်ကြောင်း အတည်ပြုစာရင်းတိုက်ဆိုင်စစ်ဆေးပြီး လက်မှတ်ရေးထိုးထားပါသည်။

Asia Green Co.,Ltd. ထံသို့ ကျွန်ုပ်တို့၏မိတ်ဆွေ Two Fish Services Co.,Ltd. မှ မော်တော်ယာဉ်ငှားရမ်းခ ကျန်ငွေများနှင့်ပတ်သက်၍ ဖုန်းဖြင့်လည်းကောင်း၊ စာဖြင့်လည်းကောင်း၊ အကြောင်းကြားတောင်းဆိုခဲ့သော်လည်း ယနေ့တိုင်ပေးချေခြင်းမရှိသေးပါ၍ မော်တော်ယာဉ်ငှားရမ်းခကျန်ငွေ ၁၁၂၂၈၁၃၄၄/- ကို ဤကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း Two Fish Services Co.,Ltd. သို့ မပျက်မကွက်လာရောက်ပေးချေရန် တောင်းဆိုလိုက်ပြီး သတ်မှတ်ရက်ကျော်လွန်ပါက တရားဥပဒေနှင့်အညီ ထိရောက်စွာ တရားစွဲဆိုရန် လွှဲအပ်ညွှန်ကြားထားပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

